

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ

# မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ
# လက်စွဲစာအုပ်



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ
## လက်စွဲစာအုပ်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ

# မာတိကာ

## အခန်း (၁) ရွေးကောက်ပွဲနှင့် မဲရုံဆိုင်ရာ ကိစ္စရပ်များ


၁.၁။ မြန်မာနိုင်ငံ ရွေးကောက်ပွဲ ...... ၁
၁.၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ ...... ၂
၁.၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ၏ တာဝန်ဝတ္တရားများ ...... ၃
၁.၄။ မဲရုံအဖွဲ့ဝင်များခန့်အပ်ခြင်း ...... ၅
၁.၅။ ပြီးခဲ့သည့်အထွေထွေရွေးကောက်ပွဲ အတွေ့အကြုံများအရ သတိပြုရန် အချက်များ ...... ၆
၁.၆။ မဲရေတွက်ခြင်းနှင့် မဲရလဒ်ဆိုင်ရာ သတိပြုရန်များ ...... ၇
၁.၇။ မဲရုံအဖွဲ့၏ တာဝန်များ ...... ၈
၁.၈။ မဲရုံတည်နေရာနှင့် မဲရုံအခင်းအကျင်း ကြိုတင်ပြင်ဆင်မှုများ ...... ၂၁
၁.၉။ မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်ရှိသူများ ...... ၃၀


## အခန်း (၂) ရွေးကောက်ပွဲနေ့ပြင်ဆင်မှု


၂.၁။ ကြိုတင်ပြင်ဆင်မှုများ ...... ၃၃
၂.၂။ မသန်စွမ်းသူများနှင့် အကူအညီလိုအပ်သူ မဲဆန္ဒရှင်များ မဲပေးခြင်း ...... ၄၇
၂.၃။ မသန်စွမ်းသူများနှင့် အကူအညီလိုအပ်သူ မဲဆန္ဒရှင်များ မဲပေးခြင်းဆိုင်ရာ စစ်ဆေးရမည့်အချက်များ ...... ၄၉


## အခန်း (၃) ရွေးကောက်ပွဲကျင်းပသည့်နေ့


၃.၁။ ရွေးကောက်ပွဲနေ့ ...... ၅၁
၃.၂။ မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့် ...... ၅၁
၃.၃။ ဆောင်ရန် ...... ၅၇
၃.၄။ ရှောင်ရန် ...... ၅၇
၃.၅။ မဲရုံပိတ်ခြင်းနှင့် ဖွင့်ခြင်း ...... ၅၈
၃.၆။ မဲပေးခြင်းလုပ်ငန်းစဉ်အတွက် စစ်ဆေးရမည့်အချက်များ ...... ၅၉


## အခန်း (၄) မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း


၄.၁။ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း ...... ၆၁

၄.၂။ မဲရေတွက်မည့်သူများ ......................................................................................................... ၆၁
၄.၃။ မဲရုံပိတ်ချိန်တွင် မဲရေတွက်မည့်သူများ ..................................................................................... ၆၂
၄.၄။ ခိုင်လုံမဲ၊ ပယ်မဲသတ်မှတ်ချက်များနှင့် နမူနာပုံစံများ ..................................................................... ၆၇
၄.၅။ မဲရေတွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့် ....................................................................................... ၇၇
၄.၆။ မဲရုံအတွင်းရေတွက်ရရှိသော ဆန္ဒမဲရလဒ် .................................................................................. ၇၈
၄.၇။ မဲရေတွက်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ .................................................................. ၇၉
၄.၈။ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်းတိုက်ဆိုင်စစ်ဆေးရန်စာရင်း ......................................................... ၈၃

## အခန်း (၅) ရွေးကောက်ပွဲနေ့လုံခြုံရေး

၅.၁။ ရွေးကောက်ပွဲနေ့လုံခြုံရေး ..................................................................................................... ၈၆
၅.၂။ စိုးရိမ်ရန်ရှိသော အခြေအနေနှင့် ထူးခြားဖြစ်စဉ် .............................................................................. ၈၇

## အခန်း (၆) အထွေထွေ

၆.၁။ လိုက်နာဆောင်ရွက်ရမည့် အချက်များ ........................................................................................ ၈၉
၆.၂။ သတင်းရယူခြင်း ..................................................................................................................... ၉၀
၆.၃။ တာဝန်အသီးသီးခွဲဝေချထားရေး လေ့ကျင့်ခန်း .............................................................................. ၉၁



# အမှာစာ


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် ဤလက်စွဲစာအုပ်ကို ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန် ပြုစုနိုင်ခြင်းကို အထူးဝမ်းမြောက်မိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ လွတ်လပ်၍ တရားမျှတပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့်အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လုပ်ငန်းလမ်းညွှန်များကို ပြုစုထားပြီး ဖြစ်ပါသည်။ ထို့အပြင် အဆင့်ဆင့်သောရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် တာဝန်ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် တာဝန်ယူကူညီပေးကြသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် များအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်အား လွယ်ကူစွာ သိရှိနားလည်စေရန် ရည်ရွယ်၍ ယခုလက်စွဲ စာအုပ်ကို ထပ်မံပြုစုခြင်း ဖြစ်ပါသည်။

ဤလက်စွဲစာအုပ်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအနေဖြင့် မဲရုံလုပ်ငန်းစဉ်များကို လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ပြီး၊ လုပ်ငန်းစဉ်များအား နားလည်တတ်ကျွမ်းကာ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေဘဲ အထောက်အကူများစွာပြုမည်ဟု မျှော်လင့်ပါသည်။

ဤလက်စွဲစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လက်စွဲစာအုပ်ဖြစ်မြောက်ရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှပံ့ပိုးပေးမှုများအား အထူးကျေးဇူးတင်ရှိပါသည်။ ဤလက်စွဲစာအုပ်သည်လာမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ရေး အတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေမည်ဟု အပြည့်အဝယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။



ဦးလှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဆက်သွယ်ရန်ဖုန်းနံပါတ်များ

အောက်ဖော်ပြပါဇယားသည် မဲရုံအဖွဲ့ဝင်များအတွက် အမည်စာရင်းနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ မှတ်သားထားနိုင်ရန်ဖြစ်ပါသည်။

(ဥပမာအားဖြင့်။ ။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများ၏ ဖုန်းနံပါတ်များ၊ ရဲအရာရှိ သို့မဟုတ် မဲရုံလုံခြုံရေး၏ ဖုန်းနံပါတ်တို့ဖြစ်ပါသည်။)

| အမည် | ရာထူး | ဖုန်းနံပါတ်များ |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

## ၁.၁။ မြန်မာနိုင်ငံရွေးကောက်ပွဲ


ရွေးကောက်ပွဲများသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပြီး ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာရေး အတွက်လည်းများစွာ အဓိကကျပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီ စနစ်ကို ကျင့်သုံးရန် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းအတည်ပြုခဲ့ပါသည်။ ပါတီစုံဒီမိုကရေစီစနစ် သတ်မှတ်ခဲ့သဖြင့် လွှတ်တော်(၃)ရပ်နှင့်အစိုးရအဖွဲ့ဖွဲ့စည်းရန်၊ လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို ကျင်းပရခြင်း ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများနှင့် ၂၀၁၂ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပပေး ခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် သက်တမ်းကို (၅)နှစ်သတ်မှတ်ထားပါသဖြင့် ရွေးကောက်ပွဲများအား (၅)နှစ်တစ်ကြိမ် ကျင်းပပေးရမည် ဖြစ်ပါသည်။ နိုင်ငံတော်တွင်လက်ရှိ အသုံးပြုလျက် ရှိသော ရွေးကောက်ပွဲစနစ်မှာ First-past-the-post (မဲများသူ အနိုင်)စနစ်ဖြစ်ပြီး ပြည်သူ့လွှတ်တော်(၃၃၀)ဦး၊ အမျိုးသားလွှတ်တော်(၁၆၈)ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (၆၄၄)ဦးအစရှိသည့် ကိုယ်စားလှယ်နေရာများအား မဲဆန္ဒရှင် ပြည်သူများ၏ဆန္ဒအရ ရွေးချယ်တင်မြှောက်နိုင်ရန် ရွေးကောက်ပွဲများကို ကျင်းပပေးခြင်းဖြစ်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသော သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများ အနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမ တစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာကသတ်မှတ်သော တိုင်းရင်းသားလူမျိုး အသီးသီးအတွက် လူမျိုးတစ်မျိုးလျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရ မည်ဖြစ်၍ ယင်းတိုင်းရင်းသားလူမျိုး တစ်မျိုးစီအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုလုံးကို မဲဆန္ဒနယ် တစ်နယ်စီအဖြစ် သတ်မှတ်ကြေညာပေးရမည်။

သက်ဆိုင်ရာလွှတ်တော်အသီးသီးတွင် ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း များသည်လည်း ရွေးကောက်ပွဲတွင် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၃ အရ လွှတ်တော် တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပြီး မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက် တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။ ထို့အတူ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်နေရာအသီးသီး တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉(ခ)၊ ၁၄၁(ခ)နှင့် ၁၆၁(ဃ)တို့အရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁၀)ဦး၊ တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ် (၅၆)ဦးနှင့် တပ်မတော်သား တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၂၂) ဦးတို့ကိုလည်း ထပ်မံဖြည့်စွက်၍ ရေတွက်ရမည်ဖြစ်သည်။

## ၁.၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ



## ၁.၃။ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် အောက်ဖော်ပြပါ တာဝန်ဝတ္တရားများကို လိုက်နာ ရမည် -

(က) ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းရမည်။

(ခ) လျှို့ဝှက်ဆန္ဒမဲ ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင် ထုတ်ပြန်ခွင့်ပြုသော သတင်းအချက်အလက်များကိုသာမျှဝေရမည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တရားဝင် ထုတ်ပြန်ခွင့်ပြုသော သတင်းအချက် အလက်များမှ တစ်ပါးအခြားမည်သည့် သတင်းအချက်အလက်မှ ပေါက်ကြားခြင်းမရှိစေရ။

(ဃ)ရွေးကောက်ပွဲတွင် မည်သည့်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲဆွယ်ခြင်း၊ ဘက်လိုက်ခြင်း မပြုဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ရမည်။

(င) တစ်စုံတစ်ဦးသည် မဲရုံတွင် မဖွယ်မရာပြုလျှင် (သို့မဟုတ်) မဲရုံမှူး၏ တာဝန်အရ ညွှန်ကြားချက်ကို မနာခံလျှင် မဲရုံမှူး၏ အမိန့်ဖြင့် တာဝန်ကျရဲကလည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန်ပေးအပ်ထားသူ (သို့မဟုတ်) မဲရုံအဖွဲ့ဝင် တစ်ဦးဦးကလည်းကောင်း ထိုသူအား မဲရုံမှ ချက်ချင်းဖယ်ရှားရမည်။

(စ) ရွေးကောက်ပွဲဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုအား တစ်စုံတစ်ဦး က ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဆဲဖြစ်ကြောင်း တွေ့ရှိပါက မဲရုံမှူးသည် ပထမဦးစွာထိုသူအား မဲရုံအတွင်းမှ ဖယ်ရှားရမည်။ လိုအပ်ပါက ဖမ်းဆီးရန် တာဝန်ကျရဲ သို့မဟုတ် အခြားလုံခြုံရေး တာဝန်ထမ်းဆောင်နေသူအား အမိန့်ပေး ညွှန်ကြားနိုင်သည်။

(ဆ) မဲရုံမှူး သို့မဟုတ် ဒုတိယမဲရုံမှူး သို့မဟုတ် မဲရုံအဖွဲ့ဝင်တစ်ဦးဦးသည် ၎င်းတို့တာဝန်ကျရာ မဲရုံသို့ ရောက်ပြီးနောက် ကျန်းမာရေးအခြေအနေကြောင့် လည်းကောင်း၊ အခြားသော မလွှဲမရှောင်သာသည့် အခြေအနေတစ်ရပ်ရပ် ကြောင့်လည်းကောင်း၊ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ခြင်းမရှိပါက သက်ဆိုင်ရာ ရပ်ကွက် နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအကြောင်းကြား တင်ပြရမည်။

(ဇ)ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များတွင်ပါဝင်တာဝန်ထမ်းဆောင်ခြင်းသည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်ဟု ကော်မရှင်အဖွဲ့ခွဲအဆင့် အားလုံးနှင့် မဲရုံအဖွဲ့ဝင်များ အနေဖြင့် မှတ်ယူရမည်။

(ဈ) ဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီသဘောရိုးဖြင့် တာဝန်ထမ်းဆောင်သည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များကို ပြစ်မှုဆိုင်ရာ ဥပဒေအရ သော်လည်းကောင်း၊ တရားမဥပဒေ အရသော် လည်းကောင်း တရားစွဲဆိုခြင်းမပြုစေရ။ သို့သော် လွှတ်တော်အလိုက် ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များပါ အချက် အလက်များအား လိုက်နာဆောင်ရွက်ရမည်။

## ၁.၄။ မဲရုံအဖွဲ့ဝင်များခန့်အပ်ခြင်း

မဲရုံတစ်ရုံတွင် အောက်ပါအတိုင်း မဲရုံအဖွဲ့ဝင် (၁၀) ဦးပါဝင်မည်။

- မဲရုံမှူး
- ဒုတိယမဲရုံမှူး
- မဲစာရင်းစစ်ဆေးသူ အနည်းဆုံး (၃) ဦး
- ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ အနည်းဆုံး (၃) ဦး
- မဲရုံလုံခြုံရေး(၁)ဦး
- မင်တို့ပေးသူ (၁)ဦး

မဲဆန္ဒရှင်(၁၀၀၀)ဦးရေထက်ကျော်လျှင် မဲစာရင်းစစ်ဆေးသူနှင့် မဲလက်မှတ်ထုတ်ပေးသူ အဆိုင်းများ တိုးချဲ့နိုင်သဖြင့် ထားရှိမည့်အဆိုင်းပေါ်မူတည်ကာ တိုးချဲ့ဖွဲ့စည်းသွားနိုင်သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ သည် မဲဆန္ဒနယ်အသီးသီးရှိ မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သတ်မှတ်ထားသည့် အတိုင်း မဲရုံအဖွဲ့များကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် -

- နိုင်ငံ့ဝန်ထမ်းများထဲမှ သင့်လျော်သူများကိုမဲရုံမှူးများအဖြစ် ခန့်အပ်ရမည်။
- မြို့နယ်ကော်မရှင်အဖွဲ့ ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သော ဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေး အစီအစဉ်အတိုင်း ခန့်အပ်နိုင်သည်။ မဲရုံအဖွဲ့ဝင်များအဖြစ် နိုင်ငံ့ဝန်ထမ်းများအပြင် ယင်းမဲရုံ၏ မဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူ ယုံကြည်လေးစားခြင်း ခံရသော မဲဆန္ဒရှင် သို့မဟုတ် ယင်းမဲဆန္ဒနယ်အတွင်းရှိ ဒေသခံ ပြည်သူများဖြင့်လည်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။(ကော်မရှင်က သတ်မှတ်ထား သော ဦးရေအတွင်း သာ)

* မဲရုံလုံခြုံရေးသည် မဲပေးရန်တန်းစီသည့်နေရာတွင်လည်းကောင်း၊ မဲရုံအဝင်အထွက်ကြီးကြပ်သူ အနေဖြင့်လည်းကောင်း အလျဉ်းသင့်သလို တာဝန်ယူပေးနိုင်ပါသည်။ ဒုတိယမဲရုံမှူးနှင့် မင်တို့သူမှ မဲဆန္ဒရှင်များ မဲရုံမှမထွက်ခွာမီ မင်တို့ပြီးခြင်း ရှိ/မရှိကို ကြီးကြပ်စစ်ဆေးပါမည်။

** တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန်ရှိပါက မဲစာရင်း စစ်ဆေးသူတစ်ဦး နှင့် မဲလက်မှတ်ထုတ်ပေးသူတစ်ဦး တာဝန်ပေး ခန့်အပ်မည် ဖြစ်သည်။ အကယ်၍ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုတွင် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်ရန်ရှိပါက မဲစာရင်းစစ်ဆေးသူနှင့် မဲလက်မှတ်ထုတ်ပေးသူများအား လိုအပ် သလို ထပ်မံအဆိုင်းချ ခန့်အပ်ထား ရန်လိုအပ်ပါသည်။

## ၁.၅။ သတိပြုရန်အချက်များ

**မဲရုံ အတွင်းသို့ဝင်ရန်စီမံခန့်ခွဲမှု –**

- မဲရုံအတွင်းသို့ မဲဆန္ဒရှင်များသည် ဝါးတန်း(သို့မဟုတ်) ကြိုးတန်းဖြင့် ပြသထားသည့်အတိုင်း တန်းစီ၍ တစ်ဦးချင်းစီ ဝင်ရောက်ရပါမည်။
- Social distancing တစ်ဦးနှင့်တစ်ဦးလုံလောက်သော အကွာအဝေးမှ တန်းစီရပါမည်။
- အသက်ကြီးသူ၊ မသန်စွမ်းသူ၊ ကလေးငယ်ချီပိုးထားသော အမျိုးသမီးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများကို ဦးစားပေးရမည်။
- မဲရုံအတွင်း ရုံဖန်ရုံခါ လူများလာပါကပြန်လည်လူရှင်းလာသည်အထိ မဲရုံပြင်ပ တွင် စောင့်ဆိုင်းပေးရန် မဲဆန္ဒရှင်များကို ညွှန်ကြား ရမည်။ အသံချဲ့စက် သို့မဟုတ် အော်လံ (hand speaker) ကို အသုံးပြု၍ စီစဉ် ညွှန်ကြားနိုင်သည်။
- မဲဆန္ဒရှင်အားလုံးကို မဲရုံဖွင့်လှစ်ထားမည့်အချိန်အတွင်း မဲပေးရန်အချိန် လုံလောက်ကြောင်းနှင့် မဲဆန္ဒရှင် အားလုံး ဆန္ဒမဲပေးနိုင်ကြမည်ဖြစ်ကြောင်းကို သတိပေးပါ။
- မဲရုံအတွင်းသို့မဝင်မီမဲ ဆန္ဒရှင်အားလုံး လက်သန့်ဆေးရည်အသုံးပြု၍ လက်ဆေးစေရန် သတိပေးပါ။
- မဲဆန္ဒရှင်များသည် **ပါးစပ်နှင့်နှာခေါင်းစည်း (mask)** တပ်ဆင်လာရမည်။ (အကယ်၍ မဲဆန္ဒရှင်များ mask မတပ်ဆင်လာခဲ့ပါက မဲရုံမှ mask ပေးရန်ဆောင်ရွက်ရမည်။)
- မဲပေးပြီးသူမဟုတ်ကြောင်း သေချာစေရန် မဲဆန္ဒရှင်တစ်ဦးချင်းစီ၏ ဘယ်လက်သန်းကို မင်တို့ထားခြင်းရှိ/မရှိ မဲရုံအတွင်းသို့ မဝင်ရောက်မီ စစ်ဆေး ရမည်။ (ဘယ်လက်သန်းမရှိပါက မြင်သာသည့် မည်သည့်လက်ချောင်း တွင်မဆို မင်တို့ထားနိုင်သည်။)
- မဲရုံပရိဝုဏ်အတွင်းတွင် ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ် များ/အကျကိုယ်စားလှယ်များကိုကိုယ်စားလှယ်လောင်းတစ်ဦးသို့မဟုတ် ပါတီတစ်ခုကိုထောက်ခံအားပေးသည့် တံဆိပ်များ၊ ဦးထုပ်များ သို့မဟုတ် တီရှပ်များကို မဝတ်ဆင်ကြရန် သတိပေးရမည်။
- မဲရုံအဖွဲ့ဝင်များသည် မဲဆန္ဒရှင်အားလုံးတို့အား မဲရုံလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာစေရန် စောင့်ကြည့်ကြီးကြပ်ရမည်။
- **လုံခြုံရေးကြိုး** – မဲပုံးတစ်ပုံးစီတွင် လုံခြုံရေးကြိုး လေးခုဖြင့် တင်းကျပ်စွာ ချည်နှောင်ထားကြောင်း သေချာရမည်။ လုံခြုံရေးကြိုးများကို ဖြစ်နိုင်သမျှ တင်းကျပ်စွာ ချည်နှောင် ရမည်။
- **တံဆိပ်တုံးအဖုံး** – ဆန္ဒပြုရာတွင် အသုံးပြုသည့် တံဆိပ်တုံးအဖုံးများကို ဖွင့်ထားကာ ထိုအဖုံးများကို ဒုတိယမဲရုံမှူးမှ သိမ်းဆည်းထားရမည်။
- **မင်အိုး** – မင်တို့ပေးသူသည် မင်အိုးထဲတွင် မင်များ လုံလောက်စွာရှိ/မရှိကို အမြဲတမ်း စစ်ဆေးရန်နှင့် မင်အိုးအတွင်းရှိမင်ရည်များ သမမျှတစေရန် မင်အိုးကို အခါအားလျော်စွာ လှုပ်ခါပေးရမည်။
- **မင်တို့ထားသောလက်ချောင်း** – ဆန္ဒပြုပြီးသော မဲဆန္ဒရှင်အား မဲရုံမှမထွက်ခွာမီ ဘယ်ဘက်လက်သန်းကို မင်တို့စေပါ။ (ဘယ်ဘက်လက်သန်း မရှိပါက အခြားမြင်သာသည့် လက်ချောင်းကို မင်တို့ရန်။)
- **လုံခြုံစွာလျှို့ဝှက်မဲပေးခြင်း** – လျှို့ဝှက်ဆန္ဒပြုခန်းအတွင်း ဆန္ဒပြုနေစဉ် မဲဆန္ဒရှင်သည် လုံခြုံစွာ

လျှို့ဝှက်မဲပေးနိုင်စေရမည်။ မဲဆန္ဒရှင်၏ လျှို့ဝှက်မဲပေးနိုင်မှုကို အနှောင့်အယှက် ဖြစ်စေမည့် မည်သည့်အပြုအမူ၊ အခြေအနေမျိုးမျှ မဖြစ်ပေါ်စေရန် စီမံ ဆောင်ရွက်ရမည်။ (ဥပမာ - မဲရုံအတွင်း လူအရေအတွက် ထူထပ်လာခြင်း)

- **မဲဆန္ဒရှင်များကိုအကူအညီပေးခြင်း** - မသန်စွမ်းသူမဲဆန္ဒရှင်များနှင့် အကူအညီလိုအပ် သူများကို အပြည့်အဝကူညီရမည်။ ထိုသို့ကူညီပေးရာတွင်လည်း ၎င်းတို့၏ လျှို့ဝှက်မဲပေးနိုင်မှုကို အနှောင့်အယှက် မဖြစ်စေရ။

**မဲရုံအဖွဲ့ဝင်များ၏ တာဝန်** - မဲရုံအဖွဲ့ဝင်များအားလုံးသည် မိမိနှင့်သက်ဆိုင်သော တာဝန်နှင့်ဝတ္တရားများကို ကောင်းစွာသိရှိထားရမည်။အကယ်၍ မဲရုံအဖွဲ့ဝင်တစ်ဦးမှ ပျက်ကွက်ပါက အခြားသင့်လျော်သူ တစ်ဦးအား လိုအပ်သော တာဝန်ဝတ္တရားများကို ရှင်းပြပြီး ပျက်ကွက်သူ၏ကိုယ်စား ခန့်အပ် နိုင်သည်။

**မဲရုံအခင်းအကျင်းပုံစံများ** - ရွေးကောက်ပွဲနေ့မတိုင်မီတွင် မဲရုံဝန်ထမ်းများ၊ မဲဆန္ဒရှင်များနှင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲများသည် မဲရုံအခင်းအကျင်းပုံစံများကို သိရှိပြီး ဖြစ်ရပါမည်။


## ၁.၆။ မဲရေတွက်ခြင်းနှင့် မဲရလဒ်ဆိုင်ရာသတိပြုရန်များ

- **နိုင်လုံမှု** - ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ တစ်ကြိမ်ထက်မက တံဆိပ်တုံးနှိပ်၍ မဲပေးထားသော မဲလက်မှတ်များသည် ယင်းကိုယ်စားလှယ်လောင်းကိုသာ မဲပေးလိုကြောင်း ထင်ရှားစွာ ပေါ်လွင်ပါက ထိုမဲလက်မှတ်များကို နိုင်လုံမဲအဖြစ် သတ်မှတ်ရမည်။ နိုင်လုံမဲ၊ ပယ်မဲ အသေးစိတ် အကြောင်းအရာများ ကိုသက်ဆိုင်ရာ ကဏ္ဍတွင် ဖတ်ရှုလေ့လာပါ။
- **တိကျသေချာစေမှု** - မဲရုံမှူးမှ မဲရလဒ် ပုံစံများဖြစ်သော ပုံစံ (၁၆) နှင့် ပုံစံ (၁၆-က) ကို မှန်ကန်စွာ ဖြည့်စွက်နိုင်ရန် အရေးကြီးပါသည်။
- **မဲရလဒ် ကပ်ထားခြင်း** - မဲရေတွက်မှုပြီးစီးသောအခါ မဲရလဒ်ဖြစ်သည့် ပုံစံ (၁၆) နှင့် ပုံစံ (၁၆-က) တို့ကို မဲရုံတွင် မြင်သာစွာ ကပ်ထားရမည်။

## ၁.၇။ မဲရုံအဖွဲ့၏တာဝန်များ

**(က) မဲရုံမှူး**

**ရွေးကောက်ပွဲနေ့မတိုင်မီ**




၁။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်ပေးအပ်လွှာကို ရယူထားရန်။

၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများ၏ လမ်းညွှန်မှုကို ခံယူထားရန်။

၃။ မဲရုံအတွက်လိုအပ်သောပစ္စည်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့် ညှိနှိုင်း ရယူထားရန်။

၄။ ထုတ်ယူရရှိသော မဲလက်မှတ်စာအုပ်များသည် သက်ဆိုင်ရာ လွှတ်တော်နှင့် မဲရုံတည်ရှိရာ မဲဆန္ဒနယ်အတွက် ဟုတ်/ မဟုတ်ကို စစ်ဆေးရန်နှင့် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် မဟုတ်ပါကအကြောင်းကြားရန်။(မဖြစ်မနေလုပ်ဆောင်ရန်။ )

၅။ ဆန္ဒမဲလက်မှတ်များကိုလက်မှတ်ရေးထိုးထားရန်။

၆။ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးသည့်မဲဆန္ဒရှင်များကို မဲစာရင်းတွင် မှတ်သား ထားရန် နှင့် လိုအပ်ပါက မဲစာရင်းစစ်ဆေးသူများအား ညွှန်ကြားထားရန်။

၇။ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးသည့်မဲဆန္ဒရှင် များကို မဲစာရင်းတွင် မျဉ်းသား၍ မှတ်သားထားပြီးခြင်းရှိမရှိစစ်ဆေးရန်/ လိုအပ်ပါကမဲစာရင်းစစ်ဆေးသူများအား ညွှန်ကြားထားရန်။

၈။ မဲရုံအဖွဲ့ဝင်များကို မိမိနှင့် သက်ဆိုင်သည့်တာဝန်များ၊ အချက်အလက်များအား ရှင်းလင်းစွာ ညွှန်ကြားထား ရန်။

၉။ ဒုတိယမဲရုံမှူးအားကျန်းမာရေးနှင့်လုံခြုံစိတ်ချရမှုနှင့်ဆိုင်သော (Covid-19)နှင့်သက်ဆိုင်သော ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ လိုအပ်သလို ကြီးကြပ်ရန် ညွှန်ကြားထားရန်။

၁၀။ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လက်စွဲစာအုပ်ကို သေချာစွာ ထားရှိရန်။

**ရွေးကောက်ပွဲနေ့**

၁၁။ လိုအပ်သော (Covid-19) ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများကို ဝတ်ဆင်ထား ရန်နှင့် လက်ကို ရေမလို လက်သန့်ဆေးရည်ဖြင့် သန့်စင်ထားရန်။

၁၂။ နည်းဥပဒေပါပုံစံများကို သေချာစွာ ပြင်ဆင်ထားရှိရန်။

၁၃။ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပုံးများကို ရွေးကောက်ပွဲနေ့ မနက်မဲရုံဖွင့်ချိန်မတိုင်မီ ရယူထားရန်။

၁၄။ မိမိလက်မှတ်ရေးထိုးထားသည့် ကြိုတင်မဲပေးသူမဲဆန္ဒရှင်များစာရင်းပုံစံ (၁၃) ကို မဲရုံတွင် ကပ်ထားရန်။

၁၅. မဲရုံဖွင့်လှစ်ရန်အတွက် ပိုးသတ်ဆေးဖြန်းပြီး ကြိုတင်ပြင်ဆင်ထားရန်။
၁၆. မဲရုံအဖွဲ့ဝင်များကို ၎င်းတို့နှင့် သက်ဆိုင်သောပစ္စည်းများအား ထုတ်ပေးထားရန်။
၁၇. မဲပုံးလုံခြုံရေးကြိုးများကို လေးဘက်လေးတန်တင်းကျပ်စွာချည်နှောင်ထားခြင်းရှိ/မရှိကို စစ်ဆေးရန်။
၁၈. မဲပုံးများကို သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လုံခြုံစွာပိတ်၍ မဲရုံအတွင်း မိမိမြင်နိုင်သော နေရာတွင် ထားရှိရန်။
၁၉. နံနက်(၆)နာရီတိတိတွင် မဲရုံစတင် ဖွင့်လှစ်ကြောင်း ကြေညာရန်။
၂၀. မဲရုံမှူးသည် မဲရုံဖွင့်ပြီး တစ်ပြိုင်နက်တည်း ဆန္ဒပြု တံဆိပ်တုံးအဖုံးများကို ဖွင့်ထားရန်နှင့် ထိုအဖုံးများကို သိမ်းဆည်းထားရေး ဒုတိယမဲရုံမှူးကို တာဝန် ပေးအပ်ရန်။
၂၁. မဲရုံ၌ လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကိုမဲပုံးထဲသို့ထည့်နိုင်စွမ်းမရှိလျှင် ကူညီ ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီစဉ်ထားရန်။
၂၂. မဲရုံလုပ်ငန်းစဉ်များစနစ်တကျရှိစေရန် အတွက် လိုအပ်သလို ညွှန်ကြားရန်။
၂၃. ရလဒ်ပုံစံ (၁၆) နှင့် ပုံစံ (၁၆ - က) တို့အား ဖြည့်စွက်ပြီးပါက မဲရုံတွင် ကပ်ထားရန်။

**မှတ်ချက်**

တစ်ဦးတစ်ယောက်သောသူသည် မဲရုံတွင် မဖွယ်မရာသောအမှုကို ပြုလျှင် သို့မဟုတ်မဲရုံမှူးက တာဝန်ဝတ္တရားအရ ညွှန်ကြားခြင်းကို မနာခံလျှင် မဲရုံမှူး၏ အမိန့်ဖြင့် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင် အဖွဲ့ခွဲ၏ လုံခြုံရေးတာဝန်ပေးအပ် ခံရသူ သို့မဟုတ် မဲရုံအဖွဲ့ဝင် တစ်ဦးဦးက ယင်းသို့မဖွယ်မရာပြုသူ သို့မဟုတ်နာခံခြင်း မရှိသူကို မဲရုံမှချက်ချင်းဖယ်ရှားရန်။ ဆန္ဒမဲပေးခွင့် ရှိသူတစ်ဦးကို ဆန္ဒမဲမပေး နိုင်အောင် ဤလုပ်ပိုင်ခွင့်ကို အသုံးမပြုရ။

## (ခ) ဒုတိယမဲရုံမှူး

### ရွေးကောက်ပွဲနေ့မတိုင်မီ



၁။ သက်ဆိုင်ရာရွေးကောက်ပွဲများကျင်းပမည့်နေ့ မတိုင်မီ မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်း အကောင်အထည် ဖော်ရေးနှင့် စပ်လျဉ်း၍ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းထားရန်။

၂။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ ညွှန်ကြား ချက်များနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လက်စွဲစာအုပ်ပါ သိသင့်သိထိုက်သော အချက်အလက်များကို မဲရုံအဖွဲ့ဝင်များအား ရှင်းပြထားရန်။

၃။ ပွင့်လင်းမြင်သာပြီး လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ ဖြစ်စေရန် မဲရုံမှူး၏ ညွှန်ကြားချက်များ ပေါ်တွင်မူတည်၍ ကူညီပံ့ပိုးရန်နှင့် အသင့်အနေ အထား ရှိနေရန်။

၄။ မဲစာရင်း၏ စာမျက်နှာ အမှတ်စဉ်နှင့် ရွှက်ရေပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးရန်၊ မဲစာရင်းမှ မဲဆန္ဒရှင် အမှတ်စဉ်များမှန်ကန်မှုရှိ /မရှိ စစ်ဆေးရန်။

၅။ မဲရုံအတွင်းနှင့် ပြင်ပအခင်းအကျင်းသည် (Covid-19) ကာကွယ်ရေး ဆိုင်ရာ လမ်းညွှန်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် ညွှန်ကြားထားရန်။

၆။ ဒုမဲရုံမှူးသည် ကျန်းမာရေးကာကွယ်မှု ကိစ္စရပ်များ ဆိုင်ရာ တာဝန်ယူသူအနေဖြင့်၊ မဲရုံနှင့် မဲရုံရှိ ပစ္စည်းများ လိုအပ်သလို ပိုးသတ်ထားခြင်း ရှိ/မရှိ စစ်ဆေးထားရန်။

၇။ မဲရုံသည် မဲဆန္ဒရှင်များလက်လှမ်းမီသော အခြေအနေနှင့်လိုအပ်သော ထောက်ပံ့ထားရမည့် ပစ္စည်းများရှိ/မရှိ စစ်ဆေးရန်။

### ရွေးကောက်ပွဲနေ့

၈။ လိုအပ်သော (Covid-19) ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ဝတ်ဆင်ထားရန်နှင့် လက်ကို ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် သန့်စင်ထားရန်။

၉။ မဲရုံထဲသို့ ဝင်ခွင့်ရှိသော ပုဂ္ဂိုလ်များအား သတ်မှတ်ထား သည့် အတိုင်း နေရာချ ထားရန်။ (ရွေးကောက်ပွဲလေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲဝင်များ)

၁၀။ မဲဆန္ဒရှင်များ၊ မဲရုံဝန်ထမ်းများ၊ ရွေးကောက်ပွဲ လေ့လာသူများ၊ ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲဝင်များသည် လိုအပ်သော တစ်ကိုယ်ရည် (Covid-19) ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ အားဝတ်ဆင်ထားခြင်း ရှိ/မရှိ စစ်ဆေးရန် နှင့် social distancing ဖြင့် လုံလောက်သော အကွာအဝေး တွင် နေရာချထားခြင်း ရှိ/မရှိ စစ်ဆေးရန်။

၁၁။ မဲရုံမှူးမှ မဲရုံဖွင့်လှစ်ကြောင်း ကြေညာပြီးသည်နှင့်၊ မဲပုံးအလွတ်ကို မဲရုံအဖွဲ့ဝင် များနှင့် မဲရုံကိုယ်စားလှယ်များ အပါအဝင်မဲရုံ၌ ရှိနေသူများအား ပြသပြီး မဲပုံးအား သတ်မှတ်ညွှန်ကြားထားသည့်အတိုင်းလုံခြုံစွာပိတ်၍၊လုံခြုံရေးကြိုး အမှတ်စဉ် များအား လက်စွဲစာအုပ်၊ နောက်ဆက်တွဲ မှတ်စုတွင်ပါသည့်အတိုင်း ဖြည့်စွက်ပြီး၊ မဲပုံးကို မဲရုံအတွင်း သတ်မှတ်ထားသောနေရာ၌

ထားရှိရန်။

၁၂။ တံဆိပ်တုံးအဖုံးကိုဖွင့်ယူ၍ ဒုတိယမဲရုံမှူးမှ သိမ်းထားရန် ။

၁၃။ မဲရုံလုံခြုံမှုအတွက်လိုအပ်သလို ကြည့်ရှုစစ်ဆေးရန်။

၁၄။ တံဆိပ်တုံးမျက်နှာပြင်ကို အောက်ချထားသော အဆင်သင့်အနေအထားဖြင့်၊ အသုံးပြုနိုင်ရေး စီစဉ်ထားရန်။

၁၅။ ပုံမှန် (ခန့်မှန်းခြေ နာရီဝက်တစ်ခါနှုန်းဖြင့် ) ထိတွေ့မှုများသော မျက်နှာပြင် ဧရိယာများ ဖြစ်သည့် ဆန္ဒပြုခန်း များ၊ တံဆိပ်တုံး၊ တံဆိပ်တုံး အဖုံးများ၊ မင်ခံ၊ မင်အိုး၊ ဘောပင်၊ မဲပုံးများ) အစရှိသည့် မဲရုံသုံး ပစ္စည်းအားလုံးကို ပိုးသတ် ဆေးရည်ဖြင့် ဖြန်းထားရန်။

၁၆။ လျှို့ဝှက်ဆန္ဒပြုခန်းများ၌ဆန္ဒပြုသည့်တံဆိပ်တုံးများ ပြည့်စုံစွာရှိ/မရှိ ပုံမှန် စစ်ဆေးရန်။

၁၇။ မဲရုံမှူးမရှိသည့်အချိန်တွင် မဲရုံမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင် ရန်။

၁၈။ မဲရုံသုံးပစ္စည်းများ စုံလင်စွာရရှိရေးစီစဉ်ဆောင်ရွက်ထားရန်။

သတ်မှတ်ထားသောကိုယ်အပူချိန်ထက်မြင့်သော မဲဆန္ဒရှင်များ မဲပေးနိုင်ရန် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီဒုမဲရုံမှူးမှကူညီ ဆောင်ရွက်ပေးရမည်။

**(ဂ) မဲစာရင်းစစ်ဆေးသူ**
**ရွေးကောက်ပွဲနေ့မတိုင်မီ**



၁။ မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်မဲစာရင်း ပုံစံ (၁) နှင့် ပုံစံ(၁-က) ဟုတ် /မဟုတ် စစ်ဆေးရန်။

၂။ မိမိရရှိထားသောမဲစာရင်းပါစာမျက်နှာအမှတ်စဉ်နှင့်ရွက်ရေ၊ တစ်မျက်နှာလျှင် မဲဆန္ဒရှင် (၁၀)ဦးနှုန်းဖြင့်ပြည့်စုံမှန်ကန်မှု ရှိ /မရှိ စစ်ဆေးရန်။

**ရွေးကောက်ပွဲနေ့ မဲပေးခြင်းကာလအတွင်း။**

၃။ လိုအပ်သော (Covid-19) ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ဝတ်ဆင်ထားရန်နှင့် လက်ကို ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် သန့်စင်ထားရန်။

၄။ မိမိရရှိထားသောမဲစာရင်းတွင်မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများစာရင်း (ပုံစံ - ၁၃) တွင် ပါဝင် သူများကိုမဲစာရင်းများတွင် မှတ်သားပြီး/မပြီး စစ်ဆေးရန်။

၅။ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးသည့်မဲဆန္ဒရှင်များကို မဲစာရင်းတွင် မျဉ်းသား၍ မှတ်သားထားခြင်း ရှိ/မရှိ စစ်ဆေးရန်။

၆။ (Covid-19) ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်အရ မဲဆန္ဒရှင်အား သတ်မှတ်ထားသော အကွာအဝေးမှသာ စောင့်ဆိုင်းပေးစေရေး ညွှန်ကြားရန်။

၇။ မဲဆန္ဒရှင်အား ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် လက်ကို သန့်စင်စွာ ဆေးကြောရန်ပြောကြားရန်။

၈။ မဲဆန္ဒရှင်အား ၎င်း၏ အမည်နှင့် မဲဆန္ဒရှင် အမှတ်စဉ်အား (သိရှိပါက) မေးမြန်းကာ မဲစာရင်းတွင် တိုက်ဆိုင် စစ်ဆေးရန်၊ အကယ်၍ မဲဆန္ဒရှင်မှ အဆိုပါ အထောက်အထားစာရွက်၊ စာတမ်းတို့ကို ပြလိုပါက၊ မဲစာရင်း စစ်ဆေးသူသည် လက်ဖြင့် ကိုင်ယူ ကြည့်ရှုခြင်းမပြုဘဲ၊ မဲဆန္ဒရှင်အား အထောက်အထားစာရွက်၊ စာတမ်းကို စားပွဲအစွန်းတွင် တင်စေပြီး ကြည့်ရှုစစ်ဆေးရန်။

၉။ ဆန္ဒမဲလာရောက်ပေးသူများ၏ အချက်အလက်များနှင့် မဲစာရင်းတွင်ပါရှိသော အချက်အလက်များကို တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက မဲစာရင်းပုံစံ (၁)သို့မဟုတ် (၁-က) ပါ သက်ဆိုင်သူ၏ အမည်တည့်တည့်တွင် လက်မှတ်ရေးထိုးစေရန်။

၁၀။ မဲဆန္ဒရှင်ကိုယ်စား အခြားသူတစ်ဦးက ဆန္ဒမဲလာရောက်ပေးခြင်းကို လုံးဝ (လုံးဝ) ခွင့်မပြုရန်။

၁၁. အောက်ပါအခြေအနေများတွင် မဲရုံမှူးထံ ချက်ချင်း တင်ပြရန်

- မဲဆန္ဒရှင်တစ်ဦးသည်ယင်း၏မဲစာရင်းပါအချက်များနှင့်မကိုက်ညီလျှင်
- သူတစ်ပါးအယောင်ဆောင်၍ဆန္ဒမဲလက်မှတ်လာရောက် တောင်းဆိုကြောင်း စိစစ်တွေ့ရှိလျှင်
- ဆန္ဒမဲပေးရန်လာသူတစ်ဦးသည် မဲဆန္ဒရှင်အမှန်မဟုတ်ဟု သံသယ ရှိလျှင်

၁၂. မဲစာရင်းစစ်ဆေးခြင်းလုပ်ငန်းပြီးဆုံးပါက ထုတ်ယူထားသော မဲစာရင်းကို မဲရုံမှူးထံသို့ပြန်လည် အပ်နှံပြီး **မဲရုံမှူးက မဲစာရင်းများကို မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ - နောက်ဆက်တွဲပုံစံ(ခ)**၏ နောက်ကျောဘက်တွင် မဲရုံမှူးအား လက်မှတ် ရေးထိုးစေရန်။

၁၃. မိမိတာဝန်ကိုမဲရုံမှူး၏ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင် တစ်ဦးဦးအား လွှဲပြောင်းဆောင်ရွက် ခြင်း မပြုရန်။

**မှတ်ချက်**

ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည် လည်းကောင်း၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ ရောက်ရှိနေသည့် ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူ တစ်ဦးသည်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်ရာ မဲရုံသို့ အချိန်မီ ပြန်လည်ရောက်ရှိလာပြီး သက်ဆိုင်ရာဌာန အကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးထံမှ ဆန္ဒမဲမပေးရသေးကြောင်းသက်သေခံလက်မှတ်ကိုတင်ပြနိုင်လျှင်မဲရုံမှူးထံတင်ပြ၍ မဲရုံမှူး၏လမ်းညွှန်မှုအတိုင်း ဆက်လက် ဆောင်ရွက်ရန်။

## ( ဃ ) ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ
## ရွေးကောက်ပွဲနေ့မတိုင်မီ



၁။ အောက်ပါ စာအုပ်များကို စစ်ဆေးရပါမည်။
- မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်အတွက်ဆန္ဒမဲလက်မှတ်စာအုပ်ဟုတ်/မဟုတ် စစ်ဆေးရန်။
- မိမိ ရရှိထားသော ဆန္ဒမဲ လက်မှတ်စာအုပ်များတွင် ရွက်ရေ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးရန်။
- မိမိရရှိထားသောဆန္ဒမဲလက်မှတ်များတွင် မဲရုံမှူးလက်မှတ် ရေးထိုးထားခြင်းရှိ/မရှိ စစ်ဆေးရန်။
- ရွေးကောက်ပွဲနေ့ မဲပေးခြင်းကာလအတွင်း။

၂။ လိုအပ်သော (Covid-19) ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ဝတ်ဆင်ထားရန်နှင့် လက်ကို ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် သန့်စင်ထားရန်။

၃။ (Covid-19) ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်အရ မဲဆန္ဒ ရှင်အား သတ်မှတ် ထားသော အကွာအဝေးမှသာ စောင့်ဆိုင်းစေရေး ညွှန်ကြားရန်။

၄။ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူမှ ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးသူအား ထုတ်မပေးမီ မဲစာရင်းပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ အမည်နှင့် မဲဆန္ဒရှင်စာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်/ကျေး အမည်တို့အား လက်ခံဖြတ်ပိုင်းတွင် ရေးသွင်းရန်။

၅။ ထို့ပြင် မဲလက်မှတ်လက်ခံဖြတ်ပိုင်း၌ စာအုပ်အမှတ်နှင့်မဲလက်မှတ်အမှတ်စဉ် တို့ကို ရေးသားထားရန်။ ဥပမာ။စာအုပ်အမှတ် (၃) ပါ မဲလက်မှတ် အမှတ်စဉ် ၁၅ ဖြစ်ပါက ၃/၁၅ ဟုရေးသားထားရန်။ မဲလက်မှတ် အမှတ်စဉ်ကို ရေတွက်ပြီး ဖြည့်စွက်ရန်။ သို့သော် နံပါတ်စဉ်ရေးသားရာတွင်လက်ခံဖြတ်ပိုင်း အပေါ်တွင် သာ ရေးသားပြီး၊ မဲလက်မှတ်ပေါ်တွင် လုံးဝမရေးသားရန်။

၆။ ထို့နောက် ဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်း၌ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုစေရန်။ မဲဆန္ဒရှင်တွင် ကိုယ်ပိုင် ဘောပင် သယ်ဆောင်လာပါက၊ ယင်း ဘောပင်ကိုသာ အသုံးပြုစေရန်။ မဲဆန္ဒရှင်တွင် ကိုယ်ပိုင် ဘောပင်မသယ်ဆောင်လာပါက၊မဲစာရင်းစစ်ဆေးသူမှစားပွဲပေါ်တွင်အဆင်သင့်ထားထားသော ပိုးသတ်ထားသည့် ဘောပင်ကို မဲဆန္ဒရှင်ကိုယ်တိုင် ယူ၍လက်မှတ် ထိုးရာတွင် အသုံးပြုစေရန်။

၇။ အကယ်၍ မဲဆန္ဒရှင်မှ လက်ဗွေနှိပ်မည်ဆိုပါက၊ မင်ခံကို မဲဆန္ဒရှင်ကိုယ်တိုင် ယူ၍လက်ဗွေနှိပ်ပြီး လက်ကိုသန့်ရှင်းစေရန်။လက်ဗွေနှိပ်သောမဲဆန္ဒရှင်အား သန့်ရှင်းမှုရှိစေရေးလက်ကိုအဝတ်ဖြင့် သုတ်စေရန်။

၈။ မဲလက်မှတ်များကိုစနစ်တကျလက်ခံဖြတ်ပိုင်းမှဆုတ်ဖြဲပြီးထုတ်ပေးရန်။ဆန္ဒမဲလက်မှတ်များကို နံပါတ်စဉ်အလိုက်ထုတ်ပေးရန်။

၉။ ဆန္ဒမဲလက်မှတ်ကိုဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားထုတ်ပေးရန်နှင့် မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ် လောင်း နေရာတွင်သာ တံဆိပ်တုံးထု၍ ဆန္ဒပြုရေး သတိပေးရန်။

၁၀. စွန်းထင်းနေသော သို့မဟုတ် စုတ်ပြဲနေသော ဆန္ဒမဲလက်မှတ်များကို ထုတ်မပေးရန်နှင့် တွေ့ရှိပါက ပျက်စီး မဲလက်မှတ်များအဖြစ် မဲရုံမှူးထံ ချက်ချင်းတင်ပြရန်။

၁၁. မဲဆန္ဒရှင်မှ ဆန္ဒမပြုမီ၊ ရိုးသားစွာဖြင့် မဲလက်မှတ်ကို ပျက်စီး၊ ဆုတ်ပြဲသွားစေမိပါက ဆန္ဒမဲ လက်မှတ်အသစ် တောင်းခံခွင့်ပြုရန်။ မဲရုံမှူးထံသို့ တင်ပြပြီး အစားထိုးဆန္ဒမဲလက်မှတ်အသစ်ကို အောက်ဖော်ပြပါအဆင့် အတိုင်း ထုတ်ပေး ရန်။

- မဲဆန္ဒရှင်ထံမှ ပျက်စီးသွားသော ဆန္ဒမဲလက်မှတ်ကိုတောင်းခံပြီး၊ လက်ခံ ဖြတ်ပိုင်းနှင့် မဲလက်မှတ် ပေါ်တွင် "ပျက်စီး" ဟု မှတ်တမ်း တင်ထား ရန်။
- အဆိုပါ ပျက်စီးသွားသောမဲလက်မှတ်အား "ပျက်စီး" ဟုရေးသားထားသော စာအိတ် အတွင်းသို့ ထည့်၍မှတ်တမ်းတင်ထားရန်။
- ဆန္ဒမဲလက်မှတ်အသစ်အား ထုတ်ပေးရန်။
- **ဖြစ်စဉ်မှတ်တမ်း - နောက်ဆက်တွဲ (ဃ)** တွင် ရေးသားမှတ်တမ်းတင်ထားရန်။
- မဲပေးပြီးသည့်အခါ စာအိတ်ထဲမှ ပျက်စီးသွားသော မဲလက်မှတ် စုစုပေါင်း ကို ထုတ်ယူရေတွက်၍၊ ရရှိသောကိန်း ဂဏန်းကို စာအိတ်ပေါ်တွင် ရေးမှတ်ရန်။

၁၂. မိမိထုတ်ပေးပြီးသောဆန္ဒမဲလက်မှတ်အရေအတွက်နှင့် လက်ကျန်ဆန္ဒမဲ လက်မှတ်အရေ အတွက်တို့ကို ဆန္ဒမဲပေးပြီးသူဦးရေနှင့် အခါအားလျော်စွာ တိုက်ဆိုင်စစ်ဆေးရန်။ အကယ်၍ ကွဲလွဲချက်ရှိပါက မဲရုံမှူးထံချက်ချင်း အကြောင်းကြားရန်။

၁၃. မဲရုံပိတ်သည့်အခါမဲစာရင်းနှင့်လက်ကျန်ဆန္ဒမဲလက်မှတ်များကိုစိစစ်၍**မဲရုံမှူးကမဲစာရင်းများကို ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါအသုံးပြုရန်ပုံစံ - နောက်ဆက်တွဲ (ဂ)** ၏ကျောဘက်တွင် မဲရုံမှူးအားလက်ခံရရှိကြောင်း လက်မှတ်ရေးထိုး စေပြီး မဲရုံမှူးထံ အပ်နှံရန်။

၁၄. မိမိတာဝန်ကိုမဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင်တစ်ဦးဦးအား လွှဲပြောင်းခြင်းမပြုရန်။

## မဲရုံလုံခြုံရေး



### မဲပေးခြင်းမစတင်မီ

၁။ မဲပုံးများ၌ ဆန္ဒမဲလက်မှတ်ကို လွယ်ကူစွာ ထည့်နိုင်သော အပေါက် ပြုလုပ်ထားခြင်း ရှိ/မရှိ စစ်ဆေးရန်။

### ရွေးကောက်ပွဲနေ့မဲပေးခြင်းကာလအတွင်း

၂။ လိုအပ်သော (Covid-19) ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ဝတ်ဆင်ထားရန် နှင့် လက်ကို ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် သန့်စင်ထားရန်။

၃။ မိမိစောင့်ကြပ်ရမည့်မဲပုံးများကို သတ်မှတ်ထားသောနေရာ တွင် စနစ်တကျ ထားရှိခြင်း ရှိ/မရှိ စစ်ဆေးကြည့်ရှုရန်။

၄။ အကယ်၍မဲရုံသို့ဝင်ရမည့်နေရာတွင် တံခါးရွက်များရှိပါက ဝင်ရလွယ်ကူစေရေး အသင့်ဖွင့်ထားပေးရန်နှင့် မဲဆန္ဒရှင်များအား တံခါးများကို လက်ဖြင့် ထိကိုင်ခြင်း မရှိစေရေးသတိပေးရန်။

၅။ မဲရုံလုံခြုံရေး သည်

- မဲရုံသို့ဝင်ရန် တန်းစီခြင်းကို စီမံခန့်ခွဲရန် နှင့် မဲဆန္ဒရှင်များ စနစ်တကျမဲရုံ အတွင်းသို့ ဝင်ရောက်စေရန်။
- မသန်စွမ်းမဲဆန္ဒရှင်များ၊ အသက်အရွယ်ကြီးသူမဲဆန္ဒရှင်များ၊ ကလေးသူငယ်များနှင့် လာသော မဲဆန္ဒရှင်များနှင့် ကိုယ်ဝန်ဆောင် မဲဆန္ဒရှင် များကို ဦးစားပေးတန်းစီခွင့်ပြုရန်။
- ပြည်သူ့လွှတ်တော်မဲလက်မှတ်ထုတ်ပေးသူ၏ရှေ့တွင်ရှိသောအခြား မဲဆန္ဒရှင်တစ်ဦးမှ မဲလက်မှတ်ထုတ်ပေးသူထံမှဆန္ဒမဲလက်မှတ်ရယူပြီးမှသာ၊ဝင်ပေါက်တွင်တန်းစီနေသော မဲဆန္ဒရှင်ကို မဲရုံအတွင်း သို့ဝင်ခွင့်ပြုရန်။
- အကယ်၍မဲဆန္ဒရှင်မှ mask မတပ်ဆင်လာပါက၊ mask ပံ့ပိုးပေး၍တပ်ဆင်ထားခိုင်းရန်။
- မဲဆန္ဒရှင်အား မဲရုံအတွင်းသို့ မဝင်မီ ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြုခိုင်းရန်။

မဲဆန္ဒရှင်မဲရုံအတွင်းသို့ မဝင်မီ မဲရုံလုံခြုံရေးမှ မဲဆန္ဒရှင်အားလွန်ခဲ့သည့် (၁၄) ရက်အတွင်း ဖျားနာနေခဲ့ခြင်း၊ ချောင်းဆိုးခြင်း နှင့် နာစေးခြင်း ရှိ/မရှိကိုမေးမြန်းရန်။

- အကယ်၍မဲဆန္ဒရှင်မှ ဖျားနေပါသည်/မှန်ပါသည်ဟုဖြေပါက မဲဆန္ဒရှင်အား mask မတပ်ဆင်လာလျှင် ချက်ချင်းတပ်ဆင်စေပြီး၊ မဲပေးသည့် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင်လည်း mask တပ်ဆင်ထားခိုင်းရန်။
- အကယ်၍မဲဆန္ဒရှင်မှ မဟုတ်ပါ/မဖျားနေပါဟု ဖြေဆိုသော်လည်း အသက်ရှူလမ်းကြောင်း ရောဂါခံစားနေရသည့် လက္ခဏာ သံသယဖြစ်ဖွယ်တွေ့ရှိရပါက (ချောင်းဆိုးခြင်းနှင့် နာစေးခြင်းစသဖြင့်)မဲဆန္ဒရှင်အား mask မတပ်ဆင်လာလျှင် ချက်ချင်းတပ်ဆင်စေပြီး၊ မဲပေးသည့် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင်လည်း mask တပ်ဆင်ထားခိုင်းရန်။
- မဲရုံဝင်ပေါက်တွင် မဲလာပေးသည့် မဲဆန္ဒရှင်များလက်သန်းတွင် မင်တို့ ထားခြင်း ရှိ/မရှိကို စစ်ဆေးရန်။

- မဲဆန္ဒရှင်များအား မိမိတို့နာမည်ကို မဲစာရင်းတွင် စစ်ဆေးပြီးခြင်းရှိမရှိနှင့် လွှတ်တော်အသီးသီး အတွက် မဲလက်မှတ် သီးသန့်စီဖြင့်မဲပေးရန် သတိပေးရန်၊ အကယ်၍ မဲဆန္ဒရှင်မှ မဲစာရင်းအမှတ်စဉ်ကို မစစ်ဆေးရသေးပါက မဲစာရင်းစစ်ဆေးသည့်နေရာတွင် သတ်မှတ်ထားသည့်အတိုင်း တန်းစီ၍ မိမိတို့၏ မဲဆန္ဒရှင် စာရင်း အမှတ်စဉ်ကို မှတ်သားလာစေရေး ညွှန်ကြားရန်။
- မဲရုံအတွင်း၌ ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးခွင့်မရှိကြောင်း သတိပေးရန်။
- မဲဆန္ဒရှင်များကို မဲရုံအတွင်း၌ ကြမ်းပြင်ပေါ်တွင် သတ်မှတ်ထားသည့် အမှတ်အသားနေရာတွင်တန်းစီ ရမည်ဖြစ်ကြောင်း သတိပေးရန်။
- မဲရုံသို့လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်း မရှိသော ကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင်စွမ်းမရှိလျှင် ဒုတိယမဲရုံမှူးနှင့်အတူ ထိုသူအား ဆန္ဒမဲထည့်နိုင် စေရေး အတွက် ကူညီရန်။

၆။ မဲရုံလုံခြုံရေးသည်

- မဲဆန္ဒရှင်များ စနစ်တကျမဲရုံ အပြင်သို့ ထွက်ခွာသွားစေရေးကြီးကြပ်ရန်။
- မဲရုံထွက်ပေါက်တွင် မဲလာပေးသည့် မဲဆန္ဒရှင်များလက်သန်းတွင် မင်တို့ ထားပြီးခြင်း ရှိ/မရှိကို စစ်ဆေးရန်။
- မဲဆန္ဒရှင်တိုင်းဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာလွှတ်တော်မဲပုံးထဲသို့ ထည့်/မထည့်ကို စောင့်ကြပ် ကြည့်ရှုရန်နှင့် မဲလက်မှတ်များကို မဲပုံး အတွင်း သို့ထားရှိခဲ့ခြင်းရှိ/မရှိကိုစစ်ဆေးရန်။

၇။ အောက်ပါအခြေအနေများတွင် မဲရုံမှူးအား ချက်ချင်းတင်ပြရန်။

- ရွေးကောက်ပွဲကျင်းပနေစဉ်မဲရုံရှိမဲပုံးကိုမတရားသည့်နည်းဖြင့် ယူဆောင် သွားလျှင်သော်လည်းကောင်း၊ သို့မဟုတ် မတော်တဆဖြစ်စေ၊ တမင် ဖြစ်စေပြုလုပ်ခြင်းဖြင့် မဲပုံးအတွင်းရှိ ဆန္ဒမဲ လက်မှတ်များ ချွတ်ယွင်း ပျက်စီးပျောက် ဆုံးလျှင် သော်လည်းကောင်း
- မဲဆန္ဒရှင် တစ်ဦးတစ်ယောက်သည် ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း မပြုဘဲမဲရုံအပြင်ဘက်သို့ ထုတ်ယူသွားကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်ကိုဆုတ်ဖြဲ၍မဲပုံးထဲသို့ထည့်ရန် ကြံရွယ်ကြောင်းတွေ့ရှိလျှင်သော် လည်းကောင်း နှင့်၊
- ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်ပြုရန် မသင်္ကာဖွယ်ရာ တွေ့ရှိလျှင်သော်လည်းကောင်း။

၈။ လွတ်လပ်စွာမဲပေးခြင်းကို ထိခိုက်မှုမရှိစေရန် ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲ လေ့လာသူများ၊ နိုင်ငံရေးပါတီများမှ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များအား စနစ်တကျရှိစေရေး ကြပ်မတ်ရန်။

၉။ မိမိတာဝန်ကို မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင် တစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရန်။

**မှတ်ချက်**

မဲရုံလုံခြုံရေးကို မဲရုံဝင်ပေါက်/ ထွက်ပေါက်တွင် ထားရှိကာ မဲလာပေးသည့် မဲဆန္ဒရှင်များအား လက်သန်းတွင် မင်တို့ထားခြင်း ရှိ/မရှိစစ်ဆေးရန်နှင့် မဲပေးပြီးသူများ၏ လက်သန်းတွင် မင်တို့ပြီးဖြစ်ကြောင်း စစ်ဆေးရန်။

မဲရုံလုံခြုံရေးသည် မဲပေးရန်တန်းစီသည့် နေရာတွင် အထောက်အကူပြုသူအနေဖြင့်သော်လည်းကောင်း မဲရုံအဝင်အထွက်ကြီးကြပ်သူ အနေဖြင့်သော်လည်းကောင်း တာဝန်ယူမည်။ ဒုတိယမဲရုံမှူးနှင့် မင်တို့သူမှ မဲဆန္ဒရှင်များ မဲရုံမှ မထွက်ခွာမီ မင်တို့ပြီးခြင်းရှိ၊မရှိကို ကြီးကြပ်စစ်ဆေးမည်။

## (စ) မင်တို့ပေးသူ

### မဲပေးခြင်းမစတင်မီ

၁။ မဲရုံမဖွင့်မီမဲရုံမှူးထံမှမင်တို့ရန် လိုအပ်သည့် မင်အိုးများထုတ်ယူထားရန်။



### ရွေးကောက်ပွဲနေ့ မဲပေးခြင်းကာလအတွင်း

၂။ လိုအပ်သော (Covid-19) ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ဝတ်ဆင်ထားရန်နှင့် လက်ကို ရေမလို လက်သန့်စင်ဆေးရည်ဖြင့် သန့်စင်ထားရန်။

၃။ မဲပေးသည့်တစ်နေ့တာကာလအတွင်းမင်အရည်သမမျှတစေရန် မင်ဘူးအား မကြာခဏ လှုပ်ပေးရန်နှင့် မဲပေးသည့် မဲဆန္ဒရှင်များမရှိသည့် အချိန်တွင် မင်ဘူးအဖုံးကိုပိတ်ထားရန်။

၄။ ဆန္ဒမဲပေးပြီး ပြန်လည်ထွက်ခွာမည့်သူများအား သက်ဆိုင်ရာ လွှတ်တော် အသီးသီးအတွက် မဲပေးခြင်း ပြီးစီး မှုရှိ/မရှိ မေးမြန်းရန်။

၅။ မဲဆန္ဒရှင်မှ လက်သန့်ဆေးရည် အသုံးပြုပါက အဆိုပါလက်သန့် ဆေးရည်အား ခြောက်သွေ့စေရေးစက္ကန့် (၃၀) ခန့်အထိစောင့်ဆိုင်း ပေးရန် ညွှန်ကြားရန်။

၆။ မဲဆန္ဒရှင်လက်ပေါ်တွင် လက်သန့်စင်ဆေးရည်ကျန်ရှိနေပါက ခြောက်သွေ့ရန် ခဏတာ စောင့်ဆိုင်းစေရန်။

၇။ မဲဆန္ဒရှင်၏လက်တွင် ဆီ၊ အဆီ သို့မဟုတ် အခြားအရာများ မင်တို့မည့် လက်ပေါ် တွင်ရှိ/မရှိကို စစ်ဆေးရန်နှင့် ရှိပါက ဖယ်ရှားသုတ်သင်စေရန်။

၈။ မဲပေးခြင်းပြီးစီးကြောင်း သိရှိပါက ထိုသူ၏ လက်ဝဲဘက်လက်သန်းလက်သည်း၊ ပထမ လက်ဆစ် အထိကို ဖုံးအုပ်သည်အထိ မင်အိုးထဲနှစ်၍ မင်တို့ရန်။

၉။ မဲဆန္ဒရှင်တွင် လက်သန်းမရှိပါက အခြားလက်ချောင်း (သို့မဟုတ်) ကိုယ်ခန္ဓာ၏မြင်သာသည့် နေရာတွင်မင်တို့ရန်။

၁၀။ မဲဆန္ဒရှင်သည် မဲရုံမှမထွက်ခွာမီ တို့ထားသောမင်အား ဖျက်နေခြင်း မရှိစေရေး သတိထား ကြည့်ရှုရန်။




**မှတ်ချက်**

မဲရုံအဖွဲ့ဝင်များသည် တာဝန်ကျရာနေရာမှ ကိုယ်လက်သန့်စင်ရန် ခေတ္တသွားလိုသည့်အခါ ယင်းတာဝန်ကိုမဲရုံမှူးမှ တာဝန်ပေးအပ်သည့် မဲရုံအဖွဲ့ဝင်က ခေတ္တတာဝန်ယူပေးရန်။

## ၁.၈။ မဲရုံတည်နေရာနှင့်မဲရုံအခင်းအကျင်းကြိုတင်ပြင်ဆင်မှုများ

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ထားရှိမည့် မဲရုံအရေအတွက်ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေနှင့် ဒေသအခြေအနေ ပေါ်မူတည်၍ သင့်လျော်သလို သတ်မှတ်နိုင်သည် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သို့လည်း တာဝန်ပေးအပ်နိုင်သည်။
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် တပ်မတော်သား ဝန်ထမ်းများနှင့် မိသားစုဝင်များ အခြေချရာ တပ်၏ပြင်ပ၌ ရွေးကောက်ပွဲ လေ့လာသူများ လွယ်လင့်တကူ လက်လှမ်းမီနိုင်သော မဲရုံများ စီစဉ်ထားရှိရမည်။
- လွှတ်တော်အရပ်ရပ်အတွက် မဲပေးရမည့် မဲဆန္ဒနယ်များတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ အနေဖြင့် မဲရုံတစ်ရုံအတွင်း လွှတ်တော်တစ်ရပ်ချင်းစီအတွက် အခန်းများ သီးခြားခွဲ၍ စီမံထားရှိနိုင်သည်။
- လွှတ်တော်အစဉ်သည် ပြည်သူ့လွှတ်တော် အမျိုးသားလွှတ်တော် ၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တို့ဖြစ်ကြ ပါသည်။
- မဲရုံများကိုဆောက်လုပ်ရာတွင် အများပြည်သူတို့ အလွယ်တကူလာရောက် ဆန္ဒမဲ ပေးနိုင်သော နေရာများ၌ ဆောက်လုပ်ရပါမည်။
- အထပ်မြင့်အဆောက်အဦတွင် မဲရုံမပြုလုပ်ရပါ။
- လျှို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်စေရေး အတွက် လုံခြုံမှုရှိစေရန် စီစဉ်ထားရှိရ မည်။
- မဲရုံများတည်ရှိသည့်နေရာကို အများပြည်သူသိရှိစေရန် ကြိုတင်ကြေညာရမည်။
- မသန်စွမ်းသူများ အလွယ်တကူလာရောက် ဆန္ဒမဲပေးနိုင်ရမည်။
- ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အသုံးမပြုရ။
- အရေအတွက်များပြားသော မဲဆန္ဒရှင်များ လုံလုံလောက်လောက် တန်းစီရန် လိုအပ်ပါက ကြိုး၊ ဝါးလုံးများဖြင့် နေရာမှတ်သား စီစဉ်ထားရမည်။
- မဲရုံအဝတွင် စောင့်ကြည့်သူသည် အသက်အရွယ်ကြီးသူများ၊ မသန်စွမ်း မဲဆန္ဒရှင်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအချိန်အကြာကြီး မဲပေးရန်အတွက် စောင့်ဆိုင်းတန်းစီမနေရစေရန် ဂရုစိုက်ရမည်။

## ၁ . ၈ . ၁။ ။ Covid-19 ကူးစက်ရောဂါ ကာကွယ်သော မဲရုံအခင်းအကျင်း လိုအပ်ချက်များ

- မဲရုံ ပရိဝုဏ်၊ မဲရုံအတွင်းအပြင်၊ လေ့လာရန် သတ်မှတ်ထားသောနေရာနှင့် မဲရုံအပြင်ရှိ မဲပေးရန် စောင့်ဆိုင်းသောနေရာသည် (၆) ပေအကွာအဝေးရှိသင့်ပြီး၊ အဆိုပါဧရိယာကို တစ်ရက်ကြိုတင် ပိုးသတ်ဆေးဖြန်းထားရန်။

**မဲရုံအတွင်း အခင်းအကျင်း**

[နမူနာ ပုံစံ (၁)၊ ပုံစံ (၂) တို့ဖြင့် ပြထားပါသည်။ စာမျက်နှာ (၂၄ - ၂၇) တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။]

- မဲရုံအတွင်းမဲစာရင်းစစ်ဆေးသူနှင့် မဲလက်မှတ်ထုတ်ပေးသူအကြား (၆) ပေ အကွာအဝေး သတ်မှတ် နေရာချထားသင့်ပါသည်။
- လျှို့ဝှက်တော်အသီးသီး၏ ဆန္ဒပြုခန်းများတစ်ခုနှင့် တစ်ခုအကြားသည် (၆) ပေ ခန့် အကွာအဝေး သတ်မှတ် ကာနေရာချထားသင့်ပါသည်။
- ကြမ်းပြင်တွင် မဲဆန္ဒရှင်များတစ်ဦးနှင့် တစ်ဦး မည်မျှအကွာအဝေးတွင် တန်းစီရမည်ကို ညွှန်ပြ ထားသည့် အမှတ်အသား ပြုလုပ်ထားသင့်ပါသည်။
- ထို့အတူ ရွေးကောက်ပွဲလေ့လာသူများ၊ ကိုယ်စားလှယ်များနှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များရှိရမည့် နေရာကိုလည်း ကြမ်းပြင်တွင် အမှတ်အသားပြုထားသင့်ပါသည်။ **(၆ပေ ခန့် အကွာအဝေးဖြင့်)**
- မဲဆန္ဒရှင်များ မဲရုံသို့ဝင်ရမည့် လမ်းကြောင်းကိုလည်း လိုအပ်သလို ကြိုး/ဝါးလုံး တန်းတို့ဖြင့် စနစ်တကျ သက်မှတ်ပေးထားသင့်ပါသည်။ အဆိုပါလမ်းကြောင်းသည် (၄) ပေခန့် အကျယ် ရှိသင့်ပါသည်။
- စားပွဲများ၊ ထိုင်ခုံများ၊ ဆန္ဒပြုခန်းများ၊ တံဆိပ်တုံး၊ မင်ခံ၊ မင်အိုး၊ ဘောပင်၊ မဲပုံးများ၊ လုံခြုံရေးကြိုးများ၊ မဲလက်မှတ်များထည့်သည့်အိတ်များအစရှိသည့် မဲရုံသုံးပစ္စည်းအားလုံးကို ပိုးသတ်ထားသင့်ပါသည်။ပိုးသတ်ခြင်းလုပ်ငန်းမစမီတွင်သက်ဆိုင်ရာဝန်ထမ်းများအားလုံးသည် လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောထားရပါမည်။ တစ်ခါသုံး လက်အိတ်များ၊ masks များ ဝတ်ဆင်ထားသင့်ပြီး၊ လိုအပ်သည့် အချိန်တိုင်းတွင် ရေမလို လက်သန့်ဆေးရည် အသုံးပြုသင့်ပါသည်။
- မဲရုံအတွင်းသို့ မဝင်မီ၊ မဲဆန္ဒရှင်ပြည်သူအားလုံးသည် အယ်လ်ကိုဟော ပါဝင်မှု အနည်းဆုံး (၆၀%) ရှိသော ရေမလို လက်သန့်ဆေးရည်ကို အသုံးပြု၍ လက်သန့်စင်ပြီးမှ မဲရုံအတွင်းသို့ ဝင်ခွင့် ရှိရပါမည်။
- မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် masks နှင့် faceshields များ တပ်ဆင်ထားရပါမည်။ ရွေးကောက်ပွဲ လေ့လာသူများ၊ ကိုယ်စားလှယ်များနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ သည် masks များ တပ်ဆင်ထားရပါမည်။ မဲဆန္ဒရှင်များသည် masks မဖြစ်မနေ တပ်ဆင်ရ မည်။ (အကယ်၍မဲဆန္ဒရှင်များမှmaskမတပ်ဆင်လာပါက၊မဲရုံမှူးသို့မဟုတ်မဲရုံအဖွဲ့ဝင်များထံမှ mask တောင်းယူရန်။)

- မဲရုံအတွင်း သဘာဝအတိုင်း လေဝင်၊လေထွက်ကောင်းစေရန် (မဲရုံသုံးပစ္စည်း များအား လေ/မိုး ဒဏ်ဖြင့်မထိခိုက်စေဘဲ) ပြတင်းပေါက်များကို လိုအပ်သလို ဖွင့်ထားသင့်ပါသည်။
- မဲလက်မှတ်ထုတ်ပေးသူနှင့် မင်တို့သူ တာဝန်ကျရာ နေရာတွင် လက်သန့် ဆေးရည်ဘူးများ ထားပေးသင့် ပါသည်။

**မဲရုံပြင်ပ အခင်းအကျင်း**

- မဲရုံပြင်ပတန်းစီရာတွင် မသန်စွမ်းမဲဆန္ဒရှင်များ၊ အသက်အရွယ်ကြီးသူ မဲဆန္ဒရှင်များ၊ ကလေးသူငယ်များနှင့်အတူ ဆန္ဒမဲပေးရန်လာရောက်သော မဲဆန္ဒရှင်များနှင့် ကိုယ်ဝန်ဆောင် မဲဆန္ဒရှင်များကို မဲရုံအတွင်း သို့ဝင်ရန် ဦးစားပေးတန်းစီ ခွင့်ပြုသင့်ပါသည်။

**တန်းစီသည့်နေရာ**

- မဲရုံအတွင်းသို့ဝင်ရန် တန်းစီသည့်လမ်းကြောင်းနှင့် မဲစာရင်း ကပ်ထားကြေညာပေးသည့် နေရာလမ်းကြောင်း သီးသန့် သတ်မှတ် ထားပေးသင့်ပါသည်။
- သတ်မှတ်ထားသော လမ်းကြောင်းသည် မဲဆန္ဒရှင်များ တန်းစီရ လွယ်ကူစေရန် လမ်းကြောင်း တစ်ခုတည်းဖြင့် စီစဉ်ရမည်ဆိုပါကလည်း အဆိုပါ လမ်းကြောင်းသည် မဲဆန္ဒရှင်များ မဲရုံသို့ဝင်မည့်နေရာနှင့် ကပ်မနေသင့်ပါ။
- အဆိုပါ လမ်းကြောင်းသည် လေးပေခန့်အကျယ် ရှိသင့်ပါသည်။ သတ်မှတ်ထားသော လမ်းကြောင်းသည်မဲဆန္ဒရှင်များတန်းစီရလွယ်ကူစေရန် မျဉ်းကွေးဖြင့် စီစဉ်ရမည်ဆိုပါကလည်း အဆိုပါ လမ်းကြောင်းတစ်ခုနှင့် တစ်ခုအကြား လေးပေခန့် အကွာအဝေးရှိ သင့်ပါသည်။
- မဲဆန္ဒရှင် တစ်ဦးနှင့်တစ်ဦးသည် (၆)ပေ ခန့် အကွာအဝေးဖြင့် တန်းစီသင့်ပါ သည်။ ဖြစ်နိုင်ပါက၊ အဆိုပါ မဲစာရင်းကြည့်သည့်နေရာတွင် လိုအပ်သလို ကူညီရန် မဲရုံအဖွဲ့ဝင်တစ်ဦးကို တာဝန်ချ ထားပေးသင့်ပါသည်။
- တန်းစီရန်လမ်းကြောင်းပြုလုပ်ရာတွင် အသုံးပြုထားသော ကြိုးနှင့် ဝါးလုံးတန်းများကို မဲဆန္ဒရှင် များမှ လက်ဖြင့်မကိုင်မိစေရန် သတိပေးရပါမည်။
- မဲရုံသို့ဝင်ရမည့် နေရာတွင် တံခါးရွက်များရှိပါကလည်း ဝင်ရလွယ်ကူစေရန် အဆင်သင့်ဖွင့်ထား ပေးရပါမည်။
- မဲရုံပြင်ပတွင် Covid -19 ကူးစက်ရောဂါ ကာကွယ်ရန်ညွှန်ကြားချက်များပါသည့် ဆိုင်းဘုတ်များ ချိတ်ဆွဲ ထားပေးသင့်ပါသည်။ (ဥပမာ အားဖြင့်၊ မဲရုံအတွင်းသို့ မဝင်ရောက်မီ လက်ကို သန့်စင်စွာ ဆေးကြောထားရမည်/ ကြမ်းပြင်တွင် သတ်မှတ်ထားသော အကွာအဝေးမှသာ တစ်ဦးနှင့် တစ်ဦးခွာ၍တန်းစီပါ/ ချောင်းဆိုး နှာချေလျှင် တံတောင်ဆစ်ကိုအသုံးပြု၍ ကာကွယ်ပါ/ မျက်နှာကို လက်ဖြင့် မထိပါနှင့်စသဖြင့်)

# မဲရုံအခင်းအကျင်း – ပုံစံ (၁)


ကျယ်ဝန်းသောအခန်းတစ်ခန်းတည်းတွင် ဖွဲ့စည်းခြင်း

## ၂၀၂၀ ပြည်နှစ်၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး




**ရွေးကောက်ပွဲနေ့ နံနက် (၆) နာရီ မဲရုံဖွင့်လှစ်ခြင်း နှင့် ညနေ (၄) နာရီ မဲရုံပိတ်ခြင်း**

၁။ မဲဆန္ဒရှင်မှ မိမိ၏ မဲစာရင်းအမှတ်စဉ် စစ်ဆေးခြင်း
၂။ ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြုရန်နေရာ
၃။ မဲရုံလုံခြုံရေးမှ မင်တို့ထားခြင်း ရှိ/မရှိ စစ်ဆေးရန်
၄။ ပြည်သူ့လွှတ်တော် မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်၏ အမှတ်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း
၅။ ပြည်သူ့လွှတ်တော် မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ် ထုတ်ပေးခြင်း
၆။ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒပြုခြင်း
၇။ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ထည့်ခြင်း
၈။ အမျိုးသားလွှတ်တော်အတွက် မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်၏ အမှတ်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း
၉။ အမျိုးသားလွှတ်တော်အတွက် မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ်ထုတ်ပေးခြင်း
၁၀။ အမျိုးသားလွှတ်တော်အတွက် ဆန္ဒပြုခြင်း
၁၁။ အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ်ထည့်ခြင်း
၁၂။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်၏ အမှတ်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း



# အထွေထွေရွေးကောက်ပွဲ
# နည်းလမ်းများနှင့် အညီ မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်






**ရွေးကောက်ပွဲနေ့ နံနက် (၆)နာရီ**
**မဲရုံဖွင့်လှစ်ခြင်း နှင့်**
**ညနေ (၄)နာရီ မဲရုံပိတ်ခြင်း**

၁၃။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ်ထုတ်ပေးခြင်း
၁၄။ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် ဆန္ဒပြုခြင်း
၁၅။ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဆန္ဒမဲလက်မှတ်ထည့်ခြင်း
၁၆။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်၏ အမှတ်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း
၁၇။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ်ထုတ်ပေးခြင်း၊
၁၈။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် ဆန္ဒပြုခြင်း
၁၉။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် ဆန္ဒမဲလက်မှတ်ထည့်ခြင်း
၂၀။ မင်တို့သူမှ မဲဆန္ဒရှင်အား ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြုရန်နှင့် မင်တို့ခိုင်းရန်
၂၁။ မဲဆန္ဒရှင်မှလက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောခြင်း

(က) မဲရုံမှူး
(ခ) မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒမဲပုံး
(ဂ) ရွေးကောက်ပွဲလေ့လာသူများ၊ ကိုယ်စားလှယ်များ
(ဃ) ရပ် /ကျေးကော်မရှင်
(င) ဒု-မဲရုံမှူး

**မဲပေးခြင်းလုပ်ငန်းစဉ်အဆုံး**

# မဲရုံအခင်းအကျင်း – ပုံစံ (၂)


အခန်းအများဖြင့် ဖွဲ့စည်းခြင်း

## ၂၀၂၀ ပြည့်နှစ်၊
## ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်း



ရွေးကောက်ပွဲနေ့ နံနက် (၆)နာရီ
မဲရုံဖွင့်လှစ်ခြင်း နှင့်
ညနေ (၄)နာရီ မဲရုံပိတ်ခြင်း

၁။ မဲဆန္ဒရှင်မှ မိမိ၏မဲစာရင်းအမှတ်စဉ် စစ်ဆေးခြင်း
၂။ ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြုရန်နေရာ
၃။ မဲရုံလုံခြုံရေးမှ မင်တို့ထားခြင်း ရှိ/မရှိစစ်ဆေးရန်
၄။ ပြည်သူ့လွှတ်တော် မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်၏ အမှတ်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း
၅။ ပြည်သူ့လွှတ်တော် မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ် ထုတ်ပေးခြင်း
၆။ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒပြုခြင်း
၇။ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ထည့်ခြင်း
၈။ အမျိုးသားလွှတ်တော်အတွက် မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်၏ အမှတ်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း
၉။ အမျိုးသားလွှတ်တော်အတွက် မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ်ထုတ်ပေးခြင်း
၁၀။ အမျိုးသားလွှတ်တော်အတွက် ဆန္ဒပြုခြင်း
၁၁။ အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ်ထည့်ခြင်း
၁၂။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်၏ အမှတ်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း





မဲပေးခြင်းအစ

# အထွေထွေရွေးကောက်ပွဲများနှင့် အညီ မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်




ရွေးကောက်ပွဲနေ့ နံနက် (၆)နာရီ
မဲရုံဖွင့်လှစ်ခြင်း နှင့်
ညနေ (၄)နာရီ မဲရုံပိတ်ခြင်း




မဲပေးခြင်းလုပ်ငန်းစဉ်အဆုံး

၁၃။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ်ထုတ်ပေးခြင်း

၁၄။ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် ဆန္ဒပြုခြင်း

၁၅။ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဆန္ဒမဲလက်မှတ်ထည့်ခြင်း

၁၆။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် မဲစာရင်းစစ်ဆေးသူမှ မဲဆန္ဒရှင်၏အမှတ်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း

၁၇။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ်ထုတ်ပေးခြင်း၊

၁၈။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် ဆန္ဒပြုခြင်း

၁၉။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် ဆန္ဒမဲလက်မှတ်ထည့်ခြင်း

၂၀။ မင်တို့သူမှ မဲဆန္ဒရှင်အား ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြုရန်နှင့် မင်တို့ခိုင်းရန်

၂၁။ မဲဆန္ဒရှင်မှ လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောခြင်း

(က) မဲရုံမှူး


(ခ) မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒမဲပုံး

(ဂ) ရွေးကောက်ပွဲလေ့လာသူများ၊ ကိုယ်စားလှယ်များ


(ဃ) ရပ် /ကျေးကော်မရှင်

(င) ဒု-မဲရုံမှူး

## နေရာကျဉ်းသော မဲရုံတွင် မဲပေးရန်တန်းစီပုံ



## နေရာကျယ်သော မဲရုံတွင် မဲပေးရန်တန်းစီပုံ



## ၁.၉။ မဲရုံအတွင်းသို့ဝင်ရောက်ခွင့်ရှိသူများ

ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်း ပြီးဆုံးသည့် အချိန်အတွင်း မဲရုံထဲသို့ အောက်ပါပုဂ္ဂိုလ်များမှ တစ်ပါး အခြားမည်သူမျှ မဝင် ရောက်စေရ -

- က။ မဲရုံအဖွဲ့ဝင်များ။
- ခ။ ဆန္ဒမဲပေးမည့်သူများ။
- ဂ။ တာဝန်ကျရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ လုံခြုံရေး တာဝန်ပေးအပ်ခံရသူများ။
- ဃ။ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ (၄၂) အရ စာမတတ်သူများ၊ မသန်စွမ်းသူများကို ကူညီရန် ခွင့်ပြုထားသူများ။
- င။ ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ။
- စ။ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ/ အကူကိုယ်စားလှယ်များ။ (မဲရုံ တစ်ရုံတွင် ကိုယ်စားလှယ် အများဆုံး (၂) ယောက်စီ)
- ဆ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုထားသည့် ပြည်တွင်း၊ ပြည်ပမှ ရွေးကောက်ပွဲလေ့လာသူများ။

**မှတ်ချက်**

မဲရုံများတွင် မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ် နှစ်ဦးလုံး မဲရုံ အတွင်းသို့ ဝင်ရောက်ပါက လျှို့ဝှက်မဲပေးစနစ်ကို ထိခိုက်နိုင်လျှင် ၎င်းတို့ နှစ်ဦးအနက် တစ်ဦးစီသာ အလှည့်ကျ ဝင်ရောက်စေရေး မဲရုံမှူးမှ စီမံ ဆောင်ရွက်ရမည်။

အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲလေ့လာသူများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များ၊ လျှို့ဝှက်စွာဆန္ဒမဲပေးပိုင်ခွင့်နှင့် လိုအပ်သော အကွာအဝေးနေရာမှ ခြား၍ စောင့်ကြည့်ခြင်း လမ်းညွှန်ချက်ကို လိုက်နာရမည်။

**ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ်များသည် အောက်ပါ အခွင့်အရေးများ ရှိသည်။**

- က။ မဲပေးခြင်းမစတင်မီ မဲရုံတွင် လိုအပ်သော ပစ္စည်းများ စနစ်တကျ ထားရှိပေးထားခြင်း ရှိ/မရှိကို သေချာစေရန်နှင့် မဲဆန္ဒရှင်များလျှို့ဝှက်စွာ မဲပေးနိုင်ခြင်း ရှိ/မရှိ တို့ကို လေ့လာခွင့်ရှိသည်။
- ခ။ မဲပေးသည့်လုပ်ငန်းစဉ် အဆင့်အားလုံးနှင့် မဲရေတွက်ခြင်းကို စောင့်ကြည့်ခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးက မြို့နယ်ကော်မရှင် အဖွဲ့ခွဲကို လျှောက်ထားပါက မဲစာရင်းမိတ္တူတစ်စုံ ကို အခမဲ့ကူးယူခွင့် ရှိသည်။

ဂ။ မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးကောက်ပွဲကျင်းပရာမဲရုံ၏သတင်း အချက်အလက်များကိုပေးရမည်ဖြစ်သဖြင့်ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် စောင့်ကြည့်ခွင့်ရှိသကဲ့သို့ ရေးသားမှတ်တမ်းတင်ခွင့်ရှိသည်။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် မဲရေတွက်သည့်အချိန်တွင် စောင့်ကြည့်လေ့လာနိုင်သည်။ မဲရေတွက်ခြင်း ကို လေ့လာခြင်းမှသိရှိသမျှကို ရေးသားမှတ်တမ်း တင်နိုင်သည်။

ဃ။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် ရွေးကောက်ပွဲပြုလုပ်သည့်နေ့တွင် ကန့်ကွက် တိုင်တန်းခြင်းကို ပြုလုပ်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ၎င်းပါတီ၏တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်။

င။ မဲရုံအတွင်း ပုံမှန်မဟုတ်သော အခြေအနေများဖြစ်သည်ဟု ယုံကြည်လျှင် ရွေးကောက်ပွဲကိုယ်စားလှယ်သည် ထိုအခြေအနေကို မဲရုံမှူးသို့လည်းကောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ အခြားသက်ဆိုင်ရာ ရွေးကောက်ပွဲ အာဏာပိုင်များသို့လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လည်းကောင်း တိုင်တန်းနိုင်သည်။ ထို့အတူ လွှတ်တော်ကိုယ်စား လှယ်လောင်းအားလည်းသတင်းပို့ တင်ပြခွင့်ရှိသည်။

**ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်များသည် အောက်ပါတာဝန်ဝတ္တရား များ ရှိသည်။**

က။ ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ နှင့် Covid-19 ကူးစက်ရောဂါကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များကို နားလည် သဘောပေါက်ပြီး လေးစားရန်တာဝန်ရှိသည်။


ခ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အသိအမှတ်ပြုထားသည့် သက်ဆိုင်ရာစောင့်ကြည့်လေ့လာခွင့်ကတ်ပြားများကို တပ်ဆင်ထားရမည်။


ဂ။ မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ယဉ်ကျေးပျူငှာတည်ငြိမ် အေးချမ်းစွာဆောင်ရွက်ရမည်။ မဲပေးခြင်းကို ဟန့်တားနှောင့်နှေးစေခြင်း မဖြစ်စေရ။ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် မဲရုံအဖွဲ့ဝင်များအား ကျေနပ်မှုမရှိပါက တိုင်ကြားခွင့်ရှိသည်။ သို့သော် မဲပေးခြင်းလုပ်ငန်းကိုမူ ဟန့်တားနိုင်ခွင့်မရှိ။


ဃ။ မဲပေးသူအပေါ် မည်သည့်နည်းနှင့်မျှ လွှမ်းမိုးခြယ်လှယ်ရန် အားမထုတ်ရ။

## ရွေးကောက်ပွဲကိုယ်စားလှယ်နှင့် လေ့လာသူသက်သေခံကတ်ပြား နမူနာများ


















## ၂.၁။ ကြိုတင်ပြင်ဆင်မှုများ

၁။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်ပေးအပ်လွှာကို ရယူ ထားရန်။
၂။ မဲရုံသတ်မှတ်ခြင်းအား ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲနှင့် ညှိနှိုင်းဆောင်ရွက် ထားရန်။
၃။ မိမိတာဝန်ကျသည့် မဲရုံတွင် သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ၊ မသန်စွမ်းသူများနှင့် စာမတတ်သူမဲဆန္ဒရှင်များ မဲပေးရန်ရှိပါက ၎င်းတို့သက်တောင့်သက်သာ မဲပေးနိုင်ရန်အတွက် စီမံ ဆောင်ရွက်ထားရှိရန်။
၄။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် ညှိနှိုင်း၍ လိုအပ်သော မဲရုံသုံးပစ္စည်းများ ရရှိရေး ဆောင်ရွက်ရန်။
၅။ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်ကွက်မှုရှိပါက အစားထိုးတာဝန် ပေးအပ်နိုင်ရေးအတွက် ကြိုတင်စီစဉ် ဆောင်ရွက်ထားရန်။
၆။ မိမိတာဝန်ကျသည့် မဲရုံလုံခြုံမှုအခြေအနေနှင့် လိုအပ်သော စာရွက်စာတမ်းနှင့် ပစ္စည်းများ စုံလင်စွာ ရှိ/မရှိ စစ်ဆေးခြင်းနှင့် မဲရုံမှူးသည်မဲရုံနှင့် ပတ်သက်သောလိုအပ်သည့် ပစ္စည်းများ ရရှိရန်စိစစ်ပြီး နေရာတကျ ထားရန်။
၇။ မဲရုံတွင် မဲရုံအမှတ် ဆိုင်းဘုတ် ပြုလုပ်ထားရှိရန်။
၈။ မဲရုံ၏ပြင်ပတွင်လည်းကောင်း၊ မဲရုံအတွင်းတွင်လည်းကောင်း မဲဆန္ဒရှင်များ စနစ်တကျတန်းစီနိုင်ရန် အတွက် ကြိုးတန်း(သို့မဟုတ်) ဝါးတန်းဖြင့် ဆောင်ရွက်ထားရန်။
၉။ မဲရုံလုံခြုံရေးဝန်ထမ်းများသည် မဲရုံမဖွင့်မီ ဆောလျင်စွာရောက်ရှိပြီး မဲပေးခြင်း စတင်ပါက မဲဆန္ဒရှင်များ ကို စီတန်းရာတွင် စနစ်တကျဖြစ်စေရေး ကူညီစီစဉ်ရန်။

## ၂.၁.၁။ ။ မဲရုံတွင် လိုအပ်သော စာရွက်စာတမ်းနှင့်ပစ္စည်းများစာရင်း

| အမည် | သရုပ်ပြပုံ | အမှန်ခြစ် ခြစ်ရန် |
|---|---|---|
| မဲဆန္ဒရှင်စာရင်းများ (မဲရုံတွင်လိုအပ်မည့်ပုံစံများစာရင်း ဤစာအုပ်တွင် သီးသန့်ဖော်ပြထားပါသည်။) |  | ✔ |
| ဆန္ဒမဲလက်မှတ်များ (မဲလက်မှတ်နှင့် လက်ခံဖြတ်ပိုင်းများ) |  | ✔ |
| ဆန္ဒပြုသည့် တံဆိပ်တုံးများ (ဆန္ဒမဲပေးရန်) |  | ✔ |
| လျှို့ဝှက်ဆန္ဒပြုခန်းများ |  | ✔ |
| မဲပုံးများ (မဲရုံနှင့် ကြိုတင်မဲ) |  | ✔ |
| နံပါတ်စဉ်လိုက်ပါဝင်သော တစ်ခါသုံးလုံခြုံရေး ပလတ်စတစ်ကြိုး (မဲပုံးတစ်ပုံးလျှင် လေးကြိုး) |  | ✔ |
| မင်အိုး (ဆန္ဒမဲမပေးနိုင်ရေး အတွက် မင်တို့၍ အမှတ်အသား ပြုလုပ်ရန် |  | ✔ |
| ဝါးတန်း သို့မဟုတ် ကြိုးတန်း (နေရာအကွာအဝေး သတ်မှတ် တန်းစီရန်) |  | ✔ |


| | | |
|---|---|---|
| တာလီမှတ်ရန် စာရွက်ပုံစံ |  | ✔ |
| မဲပေးခြင်းနှင့်<br>မဲရေတွက်ခြင်းဆိုင်ရာ ပုံစံများ |  | ✔ |
| မဲရုံမှူးလက်စွဲစာအုပ် |  | ✔ |
| မင်ခံခွက် (လက်ဗွေနှိပ်ရာတွင်<br>အသုံးပြုရန်) |  | ✔ |
| ချိပ်တံဆိပ်နှင့် ချိပ်တောင့်<br>(လုံခြုံရေး အိတ်များကို<br>ချိတ်ပိတ်ရာတွင် အသုံးပြုရန် |  | ✔ |
| ဖယောင်းတိုင်၊ မီးခြစ် |  | ✔ |
| မဲရုံအမှတ် ရေးသားထားသည့်<br>ဆိုင်းဘုတ် |  | ✔ |
| ဘောပင်များ |  | ✔ |
| ဆာလာအိတ်များ |  | ✔ |
| လည်ပင်းတွင်ချိတ်ဆွဲထားရန် ID<br>Cards ကြိုးများ (မဲရုံအဖွဲ့ဝင်များ<br>အနေဖြင့်သိသာစေရန်) |  | ✔ |


| | | |
|---|---|---|
| ပေတံ (ဆန္ဒမဲလက်မှတ် ဖြတ်ပေးရန်) |  | ✔ |
| ခြင်းတောင်းများ |  | ✔ |
| ပျက်စီးသွားသော မဲလက်မှတ်များ ထည့်ရန် စာအိတ် |  | ✔ |
| ပုံစံ (၁၆)နှင့် (၁၆-က) ထည့်ရန် စာအိတ်များ |  | ✔ |
| LED မီးအိမ် (မီးအားအပြည့်ကြိုတင် အားသွင်းထားရန်) |  | ✔ |
| ပေကြိုး |  | ✔ |
| ချုပ်စက်နှင့် သားရေကွင်းများ |  | ✔ |
| ခဲတံချွန်ဓားနှင့် ကတ်ကြေး |  | ✔ |
| မျက်နှာဖုံးများ (မဲရုံအဖွဲ့ဝင်များနှင့်အသက်ရှူ လမ်းကြောင်း ဆိုင်ရာ ရောဂါ လက္ခဏာရှိသော မဲဆန္ဒရှင်များအတွက်) |  | ✔ |


| | | |
|---|---|---|
| တစ်ခါသုံး ဆေးရုံသုံး Masks များ (မဲရုံအဖွဲ့ဝင်များနှင့် မတပ်ဆင်လာသော မဲဆန္ဒရှင်များအတွက်) |  | ✔ |
| တစ်ခါသုံးလက်အိတ်များ (မဲရုံအဖွဲ့ဝင်များနှင့်အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာရှိသော မဲဆန္ဒရှင်များအတွက်) |  | ✔ |
| ရေမလို လက်သန့်ဆေးရည် (မဲရုံအဝင်ဝ(၁)ဘူး၊ မဲစာရင်းစစ်ဆေးသူ/ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ (၁) ဘူးနှင့်မင်တို့သူ (၁) ဘူး |  | ✔ |
| အမှိုက်ပုံး |  | ✔ |
| ပိုးသတ်ဖြန်းဆေးရည် |  | ✔ |

## ၂.၁.၂။ ။ မဲရုံတွင် လိုအပ်မည့် ပုံစံများစာရင်း

| အမည် | သရုပ်ပြပုံ | အမှန်ခြစ် ခြစ်ရန် |
|---|---|---|
| ပုံစံ (၁) | မဲဆန္ဒရှင်စာရင်း - လွှတ်တော်သုံးရပ် ရွေးကောက်ပွဲများ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံမှ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့အတွက် ပုံစံ (၁) ဖြင့် ပြုစုထားသည့်အတိုင်းမဲစာရင်းရယူထားရန်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ပုံစံ (၁) ပေါ်တွင် အောက်ဖော်ပြပါအတိုင်းမှတ်သားထားသော<br>■ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးပြီးသူများစာရင်း<br>■ မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးပြီးသူများစာရင်း တို့ကို ရယူထားရမည်။ **တစ်စုံကို မဲရုံအပြင်ဘက်တွင် ကပ်ထားပြီး** တစ်စုံကို မဲစာရင်းစစ်ဆေးသူထံသို့ ပေးရမည်။<br> | ✔ |
| ပုံစံ (၁ - က) | မဲဆန္ဒရှင်စာရင်း - တိုင်းရင်းသား မဲဆန္ဒရှင်စာရင်း။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံမှ တိုင်းဒေသကြီး /ပြည်နယ်လွှတ်တော် တိုင်းရင်းသား မဲဆန္ဒရှင်စာရင်း တို့အတွက် ပုံစံ (၁ - က) ဖြင့်ပြုစုထားသည့်အတိုင်းရယူထားရန်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ပုံစံ (၁ - က) ပေါ်တွင် အောက်ဖော်ပြပါအတိုင်းမှတ်သားထားသော<br>■ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးပြီးသူများစာရင်း<br>■ မဲဆန္ဒနယ်ပြင်ပ ကြိုတင် ဆန္ဒမဲပေးပြီးသူများစာရင်း တို့ကို ရယူထားရမည်။ **တစ်စုံကို မဲရုံအပြင်ဘက်တွင် ကပ်ထားပြီး** တစ်စုံကို မဲစာရင်းစစ်ဆေးသူထံသို့ ပေးရမည်။<br> | ✔ |

| | | |
|---|---|---|
| ပုံစံ (၈) | ရွေးကောက်ပွဲ ကိုယ်စားလှယ်/အကူကိုယ်စားလှယ်ခန့်စာ မဲရုံမှူးရှေ့မှောက်၌ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့က ပုံစံ (၈) တွင် လက်မှတ်ရေးထိုးစေရန်နှင့် မဲရုံမှူးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး သိမ်းဆည်းထားရန်။ ကိုယ်စားလှယ်/ အကူကိုယ်စားလှယ် နှင့် မဲရုံမှူးသည်သက်မှတ်ထားသောနေရာတွင် လက်မှတ် ရေးထိုးရမည်။  | ✔ |
| ပုံစံ (၁၁) | ဆန္ဒမဲပေးခြင်းမစမီ ဆန္ဒမဲလက်မှတ်များ ရေတွက်စစ်ဆေးခြင်း မှတ်တမ်းဆန္ဒမဲပေးခြင်းမစမီ မဲရုံမှူးသည် မိမိယူလာသော ဆန္ဒမဲလက်မှတ်များကို ဒုတိယမဲရုံမှူး နှင့် မဲရုံအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ (၁၁) ဖြင့် မှတ်တမ်း တင်ထားရန်။  | ✔ |

<table>
<tr>
<td>ပုံစံ (၁၁ - ခ)</td>
<td>ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ မဲရုံမှူးသို့ ဆန္ဒမဲ လက်မှတ်ထုတ်ပေးသည့်စာရင်း။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံမှ လွှတ်တော်အလိုက် ဆန္ဒမဲ လက်မှတ်စာအုပ်များကို ပုံစံ (၁၁ - ခ) တွင် လက်မှတ်ရေးထိုး၍ ရယူထားရန်၊ ယင်းသို့ ရယူရာတွင် မိမိမဲရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၀၀ ရှိမည်ဆိုပါက ဆန္ဒမဲလက်မှတ် ၅၀ စီပါရှိသော ဆန္ဒမဲလက်မှတ် စာအုပ် ၆ အုပ် ကို ရယူရမည်။ အစွန်းထွက်ဦးရေအတွက် လက်မှတ် များကို ရယူရာတွင် အစွန်းထွက်သော ဦးရေအတိုင်း ဆန္ဒမဲလက်မှတ် များကို ရေတွက်ရယူရန် မဟုတ်ဘဲ စာအုပ်တစ်အုပ်ရယူရန်။<br>ဥပမာ - ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၀၅ ဦးရှိလျှင် ဆန္ဒမဲလက်မှတ် ၇ အုပ်၊ ၃၅၅ ဦးရှိလျှင်ဆန္ဒမဲလက်မှတ်(၈)အုပ်ရယူရန်။<br>
<br>
ပုံစံ(၁၁-ခ)<br>
လွှတ်တော်ရွေးကောက်ပွဲများ<br>
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ် ထုတ်ပေးသည့် စာရင်း<br>
[နည်းဥပဒေ၄၀(ခ)]<br>
------------------- ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
<table>
<tr><td>စဉ်</td><td>လွှတ်တော်</td><td>မဲဆန္ဒနယ်</td><td>ဆန္ဒမဲလက်မှတ် အရေအတွက်<br>အုပ်ရေ</td><td>ဆန္ဒမဲလက်မှတ် အရေအတွက်<br>ရွက်ရေ</td><td>မှတ်ချက်</td></tr>
<tr><td>၁<br>၂<br>၃<br>၄</td><td>ပြည်သူ့လွှတ်တော်<br>အမျိုးသားလွှတ်တော်<br>တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်<br>တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်</td><td>--------------- မြို့နယ်မဲဆန္ဒနယ်<br>မဲဆန္ဒနယ်အမှတ်(  )<br>--------------- မြို့နယ်မဲဆန္ဒနယ်အမှတ်(  )<br>--------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်<br>--------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်<br>--------------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်</td><td></td><td></td><td></td></tr>
<tr><td></td><td></td><td>စုစုပေါင်း</td><td></td><td></td><td></td></tr>
</table>
အထက်ပါအတိုင်း ဆန္ဒမဲလက်မှတ်စာအုပ်(    )၊ရွက်ရေ (    )စောင်ကိုထုတ်ပေး/လက်ခံရရှိပါသည်။<br>
ဥက္ကဋ္ဌ အတွင်းရေးမှူး<br>
--------------- ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ<br>
ရက်စွဲ၊ -----------------<br>
မဲရုံမှူး<br>
အမည်၊ -----------------------<br>
မဲရုံအမှတ်၊ -----------------------<br>
ရက်စွဲ၊ -----------------------</td>
<td>✔</td>
</tr>
<tr>
<td>ပုံစံ (၁၂)</td>
<td>မဲစာရင်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက် အကျဉ်းချုပ်။<br>ပုံစံ (၁၂) သည် မဲစာရင်းပေါ်တွင် မဲပေးသည့်နေ့၌မဲရုံတွင် မဲစာရင်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက် အကျဉ်းချုပ်ကို မှတ်တမ်းတင်ရာတွင် အသုံးပြုပါသည်။ ပြင်ဆင်ခြင်းဟုဆိုရာတွင် အမည်စာလုံးပေါင်းမှားခြင်း၊ လိပ်စာ မှားခြင်း၊ နှင့် မဲစာရင်းတွင် မပါဝင်သင့်သူတို့ ၏ အမည်များပါခြင်းတို့ဖြစ်ပါသည်။<br>နည်းဥပဒေ ၅၀(ဂ) အရ သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမှန် ဖြစ်ကြောင်း တာဝန်ခံ၍ပြောဆိုနိုင်သူရှိလျှင် မှားယွင်းချက်ကိုပြင်ဆင် ရေးမှတ်၍ ဆန္ဒမဲပေးခွင့်ပြုရမည်။<br>
</td>
<td>✔</td>
</tr>
</table>

| | | |
|---|---|---|
| ပုံစံ (၁၃) | မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးသူများစာရင်းမဲရုံဖွင့်ချိန် မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက နည်းဥပဒေ ၅၁ (ဆ) အရ ကြိုတင်မဲပေးပြီးသူများ စာရင်း ပုံစံ(၁၃) လေးစောင် နှင့် ဆန္ဒ ပြုပြီးသော မဲလက်မှတ် စာအိတ်များ ထည့်ထားသည့် လုံခြုံရေးကြိုးဖြင့် ပိတ်ထားသောမဲပုံးကို မဲလက်ခံ ဖြတ်ပိုင်း နှင့်အတူ မဲရုံမှူးထံ လာရောက်အပ်နှံသောအခါ ပုံစံ (၁၃) များတွင် လက်မှတ်ရေး ထိုး၍ ရယူရမည်။ ထို့နောက် ပုံစံ (၁၃) တစ်စောင်ကို မဲရုံတွင် ကပ်ထားကြေညာပြီး နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည် ပေးအပ်ရမည်။ ကျန်ပုံစံ (၁၃) တစ်စောင်ကို မိမိလက်ဝယ် သိမ်းဆည်း ထားရန်။<br>မဲရုံမှူးသည် ပုံစံ (၁၃) အားလုံးကို လက်မှတ်ထိုးထားရမည်။<br>ပုံစံ (၁၃) တစ်စောင်ကို **မဲရုံတွင် ကပ်ထားကြေညာရန်။**<br>ပုံစံ (၁၃) တစ်စောင်ကို မိမိလက်ဝယ် သိမ်းဆည်း ထားရန်။<br>ပုံစံ(၁၃)နှစ်စောင်ကိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည် ပေးအပ်ရမည်။<br> | ✔ |
| ပုံစံ (၁၄) | လွှတ်တော် (၃)ရပ် အလိုက် ကန့်ကွက်မဲစာရင်း။<br>ဆန္ဒမဲလက်မှတ်တောင်းဆိုသူသည် မိမိသာလျှင် မဲဆန္ဒရှင် အမှန်ဖြစ်ကြောင်း နှင့် သူတစ်ပါးအယောင်ဆောင်၍ မဲထည့်ခြင်း ဖြစ်ပါက ပြစ်ဒဏ်ကျခံရမည်ဟု မဲရုံမှူး၏ ရှင်းလင်းပြောကြားချက်ကို နားလည်သဘောပေါက်ကြောင်း ဝန်ခံရာတွင် အသုံးပြုရန်။<br> | ✔ |

| | | |
|---|---|---|
| ပုံစံ (၁၆) | လွှတ်တော်တစ်ခုချင်း အလိုက် ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသောဆန္ဒမဲ စာရင်း။<br>ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသော မဲပုံးမှ ထုတ်ယူရရှိသည့်ကြိုတင်ဆန္ဒမဲ လက်မှတ် နှင့်မဲရုံတွင် ရေတွက်ရရှိသော ဆန္ဒမဲလက်မှတ်စုစုပေါင်းကိုဖော်ပြထားသည့်စာရင်း ဖြစ် သည်။<br>မဲရေတွက်ခြင်း ပြီးဆုံးပါက မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်၊ မဲပုံးမှ ထုတ်ယူရရှိသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်၊ ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါင်း၊ ပယ်မဲပေါင်း နှင့် ပျောက်ဆုံးသွားသောမဲပေါင်းတို့ ဖြည့်သွင်းရပါမည်။<br>မဲရုံမှူးသည် ပုံစံ (၁၆) အားလုံးကို လက်မှတ်ထိုးထားရမည်။<br>ပုံစံ (၁၆) တစ်စောင်ကို **မဲရုံတွင် ကပ်ထားကြေညာရန်။**<br>ပုံစံ (၁၆) တစ်စောင်ကို မိမိလက်ဝယ် သိမ်းဆည်း ထားရန်။<br>ပုံစံ(၁၆)နှစ်စောင်ကိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်ရမည်။<br>ပုံစံ (၁၆) တစ်စောင်ကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ တစ်စောင် ပေးအပ်ရမည်။<br> | ✔ |
| ပုံစံ (၁၆-က) | လွှတ်တော်တစ်ခုချင်းအလိုက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်လောင်းတစ်ဦးစီရရှိသောဆန္ဒမဲစာရင်း။<br>ပုံစံ (၁၆-က) တစ်စောင်ကို **မဲရုံတွင် ကပ်ထားကြေညာရန်။**<br>ပုံစံ (၁၆-က) တစ်စောင်ကို မိမိလက်ဝယ် သိမ်းဆည်း ထားရန်။<br>ပုံစံ(၁၆-က)နှစ်စောင်ကိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ ပေးအပ်ရမည်။<br>ပုံစံ (၁၆-က) တစ်စောင်ကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ တစ်စောင် ပေးအပ်ရမည်။<br> | ✔ |

| | | |
|---|---|---|
| ပုံစံ (၁၆-၁) | အသုံးမပြုဘဲ ကျန်ရှိနေသော ဆန္ဒမဲလက်မှတ်များ စာရင်း။<br>မဲရုံမှူးမှ ပြုစုထားသော အသုံးမပြုဘဲ ကျန်ရှိနေသော ဆန္ဒမဲ လက်မှတ်များ စာရင်းဖြစ်သည်။ နောက်ဆက်တွဲ (ဂ) ပြုစုပြီးချိန်တွင် မဲရုံမှူးမှ ပြုစုရန် ဖြစ်သည်။<br> | ✔ |
| ပုံစံ (၁၇) | လွှတ်တော်အလိုက်ဆန္ဒမဲလက်မှတ် နှင့်ကြိုတင်ဆန္ဒမဲလက်မှတ် ပယ်မဲစာရင်း။<br>မဲရုံတွင်ပေးသောဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲ လက်မှတ် ပယ်မဲစာရင်း ဖြစ်သည်။ ဆန္ဒမဲလက်မှတ်၏အမှတ်စဉ်ကို ရေးသားဖော်ပြရမည့် ကိန်းဂဏန်းသည် မဲရေတွက်နေစဉ် ပယ်မဲဖြစ်ကြောင်း မှတ်တမ်းတင်ရာ၌ ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင်ရေးသားခဲ့သော နံပါတ်စဉ် ဖြစ်သည်။<br> | ✔ |
| ပုံစံ (၁၇-က) | တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်တိုင်းရင်းသား လူမျိုး မဲဆန္ဒနယ် ပယ်မဲစာရင်း။<br>မဲရုံတွင်ပေးသောဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲ လက်မှတ် ပယ်မဲစာရင်း ဖြစ်သည်။ ဆန္ဒမဲလက်မှတ်၏အမှတ်စဉ်ကို ရေးသား ဖော်ပြရမည့် ကိန်းဂဏန်းသည် မဲရေတွက်နေစဉ် ပယ်မဲဖြစ်ကြောင်း မှတ်တမ်းတင်ရာ၌ ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ရေးသားခဲ့သော နံပါတ်စဉ် ဖြစ်သည်။<br> | ✔ |

| | | |
|---|---|---|
| **နောက်ဆက်တွဲ ပုံစံ (ခ)** | မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ။<br>မဲစာရင်းစစ်ဆေးသူများမှ မဲပေးပြီးချိန်တွင် မဲရုံမှူးသို့ ပြန်လည်အပ်နှံရာတွင် အသုံးပြုသည်။<br>  | ✔ |
| **နောက်ဆက်တွဲ ပုံစံ (ဂ)** | ဆန္ဒမဲလက်မှတ်စာအုပ်များကို ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ မဲရုံအဖွဲ့ဝင် များသို့ ထုတ်ပေး သည့်အခါ အသုံးပြုရန်ပုံစံ။<br>ဆန္ဒမဲလက်မှတ်ထုတ်ပေးသူများမှ မဲပေးပြီးချိန်တွင် မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ်မည်မျှထုတ်ပေးပြီးကြောင်း ပုံစံဖြင့် ပြန်လည် အပ်နှံရာတွင် အသုံးပြုသည်။<br>  | ✔ |
| **နောက်ဆက်တွဲ ပုံစံ (ဃ)** | ဖြစ်စဉ်မှတ်တမ်း။<br>ဖြစ်စဉ်မှတ်တမ်းတွင် ဆောင်ရွက်ချက် တစ်ခုစီအတွက် မှတ်တမ်းတင် ရေးသွင်းပြီးသည့် အခါတိုင်း မဲရုံမှူးနှင့်အတူ လိုက်ပါ ဆောင်ရွက်သော သူများက လက်မှတ်ထိုးရန် အသုံးပြုသည်။<br> | ✔ |

ပုံစံများကို အရောင် ဖြင့် ခွဲခြား၍ ၎င်းတို့၏ ဆောင်ရွက်မှုများကို ခွဲခြား သိစေနိုင်ခြင်း

အနက် – တိုင်းရင်းသား အပါအဝင် လွှတ်တော်သုံးရပ်ကိုကိုယ်စားပြုသည်။ လွှတ်တော်အရပ်ရပ် အတွက် ပုံစံ၏ ဆောင်ရွက်မှု သည်ကွဲပြားခြင်းမရှိပါ။

ခရမ်း – လွှတ်တော်တစ်ရပ်ခြင်းစီအတွက်ကိုယ်စားပြုသည်။

အစိမ်း – တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် အတွက်သီးသန့်ကိုယ်စားပြုသည်။

အပြာ – တိုင်းရင်းသားအပါအဝင် လွှတ်တော်တစ်ရပ်ခြင်းစီကို ကိုယ်စားပြုသည်။
လွှတ်တော်အရပ်ရပ်အတွက် ပုံစံ၏ ဆောင်ရွက်မှု သည်ကွဲပြားခြင်းရှိကောင်းရှိနိုင်ပါ သည်။

**မှတ်ချက်**

အောက်ဖော်ပြပါ ပုံစံများကို မဲရုံတွင် ကပ်ထားပေးရမည်။

ပုံစံ (၁)

ပုံစံ (၁-က) (ရှိပါက)

ပုံစံ (၁၃)

ပုံစံ (၁၆)

ပုံစံ (၁၆-က) (ရှိပါက)

## ၂.၁.၃။ ။ ရွေးကောက်ပွဲနေ့တွင် စစ်ဆေးရမည့်အချက်များ

| | | |
|---|---|---|
| ၁။ | မဲရုံအနေအထားကို Covid 19 ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထား မှုများ ပြည့်စုံခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေးရန်။ | ✔ |
| ၂။ | **၂.၁.၁ – မဲရုံတွင် လိုအပ်သော စာရွက်စာတမ်းနှင့်ပစ္စည်းများစာရင်း** တွင်ပါဝင်သော ပစ္စည်းများကို လက်ခံရရှိပြီး/မပြီး ပြန်လည် စစ်ဆေးရန်။ | ✔ |
| ၃။ | **၂.၁.၂ – မဲရုံတွင်လိုအပ်မည့် ပုံစံများစာရင်း** လက်ခံရရှိပြီး/မပြီး ပြန်လည်စစ်ဆေးရန်။ | ✔ |
| ၄။ | မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်မှ ပုံစံ(၈)တွင် လက်မှတ် ရေးထိုးရန်။ | ✔ |
| ၅။ | လွှတ်တော်အလိုက်ဆန္ဒမဲလက်မှတ်စာအုပ်များကိုပုံစံ (၁၁ – ခ)တွင် ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲများထံ မှ လက်မှတ်ရေးထိုး ရယူထားရန် | ✔ |
| ၆။ | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေအလိုက် ဆန္ဒမဲလက်မှတ် စာအုပ်များထုတ်ယူရန်။ (ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများမှ) | ✔ |
| ၇။ | မိမိရယူထားသော လွှတ်တော် အရပ်ရပ်အတွက် (တိုင်းရင်းသား လူမျိုး အပါအဝင်) ဆန္ဒမဲလက်မှတ် စာအုပ်အမျိုးအစားနှင့် အရေအတွက်တို့ကို ရေတွက် ၍ ပုံစံ(၁၁) ဖြင့် မှတ်တမ်းတင်ထား ရန် ။ | ✔ |
| ၈။ | ဆန္ဒမဲပုံး၏ အပေါက်သည် မဲလက်မှတ်ကို ခေါက်၍ ထည့်ပါက ဝင်ဆံ့နိုင်ရမည်။<br>မှတ်ချက်။ ။ မဲပုံး၌ဆန္ဒမဲလက်မှတ် ထည့်သည့်အပေါက် ကျဉ်းလွန်းခြင်း၊ ကျယ်လွန်းခြင်းများရှိပါကရပ်/ကျေးကော်မရှင် အဖွဲ့ခွဲသို့ တင်ပြ၍ ပြုပြင်ရန် ။ | ✔ |
| ၉။ | ဆန္ဒမဲပေးခြင်းမစတင်မီတွင် မဲလက်မှတ်များကိုလက်မှတ်ရေးထိုးထားရမည်။<br>မှတ်ချက်။ မဲရုံမှူးလက်မှတ်မပါသော မဲလက်မှတ်များကို ပယ်မဲအဖြစ်သက်မှတ်နိုင်သည့်အတွက် မဲရုံမှူး၏လက်မှတ်သည် အရေးကြီးပါသည်။ မဲဆန္ဒရှင်နှင့် ဆန္ဒမဲလက်မှတ်ထုတ်ပေးသူများသည် မဲလက်မှတ်တွင် မဲရုံမှူး၏လက်မှတ် ပါ/မပါ စစ်ဆေးရမည်။ | ✔ |
| ၁၀။ | မဲရုံဖွင့်ချိန်မတိုင်မီ သက်ဆိုင်ရာရပ်/ကျေးကော်မရှင်အဖွဲ့ခွဲက ပေးပို့လာသည့် ကြိုတင်မဲ ပေးသူများစာရင်း ပုံစံ(၁၃) လေးစောင် နှင့် ဆန္ဒပြုပြီးသော မဲလက်မှတ် စာအိတ်များ ထည့်ထားသည့် လုံခြုံရေးကြိုးဖြင့် ပိတ်ထားသော မဲပုံးနှင့်အတူ မဲလက်ခံ ဖြတ်ပိုင်း များအား ပုံစံ (၁၃) များတွင် လက်မှတ်ရေးထိုး၍ လက်ခံထားရန် ။<br>• လုံခြုံရေးကြိုးများဖြင့်ပိတ်ထားသည့်ကြိုတင်မဲဆန္ဒ မဲလက်မှတ်များပါသည့်မဲပုံး<br>• ကြိုတင်မဲဆန္ဒ မဲလက်မှတ်၏ လက်ခံဖြတ်ပိုင်းများနှင့် အဆိုပါကြိုတင်မဲများ လက်ခံရရှိကြောင်း စာရွက် | ✔ |
| ၁၁။ | ပုံစံ (၁၃) အရ ကြိုတင်မဲပေးပြီး သူများ၏အမည်များကို သက်ဆိုင်ရာ မဲစာရင်းတွင် ကြိုတင်မဲပေးပြီးကြောင်း မှတ်သားထားရန်။ | ✔ |
| ၁၂။ | ပုံစံ (၁၃) နှစ်စောင်ကို ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်ပေး အပ်ရန်။ ကျန်တစ်စောင်ကို မိမိလက်ဝယ်တွင် ထားရှိရန်။ | ✔ |
| ၁၃။ | ပုံစံ (၁၃) တစ်စောင်ကို မဲရုံတွင်ကပ်ထား ကြေညာရန်။ | ✔ |

| | | |
|---|---|---|
| ၁၄။ | လွှတ်တော်အလိုက် မဲစာရင်းပုံစံ(၁) တစ်စုံ(သို့မဟုတ်) နှစ်စုံ ရယူထားရန်။ သက်ဆိုင်ရာလွှတ်တော်မဲစာရင်း တစ်စုံစီကို သက်ဆိုင်ရာမဲစာရင်း စစ်ဆေးသူများသို့ နောက်ဆက်တွဲပုံစံ (ခ)ဖြင့် ပေးအပ်ရန်။ | ✔ |
| ၁၅။ | ပုံစံ (၁၁) အရ လက်ဝယ်တွင်ရရှိထားသော သက်ဆိုင်ရာ လွှတ်တော်အလိုက် ဆန္ဒမဲလက်မှတ်အရေအတွက် များကို (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအပါ) စစ်ဆေးရန်။ | ✔ |
| ၁၆။ | သက်ဆိုင်ရာလွှတ်တော်အတွက် ပေးအပ်ရမည့် ဆန္ဒမဲလက်မှတ်စာအုပ်များကို သက် ဆိုင် ရာမဲလက်မှတ် ထုတ်ပေးသူများသို့ နောက်ဆက်တွဲ ပုံစံ (ဂ)ဖြင့် ပေးအပ်ရန်။ | ✔ |
| ၁၇။ | မဲရုံမှူး၏ နာရီအား မြန်မာစံတော်ချိန်နှင့် အချိန်ညှိထားရန်။ | ✔ |
| ၁၈။ | လက်မှတ်ရေးထိုးထားပြီးသော မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ် ခန့်အပ်စာ ပုံစံ (၈)များကိုလက်ခံရယူရန်နှင့် မဲရုံမှူးမှ အဆိုပါပုံစံ(၈) ပေါ်တွင်လက်မှတ်ရေးထိုးထားရန်။ | ✔ |
| ၁၉။ | မဲပုံးများသည် နံပါတ်စဉ်ပါသော လုံခြုံရေး ကြိုးများဖြင့် မချည်နှောင်မီ အလွတ် ဖြစ်ရမည်။ မဲရုံအဖွဲ့ဝင်များ နှင့် အသိသက်သေများ ရှေ့မှောက်တွင် အဆိုပါ နံပါတ်စဉ်ပါသော လုံခြုံရေး ကြိုးများဖြင့် မဲပုံးများကို ချိတ်ပိတ်ရမည်။ လုံခြုံရေး ကြိုးများကို မဲရုံမှူးလက်စွဲပါ နောက်ဆက်တွဲ (င) တွင် မှတ်သားရမည်။ အသိ သက်သေများကို လုံခြုံရေးကြိုးနံပါတ်စဉ် မှတ်သားလိုပါက မှတ်သားခွင့် ပြုရမည်။ | ✔ |

## ၂.၂။ မသန်စွမ်းသူများနှင့်အကူအညီလိုအပ်သူမဲဆန္ဒရှင်များမဲပေးခြင်း

မသန်စွမ်းသူမဲဆန္ဒရှင်များ၊ စာမတတ်သူများ၊ သက်ကြီးရွယ်အို မဲဆန္ဒရှင်အများစုသည် အကူအညီမပါဘဲ ဆန္ဒမဲပေးနိုင်ကြသော်လည်း အချို့မှာမူ အကူအညီမပါဘဲ ဆန္ဒမဲပေးနိုင်ခြင်း မရှိကြချေ။ ၎င်းတို့အနေဖြင့် ဆန္ဒမဲထည့်ရန်အတွက် မိမိစိတ်ကြိုက်ရွေးချယ်ထားသူတစ်ဦးကို အကူအညီ ရယူရန်ခေါ်လာခွင့်ရှိသည်။ အကူအညီလိုအပ်သော မဲဆန္ဒရှင်များကို ပြောဆိုရာတွင် ၎င်းတို့နှင့်အတူ အဖော်အဖြစ် လိုက်ပါလာသူကို သာမက သက်ဆိုင်ရာ မဲဆန္ဒရှင် ကိုပါ တိုက်ရိုက်ပြောကြားပါ။



### ၂. ၂. ၁။မသန်စွမ်းသူများအတွက် မဲရုံတွင် လိုအပ်သည့်အချက်များ (ကိုယ်အင်္ဂါ မသန်စွမ်း သူများ)

၁။ မဲရုံအဝင်၊ အထွက်လမ်းတွင် မဲဆန္ဒရှင် ပြည်သူများနှင့် မသန်စွမ်းသူများအားလုံး လွယ်ကူအဆင်ပြေစွာ သွားလာနိုင်စေရန် လွန်စွာမတ်စောက်မှုမရှိဘဲ မြေပြင်နှင့် ကပ်လျက်ရှိသည့် ဆင်ခြေလျှောလမ်းများ ပြင်ဆင် ထားရှိရန်။ (မှတ်ချက် - အမြင့် (၁) ပေ ရှိတိုင်း အလျား (၁၀) ပေ အချိုးဖြင့် ဆင်ခြေလျှောလမ်းများ ပြုလုပ်ရမည်။)

၂။ မဲရုံဝင်ပေါက်၊ ထွက်ပေါက်သည် Wheel Chair အသုံးပြုသူများ အပါအဝင် မသန်စွမ်းသူ မဲဆန္ဒရှင် မည်သူမဆို လွယ်ကူစွာသွားလာနိုင်သည့် အကျယ်အဝန်း သတ်မှတ် ပြင်ဆင်ထားရှိရန်။ (မှတ်ချက် - မဲရုံဝင် ပေါက်၊ ထွက်ပေါက်နှင့် မဲရုံအတွင်း လျှောက်လမ်းများသည် အနည်းဆုံး (၃) ပေ အကျယ် ဖြစ်ရမည်။)

၃။ အထက်ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော မဲရုံများတွင် မဲရုံဝင်ပေါက်၊ ထွက်ပေါက်နှင့် အနီးဆုံး အများပြည်သူ မြင်သာသည့် နေရာများ၌ နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် Wheel Chair ပုံသင်္ကေတ အမှတ်အသား ကပ်ထား ရန်။

၄။ ဆန္ဒပြုခန်းနှင့် မဲပုံးများ၏ အနိမ့်အမြင့်အနေအထားသည် Wheel Chair အသုံးပြုသူများ အပါအဝင် မသန်စွမ်းသူမဲဆန္ဒရှင်များ တစ်ပါးသူအကူအညီမလိုဘဲ ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင် ဆင်ထားရန်။ (မှတ်ချက် - ဆန္ဒပြု ခန်း၏စားပွဲနှင့် မဲပုံးတင်သည့် စားပွဲများ၏ အမြင့်သည် ကြမ်းပြင်မှ အမြင့် (၂) ပေခွဲခန့် ထားရှိရမည်ဖြစ်ပြီး မဲပုံး၏အမြင့်သည် ကြမ်းပြင်မှ အမြင့်ဆုံး (၃) ပေ ထားရှိရမည်ဖြစ်သည်။ Wheel Chair အသုံးပြုသူများ အဆင်ပြေစေရေးအတွက် မဲရုံအတွင်း အသုံးပြုသော စားပွဲများအားလုံးတွင် အောက်ခြေချုပ်တန်းများ မရှိစေရန်။)

၅။ မဲရုံပရိဝုဏ်အတွင်းတွင်လည်း အထောက်အကူပြုကိရိယာ အသုံးပြုသူ မသန်စွမ်းသူ မဲဆန္ဒရှင်များအတွက် ကျယ်ဝန်းရှင်းလင်းကာ ညီညာပြန့်ပြူးသည့် ကြမ်းပြင်ပါရှိပြီး ဆန္ဒရှိသလို လွတ်လပ်စွာရွေ့လျားသွားလာနိုင်သည့် နေရာ အကျယ်အဝန်းမျိုး ပြင်ဆင် ထားရှိရန်။

### ၂. ၂. ၂။ အမြင်အာရုံ မသန်စွမ်းသူများ



၁. မဲရုံအတွင်းသို့ အမြင်အာရုံ မသန်စွမ်းသူများ လာရောက်ဆန္ဒမဲ ပေးပါက ၎င်းတို့စိတ်ကြိုက် ရွေးချယ်ခေါ်ဆောင်လာသည့် မိသားစုဝင်(သို့မဟုတ်) သူငယ်ချင်း (သို့မဟုတ်)အကူ လူတစ်ဦးအား လိုက်ပါခွင့်ပြုရန်နှင့် အကူမပါရှိပါက အဆင်ပြေ စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံဝန်ထမ်း များက အကူအညီ ပေးရန်။
ထို့အပြင်၊ မဲဆန္ဒရှင်၏ တောင်းဆိုမှုဖြင့် မဲရုံမှူးမှ မဲလက်မှတ် ဖြည့်သွင်းရာတွင် အကူအညီပေးခြင်းနှင့် မဲရုံအဖွဲ့ဝင်တစ်ဦး အား လျှို့ဝှက်ဆန္ဒမဲပေးခန်းသို့ သွားရောက်နိုင်ရန် ကူညီပေး ခြင်း တို့ဖြင့်ပံ့ပိုးပေးရန်။ သို့သော် မဲရုံဝန်ထမ်းများ အားလုံးသည် မည်သည့် နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်း အပေါ်တွင် ဘက်လိုက်ကာ မဲဆန္ဒရှင်များအား လွှမ်းမိုးခြင်း မပြုရန် ။

၂. မဲရုံဝင်ပေါက်၊ ထွက်ပေါက်နှင့် မဲရုံအတွင်းတွင် ၎င်းတို့အလွယ်တကူ သွားလာနိုင် မည့် မျက်မမြင် လျှောက်လမ်း များ ပြင်ဆင်ထားရှိရန်။

၃. မဲရုံဝင်ပေါက်၊ ထွက်ပေါက်နှင့် မဲရုံအတွင်းတွင် အမြင်အာရုံ မသန်စွမ်းသူ မဲဆန္ဒရှင်များ မတော်တဆ ဝင်တိုက်မိနိုင်သည့် ခပ်နိမ့်နိမ့်ချိတ်ဆွဲထားသော အရာဝတ္ထုများ မရှိစေရေး အတွက် သတိပြု ဆောင်ရွက် ထားရန်။

၄. လိုအပ်ပါက မျက်မမြင်အဖွဲ့အစည်းများ၊ ကျောင်းများနှင့် ပူးပေါင်းချိတ်ဆက်၍ အမြင်အာရုံ မသန်စွမ်းသူမဲဆန္ဒရှင်များတစ်ပါးသူ၏အကူအညီမလိုဘဲ လွတ်လပ်စွာလျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် ဆန္ဒမဲလက်မှတ်များကို ဖြည့်စွက် အထောက်အကူပြုမျက်မမြင်စာ/သင်္ကေတပုံစံများဖြင့် ပြင်ဆင်ဆောင်ရွက် ထားရှိရန်။

### ၂. ၂. ၃။ အပြော/အကြားအာရုံ မသန်စွမ်းသူများ



၁. အပြော၊ အကြားအာရုံမသန်စွမ်းသူများနှင့် ဆက်သွယ်ပြောဆို သည့်အခါ ၎င်းတို့ပုခုံးကို (ညင်သာစွာ)တို့ထိ၍ ဖြစ်စေ၊ လက်ဝှေ့ယမ်းပြ၍ဖြစ်စေ ဆက်သွယ် ဆောင်ရွက်ရန်။

၂. အပြန်အလှန်ဆက်သွယ်ရာတွင် အလွယ်တကူနားလည်နိုင်မည့် လက်သင်္ကေတပြဘာသာ စကားနှင့် မျက်နှာအမူအရာများကို အသုံးပြုရန်နှင့် လိုအပ်လျှင် စာဖြင့်ချရေး၍ ရှင်းပြရန်။

၃. အကယ်၍ မဲဆန္ဒရှင်မှ မဲရုံအဖွဲ့ဝင်၏ နှုတ်ခမ်းမှတစ်ဆင့် စကားပြောခြင်းကို ကြည့်ရှုရန် လိုအပ်ပါက သက်ဆိုင်ရာ မဲရုံအဖွဲ့ဝင်မှ ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြု၍ လက်သန့် စင်ပြီး၊ တပ်ဆင်ထားသော mask ကို အောက်သို့ဆွဲချကာ စကားပြော ဆက်သွယ် ပေးရန်။

### ၂. ၂. ၄။ ဉာဏ်ရည် မသန်စွမ်းသူများ

- ဉာဏ်ရည်မသန်စွမ်းသူ မဲဆန္ဒရှင်များ၏ မဲပေးနိုင်ခွင့် သေချာစေရန် ကူညီ ဆောင်ရွက်ပေးရန်။

## ၂.၃။ မသန်စွမ်းသူများနှင့် အကူအညီလိုအပ်သူ မဲဆန္ဒရှင်များ မဲပေးခြင်းဆိုင်ရာ စစ်ဆေးရမည့်အချက်များ

| | | |
|---|---|---|
| ၁။ | စာမတတ်သူများ၊ သက်ကြီးရွယ်အိုများ ၊မသန်စွမ်းသူ မဲဆန္ဒရှင်များ မဲရုံအတွင်းတွင် အကူအညီ ရရှိစေရေး သေချာစွာပြင်ဆင်ထားရမည်။ (ရွေးကောက်ပွဲနည်းဥပဒေ (၄၂)အရ) | ✔ |
| ၂။ | မဲရုံဝင်ပေါက်၊ ထွက်ပေါက်သည် အနည်းဆုံး (၃) ပေ အကျယ်ရှိရမည်။ | ✔ |
| ၃။ | မဲရုံဝင်ပေါက် ထွက်ပေါက်နှင့် အထစ်ရှိသော နေရာများတွင် ဆင်ခြေလျှောလမ်း ကြိုတင် ပြင်ဆင်ထားရမည်။ | ✔ |
| ၄။ | အမြင့် (၁) ပေ ရှိတိုင်း အလျား ၁၀ ပေ အချိုးဖြင့် ဆင်ခြေလျှောလမ်းများ ပြုလုပ်ရမည်။ | ✔ |
| ၅။ | မဲပုံးအမြင့်သည် ကြမ်းပြင်မှ အမြင့်ဆုံး (၃) ပေ ဖြစ်ရမည်ဖြစ်ပြီး မဲပုံးတင်သော စားပွဲသည် လည်း ဘီးတပ်တွန်းလှည်းအသုံးပြုသူများအတွက် အောက်ခြေချုပ်တန်း များ မရှိစေရန်။ | ✔ |
| ၆။ | မဲရုံအတွင်းရှိ လျှောက်လမ်းများ အကျယ်သည် အနည်းဆုံး (၃) ပေ ရှိရမည်။ | ✔ |
| ၇။ | မဲရုံအတွင်း မဲဆန္ဒရှင်များ အသုံးပြုသော စားပွဲများအားလုံး၏ အမြင့်သည် ကြမ်းပြင်မှ (၂) ပေခွဲခန့် အမြင့်ရှိရမည်ဖြစ်ပြီး အောက်ခြေတွင် ချုပ်တန်းများ မရှိစေရန်။ | ✔ |
| ၈။ | နားမကြားသူ မဲဆန္ဒရှင်များနှင့် အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်ရန် မဲရုံတိုင်းတွင် စာရွက်အလွတ်နှင့် ခဲတံ ထားရှိရန်။ | ✔ |
| ၉။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေထားသော အလွယ်တကူ နားလည် နိုင်မည့် မဲပေးနည်းအဆင့်ဆင့် သရုပ်ပြလမ်းညွှန်ချက်များကို မဲရုံ၏ လူအများမြင်သာ သောနေရာများတွင် ကပ်ထားရမည်။ | ✔ |
| ၁၀။ | မဲရုံ၏ ဝင်ပေါက်နှင့် ထွက်ပေါက်များအား သီးခြားစီထားရှိရန်နှင့် မဲရုံဝင်ပေါက်နှင့် ထွက် ပေါက်များအား မဲပေးနေစဉ်ကာလအတွင်း ဖွင့်လှစ်ထားရှိရမည်။ | ✔ |
| ၁၁။ | မဲရုံအတွင်း လုံလောက်သော အလင်းရောင် ကောင်းစွာရရှိနိုင်ရေး ပြင်ဆင်ထားရှိရမည်။ | ✔ |

## ၃.၁။ ရွေးကောက်ပွဲနေ့

### မဲရုံဖွင့်လှစ်ခြင်း

မနက် (၆) နာရီ




မဲရုံဖွင့်ချိန်

၁။ Covid-19 ကာကွယ်ရေးအစီအစဉ်များဖြင့်လိုအပ်သော ပြင်ဆင်မှုများဆောင်ရွက်နိုင်ရန် မဲရုံသို့ ကြိုတင်ရောက်ရှိရမည်။
၂။ မဲပုံးများ ပြင်ဆင်ထားရှိရမည်။
၃။ မဲစာရင်းများ ကြိုတင်ပြင်ဆင်ထားရှိရမည်။
၄။ ကြိုတင်မဲဆန္ဒရှင်စာရင်း ပုံစံ(၁၃)များ ပြင်ဆင်ထားရှိရမည်။
၅။ ဆန္ဒမဲပေးသည့် တံဆိပ်တုံး၏ အဖုံးကိုဖွင့်ပေးထားရမည်။
၆။ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပုံစံ(၇)နှင့် ပုံစံ(၈)ဖြင့် ခန့်အပ်ထားသည့် ရွေးကောက်ပွဲကိုယ်စားလှယ်/မဲရုံကိုယ်စားလှယ်နှစ်ဦးအား ပါတီတံဆိပ်လိုဂိုနှင့် အရောင်များအားဝတ်ဆင်ထားခြင်းရှိ/မရှိစစ်ဆေးရန်၊ လက်သန့်ဆေးရည် အသုံးပြုထားပြီး/မပြီး စစ်ဆေးရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှထုတ်ဝေပေးထားသည့် လေ့လာသူ သက်သေခံကတ်ပြား ရှိ/ မရှိ စစ်ဆေး၍ မဲရုံတွင် လက်ခံထားရန်။
၇။ ကျန်းမာသန်စွမ်းခြင်းမရှိသော သူများကို ကူညီဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ဆောင်ရွက်ထားမည်။
၈။ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ပိုမိုအထောက်အကူပြုစေရန်နှင့် ဆန္ဒပြုခန်းအနီး တန်းစီသူများ မထူထပ်စေရန်အတွက် နေရာအကျယ်အဝန်းပေါ်မူတည်၍ ဆန္ဒပြုခန်းနှင့် မဲပုံးတို့အား သင့်လျော်သော အကွာအဝေးရှိစေရန် ပြင်ဆင် ထားသင့်သည်။ ဆန္ဒပြုခန်းနှင့် မဲပုံးတို့ အကြားတွင် အနည်းဆုံး(၃)ပေ အကွာအဝေးရှိသင့်သည်။ ဆန္ဒပြုခန်းနှင့်အနောက်ဘက် နံရံကြား အကွာ အဝေးသည်လည်း ( ၃ )ပေ ခန့် ရှိသင့်သည်။
၉။ မဲရုံမဖွင့်မီ ဆန္ဒမဲပေးသူများ စနစ်တကျတန်းစီစောင့်ဆိုင်းနိုင်ရန် ပြင်ဆင် ထားရှိရမည်။
၁၀။ နံနက် (၆) နာရီ တိတိတွင် မဲရုံစတင်ဖွင့်လှစ်ကြောင်း ကြေညာမည်။

## ၃.၂။ မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

၁။ မဲရုံ လုံခြုံရေးမှ မဲဆန္ဒရှင်များအား မဲရုံ ဝင်ပေါက်သို့ ဝင်ရန် တန်းစီရန် သတ်မှတ်ထားသည့် လမ်းကြောင်း အရည္ဆွန်ကြားထားသည့် အကွာအဝေး အတိုင်းတန်းစီ၍ ဝင်စေရပါမည်။
၂။ မဲရုံလုံခြုံရေးမှ မဲဆန္ဒရှင်အား mask တပ်ဆင်၍ လာရောက်ကြောင်း သေချာစေရပါမည်။
- အကယ်၍ မဲဆန္ဒရှင်မှ mask မတပ်ဆင်လာပါက၊ mask ပံ့ပိုးပေး၍ တပ်ဆင်ထားနိုင်းရပါမည်။

၃။ မဲဆန္ဒရှင်အား မဲရုံအတွင်းသို့ မဝင်မီ ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု ခိုင်းရပါမည်။

၄။ မဲဆန္ဒရှင်များမဲရုံအတွင်းသို့ မဝင်မီ မဲရုံလုံခြုံရေးမှ မဲဆန္ဒရှင်အားလွန်ခဲ့သည့် (၁၄) ရက်အတွင်း ဖျားနာနေခဲ့ခြင်း၊ ချောင်းဆိုးခြင်း နှင့် နာစေးခြင်း ရှိ/မရှိကိုမေးမြန်းရပါမည်။
- အကယ်၍ မဲဆန္ဒရှင်မှ ဖျားနေပါသည်/မှန်ပါသည်ဟု ဖြေပါက မဲဆန္ဒရှင်အား mask မပါလာလျှင် ချက်ချင်း တပ်ဆင်စေပြီး၊ မဲပေးသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်လည်း mask တပ်ဆင်ထားခိုင်းပါ။
- အကယ်၍ မဲဆန္ဒရှင်မှ မဟုတ်ပါ/မဖျားနေပါဟု ဖြေဆိုသော်လည်း အသက်ရှုလမ်းကြောင်းရောဂါ ခံစားနေရသည့်လက္ခဏာ သံသယဖြစ်ဖွယ် တွေ့ရှိရပါက (ချောင်းဆိုးခြင်းနှင့် နာစေးခြင်းစသဖြင့်) မဲဆန္ဒရှင်အား mask မပါလာလျှင် ချက်ချင်း တပ်ဆင်စေပြီး၊ မဲပေးသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်လည်း mask တပ်ဆင်ထားခိုင်းပါ။

၅။ မဲရုံလုံခြုံရေးမှ မဲဆန္ဒရှင်များသည် မဲစာရင်းစစ်ဆေးသည့်နေရာတွင် သတ်မှတ်ထားသည့် အတိုင်း တန်းစီ၍၊ မိမိတို့၏ မဲဆန္ဒရှင် စာရင်း အမှတ်စဉ်ကို မှတ်သားထားပြီး/မပြီး မေးမြန်းရပါမည်။
- အကယ်၍ မဲဆန္ဒရှင်မှ မစစ်ဆေး ရသေးပါက မဲစာရင်းစစ်ဆေးသည့် နေရာတွင် သတ်မှတ်ထား သည့်အတိုင်း တန်းစီ၍ မိမိတို့၏ မဲဆန္ဒရှင်စာရင်း အမှတ်စဉ်ကို မှတ်သားထားရန် ညွှန်ကြားပါ။
- အကယ်၍ မဲဆန္ဒရှင်မှ စစ်ဆေးပြီးစီး ပါက မဲရုံအတွင်းသို့ ဝင်ခွင့်ပြုပါ။

၆။ မဲရုံလုံခြုံရေးမှ မဲဆန္ဒရှင်၏ လက်ကိုထိတွေ့ ကိုင်တွယ်ခြင်း မရှိစေဘဲ၊ မင်တို့ထားသည့် လက္ခဏာ ရှိ/မရှိစစ်ဆေးပါ။
- အကယ်၍မင်တို့ထားသည့် လက္ခဏာ ရှိပါက မဲရုံမှူးသို့ အကြောင်းကြားကာ ဆက်လက်ဆောင်ရွက်ပါ။
- အကယ်၍ မင်တို့ထားသည့် လက္ခဏာ မရှိကြောင်းသေချာပါက၊ မဲဆန္ဒရှင်ကို ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြုခိုင်းပါ။

၇။ မဲဆန္ဒရှင်ကိုမဲလက်မှတ်ထုတ်ပေးသူမှ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ် ထုတ်ပေးပြီးပါက၊ မဲရုံမှူးမှ ဝင်ပေါက်တွင် တန်းစီနေသော သက်ဆိုင်ရာ ကျန်းမာရေးနှင့် မင်တို့ထားခြင်းရှိ/မရှိ စစ်ဆေးပြီး သည့် မဲဆန္ဒရှင်အား မဲရုံအတွင်းသို့ဝင်ခွင့်ပြုပါ။

၈။ ထို့နောက် မဲဆန္ဒရှင်သည် မဲစာရင်းစစ်ဆေးသူရှိရာ စားပွဲသို့သွားရောက် ရပါမည်။

၉။ မဲဆန္ဒရှင်သည် မဲစာရင်းစစ်ဆေးသူ၏ အရှေ့တွင်ရှိသော ကြမ်းပြင်ပေါ်တွင် သတ်မှတ်ထား သည့် အမှတ်အသား နေရာတွင်တန်းစီရပါမည်။

၁၀။ မဲဆန္ဒရှင်သည် ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြုရပါမည်။

၁၁။ မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်၏ မဲစာရင်း အမှတ်စဉ်ကို မေးမြန်းပါမည်။
- မဲဆန္ဒရှင်သည် မိမိ မည်သူဖြစ်ကြောင်းဖော်ပြသည့် အထောက်အထားစာရွက်စာတမ်း၊ ကိုယ်ရေးအချက်အလက် ပါရှိသည့်ကတ်တို့ကို ပြပါမည်။ သို့သော် မိမိမည်သူဖြစ်ကြောင်းဖော်ပြသည့် အထောက်အထား စာရွက်စာတမ်း၊ ကတ်တို့ကို မဲပေးခွင့်ရရှိရန် တင်ပြရမည်ဟု ဥပဒေတွင် မပြဋ္ဌာန်းထားပါ။

- အကယ်၍ မဲဆန္ဒရှင်မှ အဆိုပါ အထောက်အထားစာရွက်၊ စာတမ်း၊ ကတ်တို့ကို ပြလိုပါက၊ မဲစာရင်းစစ်ဆေးသူသည် လက်ဖြင့်ကိုင်ယူ ကြည့်ရှုခြင်းမပြုဘဲ၊ မဲဆန္ဒရှင်အား အထောက်အထား စာရွက်၊ စာတမ်း၊ ကတ်ကို စားပွဲအစွန်းတွင်တင်စေပြီး ကြည့်ရှုစစ်ဆေးပါ။

၁၂။ မဲစာရင်းစစ်ဆေးသူမှ မဲဆန္ဒရှင်၏မဲစာရင်း အမှတ်စဉ်နှင့် တိုက်ဆိုင် စစ်ဆေးပါ။

- စာရင်းတိုက်ဆိုင်စစ်ဆေးပြီးပါက၊ မဲဆန္ဒရှင်အားသတ်မှတ်ထားသော နေရာတွင် လက်မှတ်ထိုး/ လက်မ လက်ဗွေ နှိပ်စေရပါမည်။
- မဲဆန္ဒရှင်တွင် ကိုယ်ပိုင်ဘောပင် သယ်ဆောင်လာပါက၊ ယင်းဘောပင်ကိုသာ အသုံးပြုစေပါ။
- မဲဆန္ဒရှင်တွင် ကိုယ်ပိုင်ဘောပင် မသယ်ဆောင်လာပါက၊ မဲစာရင်း စစ်ဆေးသူမှ စားပွဲပေါ်တွင် အဆင်သင့်ထားထားသော ပိုးသတ်ထားသည့် ဘောပင်ကို မဲဆန္ဒရှင် ကိုယ်တိုင် ယူ၍လက်မှတ် ထိုးရာတွင် အသုံးပြုစေပါ။
- မဲဆန္ဒရှင်မှ အဆိုပါဘောပင်ကိုအသုံးပြုပြီးပါက သတ်မှတ်ထားသည့်နေရာ၊ ခွက်ရှိပါက ခွက်ထဲသို့ ပြန်ထည့်ပေးရပါမည်။ အဆိုပါဘောပင်သည် နောက်တစ်ကြိမ် အသုံးမပြုမီတွင် ပြန်လည်သန့်စင်ရန်လိုအပ်ပါသည်။
- အကယ်၍ မဲဆန္ဒရှင်မှ လက်ဗွေနှိပ်မည်ဆိုပါက၊ မင်ခံကို မဲဆန္ဒရှင်ကိုယ်တိုင်ယူ၍ လက်ဗွေ နှိပ်ပြီးလျှင် လက်ကိုသန့်ရှင်းရပါမည်။
- အကယ်၍မဲဆန္ဒရှင်၏ကိုယ်ရေးအချက်အလက်များနှင့် မဲစာရင်း တွင်ဖော်ပြထားသော အချက်အလက် တစ်စုံတစ်ရာ မကိုက်ညီပါက မဲရုံမှူးကို အကြောင်းကြား၍ဆောင်ရွက်ရမည်။
- အကယ်၍မဲဆန္ဒရှင်မှ သူ၏အချက်အလက်များကို မှန်ကန်ကြောင်း ထောက်ခံနိုင်ပါက၊ မဲစာရင်းတွင် လိုအပ်သောအချက်အလက်များကို ဖြည့်စွက်ပြင်ဆင်၍ **ပုံစံ (၁၂)** တွင် မှတ်တမ်း တင်ထားပါ။
- အကယ်၍ မဲဆန္ဒရှင်မှ သူ၏ အချက်အလက်များကို မှန်ကန်ကြောင်း မထောက်ခံနိုင်ပါက၊မဲရုံမှူး၏ အဆုံးအဖြတ်ကို ယူ၍ ဆက်လက် ဆောင်ရွက်ပါ။

၁၃။ မဲဆန္ဒရှင်သည် မဲလက်မှတ်ထုတ်ပေးသူ၏ အရှေ့တွင်ရှိသော ကြမ်းပြင်ပေါ်တွင် သတ်မှတ်ထားသည့် အမှတ်အသား နေရာတွင်တန်းစီရပါမည်။

၁၄။ မဲလက်မှတ်ထုတ်ပေးသူမှ မဲလက်မှတ်သည် ပျက်စီးနေခြင်းရှိ/မရှိ၊ မဲရုံမှူးမှ လက်မှတ်ရေးထိုးထားပြီးခြင်း ရှိ/မရှိနှင့် မဲလက်မှတ်အမှတ်စဉ်သည် အစဉ်လိုက်ဖြစ်/မဖြစ်ကို စစ်ဆေးရပါမည်။

၁၅။ မဲလက်မှတ်ထုတ်ပေးသူသည် မဲဆန္ဒရှင်၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာ အမည်၊ မဲလက်မှတ်စာအုပ် အမှတ်စဉ် နှင့် မဲလက်မှတ် အမှတ်စဉ်တို့ကို သတ်မှတ်ထားသော မဲလက်မှတ်ပေါ်ရှိလက်ခံ ဖြတ်ပိုင်း နေရာတွင်ရေးမှတ်ရပါမည်။

၁၆။ မဲလက်မှတ်ထုတ်ပေးသူသည် မဲဆန္ဒရှင်အားသတ်မှတ်ထားသောနေရာတွင် လက်မှတ်ထိုး / လက်မလက်ဗွေ နှိပ်စေရပါမည်။ မဲဆန္ဒရှင်တွင် ကိုယ်ပိုင် ဘောပင်သယ်ဆောင်လာပါက၊

ယင်းဘောပင်ကိုသာ အသုံးပြုစေပါ။

- မဲဆန္ဒရှင်တွင် ကိုယ်ပိုင်ဘောပင် မသယ်ဆောင်လာပါက၊ မဲစာရင်း စစ်ဆေးသူမှ စားပွဲပေါ်တွင် အဆင်သင့်ထားထားသော ပိုးသတ်ထားသည့် ဘောပင်ကို မဲဆန္ဒရှင် ကိုယ်တိုင် ယူ၍လက်မှတ် ထိုးရာတွင် အသုံးပြုစေပါ။
- မဲဆန္ဒရှင်မှ အဆိုပါဘောပင်ကိုအသုံးပြုပြီးပါက သတ်မှတ်ထားသည့်နေရာ၊ ခွက်ရှိပါက ခွက်ထဲသို့ ပြန်ထည့် ပေးရပါမည်။ အဆိုပါဘောပင်သည် နောက်တစ်ကြိမ် အသုံးမပြုမီ တွင်ပြန်လည်သန့်စင် ရန်လိုအပ်ပါသည်။

၁၇. မဲလက်မှတ်ထုတ်ပေးသူသည် မဲလက်မှတ်ကို ဆုတ်ဖြဲရန် သတ်မှတ် ထားသော နေရာမှ ဆုတ်ဖြဲပြီးလျှင်၊ မဲဆန္ဒရှင်နှင့် နီးကပ်သည့် စားပွဲအစွန်းပေါ်သို့ မဲလက်မှတ်ကို တင်ပေးကာ မဲဆန္ဒရှင်ကို ယူစေရပါမည်။

- အကယ်၍ မဲဆန္ဒရှင်မှ မတော်တဆ မရည်ရွယ်ဘဲ အမှားပြုမိ၍ မဲလက်မှတ် ပျက်စီးသွားပါက မဲလက်မှတ် အသစ်တောင်းခံနိုင်ပါသည်။ မဲလက်မှတ်ထုတ်ပေးသူ သည် အဆိုပါ ပျက်စီးသွားသောမဲလက်မှတ်အား "ပျက်စီး" ဟုရေးသားထားသောစာအိတ်အတွင်းသို့ ထည့်၍မှတ်တမ်းတင်ထားပြီး **နောက်ဆက်တွဲ(ဃ)** တွင် ရေးသားမှတ်တမ်းတင် ထားရပါမည်။

၁၈. ထို့အပြင် မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ ဘေးအကွက်တွင် သာ တံဆိပ်တုံး ထု၍ ဆန္ဒပြုရန် သတိပေး ရှင်းပြရပါမည်။


၁၉. ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်ထုတ်ပေးသူမှ မဲဆန္ဒရှင်အား ရေမလိုလက်သန့်စင် ဆေးရည်အသုံးပြု၍ တံဆိပ်တုံးကို ကိုင်တွယ်ရမည်ဖြစ်ကြောင်း သတိပေးရမည်။

၂၀. မဲဆန္ဒရှင်မှ ဆန္ဒပြုခန်း သို့သွားရောက်ပြီး တံဆိပ်တုံးကိုကိုင်၍၊ မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ဘေးတွင် တံဆိပ်တုံးထုကာ ဆန္ဒပြုရပါမည်။

- အကယ်၍ မဲဆန္ဒရှင်မှ မတော်တဆ မရည်ရွယ်ဘဲ အမှားပြုမိ၍ မဲလက်မှတ်ပျက်စီး သွားပါကမဲလက်မှတ်အသစ်တောင်းခံ နိုင်ပါသည်။

မှတ်ချက်

မဲပေးရာတွင် ပယ်မဲမဖြစ်စေရန် အောက်တွင်ဖော်ပြထားသည့် အချက်များ အတိုင်း မဲပေးရန်။ အခန်း (၄.၄)တွင် အသေးစိတ်ဖတ်ရှုလေ့လာရန်။



၂၁. ဆန္ဒပြုပြီးပါက မဲဆန္ဒရှင်သည် တစ်ပါးသူမမြင်သာစေဘဲ မိမိ၏ဆန္ဒပြုထားသော မဲလက်မှတ်

ကို အလယ်နေရာမှ ခေါက်ပါမည်။ ပြီးနောက် အဆိုပါဆန္ဒပြုထားပြီးသော ခေါက်ထားသည့် ဆန္ဒမဲလက်မှတ်ကို ပြည်သူ့လွှတ်တော် ဆန္ဒမဲပုံးအတွင်းသို့ ထည့်ရပါမည်။ ပြည်သူ့လွှတ်တော်ဆန္ဒမဲပုံးသည် အစိမ်းရောင်ဖြစ်ပြီး ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် အစိမ်းရောင် ရေစာ ပါရှိပါသည်။

၂၂။ မဲဆန္ဒရှင်မှ အဆိုပါ မဲပေးနည်းစနစ်အတိုင်း အဆင့် (၈) မှ (၂၀) အထိ ဆောင်ရွက်ကာ ဆန္ဒပြုထားပြီးသော ခေါက်ထားသည့် ဆန္ဒမဲလက်မှတ်ကို အမျိုးသားလွှတ်တော် ဆန္ဒမဲပုံး (အပြာရောင်အဖုံး) အတွင်းသို့ ထည့်ရပါမည်။

၂၃။ မဲဆန္ဒရှင်မှ အဆိုပါ မဲပေးနည်းစနစ်အတိုင်း အဆင့် (၈) မှ (၂၀) အထိ ဆောင်ရွက်ကာ ဆန္ဒပြုထားပြီးသော ခေါက်ထားသည့် ဆန္ဒမဲ လက်မှတ်ကို တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဆန္ဒမဲပုံး (ခရမ်းရောင် အဖုံး) အတွင်း သို့ ထည့်ရပါမည်။

၂၄။ မဲဆန္ဒရှင်မှ (တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်မဲပေးရန် အကျုံးဝင်ပါက) အထက်ပါ မဲပေးနည်းစနစ်အတိုင်း တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ကိုပါ အစဉ်လိုက် မဲပေးရန် ဖြစ်ပါသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆန္ဒမဲပုံး
(အစိမ်း)



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဆန္ဒမဲပုံး
(အပြာ)



တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ်ဆန္ဒမဲပုံး
(ခရမ်း)



တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်
တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဆန္ဒမဲပုံး
(ခရမ်း)

၂၅။ ထို့နောက် မဲဆန္ဒရှင်သည်မင်တို့ပေးသူ၏အရှေ့တွင်ရှိသော ကြမ်းပြင်ပေါ်တွင် သတ်မှတ်ထားသည့် အမှတ်အသား နေရာ၌တန်းစီရပါမည်။

၂၆။ မင်တို့သူမှ မဲဆန္ဒရှင်သည်မဲပေးပြီးကြောင်း ဟုတ်၊ မဟုတ် မေးမြန်းရပါမည်။

၂၇။ အကယ်၍မဲဆန္ဒရှင်သည် မဲပေးပြီးပါက မဲဆန္ဒရှင်အား ရေမလိုလက်သန့်စင်ဆေးရည်ကို အသုံးပြု၍ လက်ကိုသန့်စင်စေကာ၊ လက်သန့်စင်ဆေးရည်ခြောက်ရန်အတွက် (၃၀)

စက္ကန့်ခန့် စောင့်ဆိုင်းပေးရန် ညွှန်ကြားရမည်။

၂၈။ မင်တို့သူသည် (လက်ဖြင့်ကိုင်တွယ်ခြင်းမရှိစေဘဲ) မဲဆန္ဒရှင်၏ ဘယ်ဘက်လက်သန်း ပေါ်တွင် ဆီ (သို့မဟုတ်) ဆီနှင့် တူသောအရာများ ရှိ/မရှိ ကြည့်ရှုစစ်ဆေးရပါမည်။

၂၉။ အကယ်၍ မဲဆန္ဒရှင်တွင် ဘယ်ဘက် လက်သန်းမရှိပါက အခြား လက်ချောင်းများပေါ်တွင် မင်တို့ ပေးရန်ဖြစ်ပါသည်။ ဘယ်ဘက်လက်၏ လက်သန်းနေရာနှင့် အနီးဆုံး လက်ချောင်းမှ စ၍ ရှိ/မရှိ စစ်ဆေးကာ မင်တို့ရန် ဖြစ်ပါသည်။ ဘယ်ဘက်လက်ချောင်းများ မရှိပါက ညာဘက် လက်သန်းရှိ/မရှိ စစ်ဆေးကာအနီးဆုံး ရှိသည့်လက်ချောင်းကို မင်တို့ပေးရန် ဖြစ်ပါသည်။

၃၀။ မင်တို့သူသည် မသန်စွမ်း မဲဆန္ဒရှင်နှင့် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်များ အတွက် လိုအပ်ပါက မင်အိုးကို စောင်းပေးကာ အကူအညီပေးရမည်။

၃၁။ မင်တို့သူမှ မဲဆန္ဒရှင်၏ ဘယ်ဘက်လက်သန်းကို မင်ရည်သည် လက်သန်း၏ပထမ လက်ဆစ်ရောက်သည် အထိ မင်ဘူးထဲသို့ ထည့်ကာ မင်တို့စေရမည်။

၃၂။ မဲဆန္ဒရှင် မင်တို့ပြီးချင်း မင် မခြောက်ခင် အနေအထားတွင် ချက်ချင်း မဖျက်ပစ်မိစေရန် သတိပြုစောင့်ကြည့်ထားရပါမည်။ မင်တို့သူမှ မဲဆန္ဒရှင် တိုင်း မဲရုံမှ မထွက်ခွာမီ မင် တို့ပြီးခြင်း ရှိ/မရှိ စစ်ဆေးပြီးမှ ထွက်ခွာစေပါမည်။

> ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်များသည် နိုင်ငံရေးပါတီ များ၏ အရောင်နှင့် တံဆိပ်ပါအင်္ကျီများကို ဝတ်ဆင်ထားခြင်းမပြုရန် ကြည့်ရှုစစ်ဆေးရမည်။


## ၃.၃။ ဆောင်ရန်

- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်ပေးအပ်လွှာကိုရယူထားပါ။
- လုပ်ထုံးလုပ်နည်းများကို သေချာစွာလိုက်နာ၍ သမာသမတ်ကျစွာ ဆောင်ရွက် ပါ။
- နာရီကို မြန်မာစံတော်ချိန်နှင့် အချိန်ညှိထားပါ။
- မဲရုံအတွင်း ဝင်ရောက်ခွင့်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ခွင့်ပြုထားသည့် ရွေးကောက်ပွဲလေ့လာသူများကို မဲရုံအတွင်းသို့ ဝင်ရောက်ခွင့် ပြုရန်နှင့် ဆန္ဒမဲပေးခြင်းအား အနှောင့်အယှက်မဖြစ်စေရေး ကြိုတင်စီမံခန့်ခွဲပါ။
- မဲဆန္ဒရှင်များကို ယဉ်ကျေးပြေပြစ်စွာ ဆက်ဆံပါ။
- ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲရုံအတွင်းသို့ စည်းကမ်းတကျဝင်ခွင့်ပေးရန်နှင့် လျှို့ဝှက်မဲပေးခန်းအတွင်း မဲပေးရန်စောင့်ဆိုင်းနေချိန်တွင်လည်း စနစ်တကျ တန်းစီနိုင်ရန် စီမံဆောင်ရွက်ပါ။
- မဲပေးရာတွင် အခက်အခဲဖြစ်နေသော မဲဆန္ဒရှင်များကို ကူညီပါ။
- လွှတ်တော်အလိုက် ဆန္ဒမဲလက်မှတ်စာအုပ်များကိုလက်မှတ်ရေးထိုး ရယူထားပါ။
- အမှန် အမှတ်အသားပါ တံဆိပ်တုံးများလုံလောက်အောင် ရယူထားပါ။
- ဆန္ဒမဲပေးသူအခြေအနေကို ချင့်ချိန်၍ဆန္ဒမဲလက်မှတ်များတွင် မဲရုံမှူးက လက်မှတ်များကြိုတင် ရေးထိုးထားပါ။
- သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ၊ မသန်စွမ်းသူများနှင့် စာမတတ်သူများ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားပါ။ သို့သော်လည်း လျှို့ဝှက် ဆန္ဒမဲပေးခွင့်ကို အနှောင့်အယှက် ဖြစ်စေသည်အထိ စွက်ဖက်ခြင်းမပြုရန် လိုအပ်သည်။
- ဘာသာရေးအရသော် လည်းကောင်း၊ လူမျိုးရေးအရသော် လည်းကောင်း ခွဲခြားမှုမရှိဘဲ အားလုံးကို ညီတူညီမျှ ဆက်ဆံပါ။

## ၃.၄။ ရှောင်ရန်

- မဲဆန္ဒရှင်များအားရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံခြင်း မပြုရ။
- မဲဆန္ဒရှင်များအား ကြာရှည်စွာစောင့်ဆိုင်းစေခြင်း မပြုရ။
- မဲဆန္ဒရှင်အသစ်များ၏ အမည်များကို မိမိတို့သဘောဖြင့် ဖြည့်စွက် / ပြင်ဆင်ခြင်း မပြုရ။
- ဆန္ဒမဲပေးချိန်အတွင်း မဲရုံထဲသို့သတ်မှတ်ထားသူများမှအပ အခြားမည်သူမျှ မဝင်စေရ။
- မဲပေးနေစဉ် ဆန္ဒမဲပေးခြင်းအား အနှောင့်အယှက်ဖြစ်စေမည့် အငြင်းပွားမှုများကို ရှောင်ရှားပါ။
- ဘာသာရေးအရ သော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်းခွဲခြား ဆက်ဆံခြင်း မပြုရ။

## ၃.၅။ မဲရုံပိတ်ခြင်းနှင့်ဖွင့်ခြင်း

| နံနက် ၆ နာရီ မတိုင်မီ မဲပုံးပိတ်ခြင်း | | |
|---|---|---|
| ၁။ | မဲပုံးအားလုံခြုံရေးကြိုး မချည်မီ မဲပုံးအလွတ် ဖြစ်ကြောင်း ပြသပါ။ | |
| ၂ | မဲပုံးအား အဖုံးပိတ်ပါ။ | |
| ၃ | ရွေးကောက်ပွဲကော်မရှင်တံဆိပ်နှင့် လုံခြုံရေးကြိုး၏ အမှတ်စဉ်အား စောင့်ကြည့် လေ့လာသူများ နှင့် မဲရုံကိုယ်စားလှယ်များကိုပြသပါ။၎င်းတို့က အမှတ်စဉ်များကို မှတ်သား ထားရန် တောင်းဆိုပါက ခွင့်ပြုပါ။ | |
| ၄။ | မဲပုံး၏အပေါ်မျက်နှာပြင်လေးဘက်လေးတန်တွင် အပေါက်တစ်ခုစီပါရှိပါသည်။လုံခြုံရေးကြိုး၏ အမြီးစွန်း ကို ပုံစံ (၁)တွင်ပြထားသည့်အတိုင်း မဲပုံး၏ အပေါက် မှမဲပုံးအဖုံးပေါ်ရှိအပေါက်သို့ သွင်း၍အောက်မှ အပေါ်သို့ ချည်နှောင်ပါ။အမှတ်စဉ်ရေးထားသည့် လုံခြုံရေး ကြိုး၏ မျက်နှာပြင်သည် အပြင်ဘက်တွင် ရှိရမည်။ |   |
| ၅။ | လုံခြုံရေးကြိုး၏ အမြီးစွန်းကို ပုံစံ (၂)တွင်ပြထားသည့် အတိုင်း လုံခြုံရေးကြိုးပါ အပေါက်ထဲသို့ထည့်ပါ။ |   |
| ၆။ | ပုံစံ (၃) တွင် ပြသထားသည့်အတိုင်းလုံခြုံရေးကြိုး ခိုင်မြဲသွား သည်အထိလုံခြုံရေးကြိုး၏ အမြီးစွန်းကိုဆွဲပါ။ |   |
| ၇။ | ပုံစံ (၄) တွင် ပြသထားသည့်အတိုင်းလုံခြုံရေးကြိုး တင်းကြပ်ကာမဲပုံးအဖုံး ကိုဖယ်ရှားနိုင်ခြင်း (သို့) ဖွင့်လှစ်ခြင်း မပြုနိုင်သည်အထိ လုံခြုံရေးကြိုးများကို တင်းကျပ်စွာ ချည် နှောင်ရမည်။ |   |

| | | |
|---|---|---|
| ၈။ | မဲပုံး၏လေးဘက်စလုံးရှိအပေါက်တိုင်းတွင် ပုံတွင်ပြထားသည့်အတိုင်း လုံခြုံရေးကြိုး ချည်နှောင်ထားပါ။ |  |

## ၃.၆။ မဲပေးခြင်းလုပ်ငန်းစဉ်အတွက်စစ်ဆေးရမည့်အချက်များ

| | | |
|---|---|---|
| ၁။ | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲပေးရန် စောင့်ဆိုင်းနေချိန်တွင် စနစ်တကျ တန်းစီရန် နှင့် မဲရုံထဲသို့ စည်းကမ်းတကျ ဝင်ခွင့်ပေးရန်။ | ✔ |
| ၂။ | အကယ်၍ မဲရုံအတွင်း မဲပေးနေသည့် မဲဆန္ဒရှင်များ ထူထပ်များပြားနေပါက မဲရုံပြင်ပရှိ တန်းစီစောင့်ဆိုင်းနေသူများကို မဲရုံအတွင်းသို့ ဝင်မလာစေရန်နှင့် မဲရုံအတွင်း မဲပေးသူများ လျော့နည်းသွားချိန်မှသာ စနစ်တကျပေးဝင်ရန်။ | ✔ |
| ၃။ | မဲရုံမှူး နှင့်မဲရုံအဖွဲ့ဝင်များသည် မဲဆန္ဒရှင်များ၊ မဲရုံကိုယ်စားလှယ်များ နှင့် လေ့လာသူများအား ဘာသာရေးအရသော် လည်းကောင်း၊ လူမျိုးရေးအရသော် လည်းကောင်း ခွဲခြားမှုမရှိဘဲ အားလုံးကို ညီတူညီမျှ ဆက်ဆံပါ။ | ✔ |
| ၄။ | မဲပုံးများသည် နံပါတ်စဉ်ပါသော လုံခြုံရေး ကြိုးများဖြင့် မချည်နှောင်မီ အလွတ် ဖြစ်ရမည်။ မဲရုံအဖွဲ့ဝင်များ နှင့် အသိသက်သေများ ရှေ့မှောက်တွင် အဆိုပါ နံပါတ်စဉ်ပါသော လုံခြုံရေး ကြိုးများဖြင့် မဲပုံးများကို ချိတ်ပိတ်ရမည်။ လုံခြုံရေး ကြိုးများကို မဲရုံမှူးလက်စွဲပါ **နောက်ဆက်တွဲ (င)** တွင် မှတ်သားရမည်။ အသိသက်သေများကို လုံခြုံရေးကြိုးနံပါတ်စဉ် မှတ်သားလိုပါက မှတ်သားခွင့် ပြုရမည်။ | ✔ |
| ၅။ | မဲရုံလုံခြုံရေး သည် မဲရုံသို့ဝင်ရန် တန်းစီခြင်းကို စီမံခန့်ခွဲရန် နှင့် မဲဆန္ဒရှင်များ စနစ်တကျမဲရုံ အတွင်းသို့ဝင်ရောက်စေရန်။မဲဆန္ဒရှင်များအားလုံးသည် သတ်မှတ်ထားသောအချိန်ကာလအတွင်း၌ မဲပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားရန်။ မသန်စွမ်းမဲဆန္ဒရှင်များ၊ အသက်အရွယ်ကြီးသူမဲဆန္ဒရှင်များ၊ ကလေးသူငယ်များနှင့်လာသော မဲဆန္ဒရှင်များ နှင့် ကိုယ်ဝန်ဆောင် မဲဆန္ဒရှင်များကို ဦးစားပေးတန်းစီခွင့်ပြုရန်။ | ✔ |
| ၆။ | မဲဆန္ဒရှင်အား ၎င်း၏ အမည်နှင့် မဲဆန္ဒရှင် အမှတ်စဉ်အား (သိရှိပါက) မေးမြန်းကာ မဲစာရင်းတွင်တိုက်ဆိုင်စစ်ဆေးထားရန်။ | ✔ |
| ၇။ | မဲဆန္ဒရှင်များ မဲရုံအတွင်းသို့မဝင်မီ လက်ကို ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် သန့်စင်ထားကြောင်းသေချာစေရန်။ | ✔ |

| | | |
|---|---|---|
| ၈။ | မဲရုံလုံခြုံရေးသည် မဲရုံဝင်ပေါက်တွင် မဲလာပေးသည့် မဲဆန္ဒရှင်များလက်သန်းတွင် မင်တို့ထားခြင်း ရှိ/မရှိကို စစ်ဆေးရန်။ | ✔ |
| ၉။ | မဲဆန္ဒရှင်အား ဆန္ဒမဲပေးရန် နေရာတစ်ခုထပ်ပိုကြောင်းနှင့် အကယ်၍ မဲဆန္ဒရှင်မှ (လွှတ်တော် အသုံးရပ်နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်မဲပေးရန် အကျုံးဝင်ပါက) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ကိုပါ မဲလက်မှတ် နောက်ကျောပါ အရောင်အစဉ်လိုက် မဲပေးရန် သတိပေးပြောကြားရန်။ | ✔ |
| ၁၀။ | တံဆိပ်တုံးများသည် မဲပေးသည့်ကာလတစ်လျှောက် အဆင်သင့် အသုံးပြုရန်အနေအထား ဖြစ်စေရန် နှင့် လျှို့ဝှက်ဆန္ဒမဲပေးခန်းတိုင်းတွင် တံဆိပ်တုံးများရှိ၊မရှိစစ်ဆေးရန်။ | ✔ |
| ၁၁။ | မဲဆန္ဒရှင်အား မိမိ ဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ ဘေးအကွက်တွင်သာ တံဆိပ်တုံး ထု၍ ဆန္ဒပြုရန် သတိပေး ရှင်းပြရန်။ မည်သည့် အမှတ်အသားကို မှ မဲလက်မှတ်ပေါ်တွင် ရေးသားခြင်းပြု၍ မဲပုံးထဲသို့ မထည့်ရန်။ | ✔ |
| ၁၂။ | မင်တို့သူသည် မဲဆန္ဒရှင်များကို ရေမလို လက်သန့်ဆေးရည်အသုံးပြုပြီး စက္ကန့် (၃၀) စောင့်ဆိုင်းရန်နှင့် သန့်ရှင်းသောတစ်ရှူးစတွင် လက်သန့်ဆေးရည်ဆွတ်ကာ ယင်းတို့၏ ဘယ်ဘက်လက်သန်းကို (သို့မဟုတ် ဘက်ဘက်လက်သန်း မရှိပါက မည်သည့်လက်ချောင်းကိုမဆို) လက်ချောင်းပေါ်တွင် မည်သည့်အရာမှ ရှိမနေစေရန်အတွက် သန့်စင်ပေးစေရေး ပြောကြားရန်။ | ✔ |
| ၁၃။ | မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် လက်ဝဲဘက် လက်သန်းအား မင်တို့၍ အမှတ်အသားပြုရန်။ | ✔ |
| ၁၄။ | မဲစာရင်းတွင် မဲဆန္ဒရှင်အမည်မှားယွင်းလျှင်သော်လည်းကောင်း (သို့မဟုတ်) အချက် အလက် မပြည့်စုံလျှင်သော်လည်းကောင်း အခြားပုဂ္ဂိုလ်တစ်ယောက်က မဲပေးသူ မှန်ကန်ကြောင်း တာဝန်ခံလျှင် မဲရုံမှူးသည် မဲပေးခွင့်ပြု၍ မဲစာရင်းတွင် အချက်အလက်များ ပြင်ဆင်မည်။ မဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို **ပုံစံ(၁၂)** တွင် မှတ်တမ်းတင်ပါ။ယင်းဖြစ်စဉ်အား **နောက်ဆက်တွဲ(ဃ)**တွင် မှတ်တမ်းတင်ထားရန်။ | ✔ |
| ၁၅။ | မဲဆန္ဒရှင်တစ်ဦးသည် မဲလက်မှတ်ပေါ်တွင် တံဆိပ်တုံးထု ဆန္ဒမပြုမီမဲလက်မှတ် ပျက်စီး၊ မင်စွန်း၊ ယိုယွင်းနေကြောင်း တွေ့ရှိပါက မဲလက်မှတ် အသစ်တစ်စောင် ထပ်မံထုတ် ပေး ရန်နှင့် ထိုဖြစ်စဉ်အား **နောက်ဆက်တွဲပုံစံ(ဃ)**တွင် ထည့်သွင်း ရေးသားရန်။ ထိုသို့ ပျက်စီးသွားသောမဲလက်မှတ်များအား သက်သေခံ အဖြစ် သိမ်းဆည်းထားရန်။ | ✔ |
| ၁၆။ | ဆန္ဒမဲပေးခြင်းအား အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများ တွေ့ရှိပါက ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရန်။ | ✔ |

## ၄.၁။ မဲရုံပိတ်ခြင်းနှင့်မဲရေတွက်ခြင်း

**မဲရုံပိတ်ခြင်း**

- မဲရုံကို ညနေ (၄) နာရီတိတိတွင် ပိတ်ရမည်။
- မဲရုံမပိတ်မီ မဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲမပေးရသေးသူ ရှိ/မရှိ စစ်ဆေးရမည်။ အကယ်၍ ညနေ (၄) နာရီ အထိ မဲပေးရန် တန်းစီနေသူ ရှိပါက စာရင်းကောက် ယူ၍ ဆက်လက် မဲပေးခွင့်ပြုရမည်။
- ညနေ (၄) နာရီမတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက သတ်မှတ်ထားသည့်အချိန်ထက် စော၍ ပိတ်ရမည်။
- မဲရုံပိတ်ပါက မဲရုံပိတ်ကြောင်း ကြေညာရမည်။

ညနေ (၄) နာရီ





မဲရုံပိတ်ချိန်

## ၄.၂။ မဲရေတွက်မည့်သူများ

- မဲရုံမှူးမှ မဲရေတွက်သည့် လုပ်ငန်းစဉ်ကိုဦးစီးဆောင်ရွက်ရမည်ဖြစ်ပါသည်။
- မဲရေတွက်မည့် အဖွဲ့တွင် မဲရုံမှူး၊ ဒုမဲရုံမှူး နှင့် မဲရုံအဖွဲ့ဝင်များ ပါဝင်ပါသည်။
- မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ မှ သက်ဆိုင်ရာပုံစံများအား စနစ်တကျ ဖြည့်စွက်ရပါမည်။
- မဲရုံ အဖွဲ့သည် မဲရုံမှူး၏ ညွှန်ကြားချက်ဖြင့်မဲများကိုစနစ်တကျရေတွက်ရပါမည်။

## ၄.၃။ မဲရုံပိတ်ချိန်တွင်မဲရေတွက်မည့်သူများ

### မဲရုံ၌ မဲရေတွက်ခြင်း အခင်းအကျင်း နမူနာပုံစံ




| | | | |
|---|---|---|---|
| ၁။ | မဲရုံမှူး | ၅၊ ၆။ | မဲရုံအဖွဲ့ဝင်များ |
| ၂။ | ဒုတိယမဲရုံမှူး | ၇။ | ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲ လေ့လာသူများ |
| ၃၊ ၄။ | မဲရုံကိုယ်စားလှယ်များ၊ မျက်မြင်သက်သေများ | ၈။ | တာလီဘုတ် |

| ၄.၃.၁။ ညနေ (၄) နာရီနောက်ပိုင်းတွင် မဲပုံးကိုဖွင့်ခြင်း | | |
|---|---|---|
| ၁။ | ညနေ (၄) နာရီ မဲရုံပိတ်ပြီးချိန်တွင် မဲရေတွက်ခြင်းလုပ်ငန်းစဉ် စတင်ပါမည်။ မဲရုံအဖွဲ့ဝင်များ၊ မျက်မြင်သက်သေများ၊ မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲလေ့လာသူ များနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ အရှေ့တွင် မဲပုံးများအား ဖွင့်ရန်ဖြစ်သည်။ | |
| ၂။ | လုံခြုံရေးကြိုးများကိုမဖြတ်မီ မဲရုံအတွင်းရှိနေသူအားလုံးကို လုံခြုံရေးကြိုးပါ အမှတ်စဉ်အား ၎င်းတို့မှတ်သားထားသည့် နံပါတ်နှင့် တိုက်ဆိုင်စစ်ဆေးခိုင်းပါ။ | |
| ၃။ | ထို့နောက်လုံခြုံရေးကြိုးပါကွင်းအား ပုံစံ (၁) တွင်ပြထားသည့်အတိုင်း လက်တစ်ဖက်တွင်ကိုင်၍ ကျန်လက်တစ်ဖက်ဖြင့် လုံခြုံရေးကြိုးအား ဆန့်ကျင်ဘက် လားရာသို့ဆွဲကာ ဖြေပါ။ အကယ်၍ လိုအပ်ပါက ကတ်ကြေး သို့မဟုတ် ဓားဖြင့်ဖြတ်ပါ။ |  ၁ |
| ၄။ | ထို့နောက်လုံခြုံရေးကြိုးအမြီးအား ပုံစံ (၂) နှင့် (၃) တွင်ပြထားသည့်အတိုင်းဆန့်ကျင်ဘက်သို့ဆွဲပါ။ |  ၂  ၃ |
| ၅။ | လုံခြုံရေးကြိုးအား ဖြတ်ပြီးပါက ပုံတွင်ပြထားသည့်အတိုင်း အဆိုပါ လုံခြုံရေးကြိုးများအား မဲပုံးမှဖယ်ရှားကာ၊ စာအိတ်အတွင်းသို့ ထည့်၍ ( ပုံစံ ၁၆ – ၁၊ အသုံးမပြုသောမဲလက်မှတ်များ၊ မဲစာရင်းများနှင့်အတူ ) သိမ်းဆည်းရပါမည်။ |  ၄ |

## ၄.၃.၂။ မဲရေတွက်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်

၁။ အသိအမှတ်ပြုထားသည့် ပြည်တွင်း၊ ပြည်ပမှရွေးကောက်ပွဲလေ့လာသူများနှင့် မဲရုံကိုယ်စားလှယ်များကို မဲရေတွက်ခြင်း လုပ်ငန်းစဉ်ကို လေ့လာခွင့်ပြုရန်။

၂။ မဲရုံအတွင်းအပြင် လေ့လာရန် သတ်မှတ်ထားသောနေရာ၊ အပြင်ရှိ မဲပေးရန် စောင့်ဆိုင်းသော ဧရိယာ ကို လုံလောက်သော အကွာအဝေး (၆) ပေ ရှိသင့်ပါသည်။

၃။ ဆန္ဒမဲရေတွက်ရာတွင် အနည်းဆုံး မျက်မြင်သက်သေ (၄)ဦး၊ မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ် လေးဦးနှင့် မဲရုံမှူးအပါအဝင်မဲရုံအဖွဲ့ဝင် ၄ဦး တို့အား ပုံစံ (၁၆)နှင့် ပုံစံ (၁၆ – က ) တို့တွင် လက်မှတ်ရေးထိုးရန် သက်သေအဖြစ်ထားရှိရမည်။ ရွေးကောက်ပွဲလေ့လာသူများသည် လက်မှတ်ထိုးခွင့်မရှိပါ။

၄။ မဲရုံမှူးလက်မှတ်ရေးထိုးထားသည့် ဆန္ဒမဲလက်မှတ်အပိုများ ကျန်ရှိပါက ထိုဆန္ဒမဲလက်မှတ်များကို ထိပ်မှအောက်ဆုံးအထိ ကြက်ခြေခတ်၍ ပယ်ဖျက်ထားရန်။ အဆိုပါဆန္ဒမဲ လက်မှတ်များ အားပုံစံ (၁၆ – ၁) တွင်မှတ်တမ်းတင်ထား ရပါမည်။

၅။ မဲရုံမှူးမှ မဲရုံမှူးလက်စွဲပါ နောက်ဆက်တွဲ **မဲရုံရှိ ဆန္ဒမဲအရေအတွက်များတွက်ချက်ဖြည့်သွင်းခြင်း ဇယား**ပါ (လွှတ်တော်တစ်ရပ်လျှင် တစ်စောင်စီ) အပိုင်း ၁ နှင့်အပိုင်း ၂ ကို ဖြည့်စွက် တွက်ချက်ထားသင့်ပါသည်။

၆။ စားပွဲခုံများကို မဲရေတွက်ရန် မဲရုံအလယ်တွင် နေရာချထားသင့်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် တာလီစာရွက် တစ်ရွက်စီ ထားပါ။ ပယ်မဲအတွက်လည်း တာလီစာရွက် တစ်ရွက်ထားပါ။

၇။ ကြိုတင်ဆန္ဒမဲပုံးအားဦးစွာရေတွက်ပါ။ထို့နောက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မဲပုံးများနှင့် အချို့နေရာများတွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် မဲပုံးအား အစဉ်လိုက်ရေတွက်ရပါမည်။

၈။ ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းကို မျက်မြင်သက်သေများနှင့်လေ့လာသူများရှေ့တွင် ရေတွက်ပြီး မဲရေတွက်ခြင်း တစ်လျှောက်လုံးတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပါ။လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် ရေတွက်ပြီး ဆန္ဒမဲအရေအတွက်အား ဘုတ်ပေါ်ရှိ တာလီစာရွက်ပေါ်တွင် မှတ်သားပါ။

၉။ ရေတွက်ပြီးသည့်ဆန္ဒမဲများ ထားရှိရန်အတွက် ထည့်စရာခြင်းများထားရှိပါ။

၁၀။ မဲပုံးများတွင် လုံခြုံရေးကြိုး စနစ်တကျ တပ်ဆင်ထားခြင်းရှိ/မရှိ၊ ပျက်စီးနေခြင်း ရှိ/မရှိ နှင့် မဲရုံမှူးလက်စွဲပါ**နောက်ဆက်တွဲ (င)** ရှိလုံခြုံရေးကြိုးများ၏နံပါတ်စဉ်နှင့် ကိုက်ညီ၊မညီ တိုက်ဆိုင် စစ်ဆေးပါ။

၁၁။ မဲပုံးအား မဲရုံကိုယ်စားလှယ်များ၊ မျက်မြင်သက်သေများနှင့် လေ့လာသူများရှေ့တွင် ဖွင့်ပါ။ မျက်မြင်သက်သေများ မဲရေတွက်ချိန်တွင် ရှိနေသင့်သော်လည်း၊ မျက်မြင်သက်သက်များ ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်သည်။

## မဲဆန္ဒနယ်အတွင်းကြိုတင်မဲပုံးအားရေတွက်ခြင်း

၁၂။ ကြိုတင်ဆန္ဒမဲ လက်မှတ်စာအိတ်များကို ဖွင့်ဖောက်ပြီး ပုံစံ (၁၃) တွင်ပါဝင်သော မဲဆန္ဒရှင်များ မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒမဲ ပေးထားခြင်းကို တွက်ချက် ရပါမည်။

- ကြိုတင်မဲပုံးမှ ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကိုဖောက်ပြီး အဆိုပါဆန္ဒမဲလက်မှတ်များကို ကိုယ်စားလှယ်လောင်းတစ်ဦးစီအလိုက် ထည့်စရာ ခြင်းတောင်းများတွင် ခွဲ၍ ထည့်ရပါမည်။
- ဆန္ဒမဲလက်မှတ်စုစုပေါင်းသည် ပုံစံ (၁၃) ပါ မဲဆန္ဒရှင် အရေအတွက်နှင့် ကိုက်ညီ၊ မညီ စစ်ဆေးရပါမည်။ သက်ဆိုင်ရာလွှတ်တော် ပုံစံ (၁၃) ရှိ မဲဆန္ဒရှင်များ၏အရေအတွက်သည် ဆန္ဒမဲလက်မှတ်များထည့်ထားသော ခြင်းတောင်းများထဲရှိ ဆန္ဒမဲလက်မှတ်များနှင့် အရေအတွက် တူသင့်ပါသည်။
- ကြိုတင်မဲပုံးမှ ဆန္ဒမဲလက်မှတ် အရေအတွက်တို့ကို စစ်ဆေးပြီး ယင်းတို့အား ပုံစံ (၁၆) နှင့်ပုံစံ (၁၆-က) တွင် မှတ်တမ်းတင်ပါ။ အကယ်၍မဲပုံးထဲရှိဆန္ဒမဲ အရေအတွက်များ မကိုက်ညီပါက သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားပါ။

၁၃။ လွှတ်တော်တစ်ရပ်ချင်းစီအတွက် (တိုင်းရင်းသားလူမျိုးအပါအဝင်) ခိုင်လုံသည့်ဆန္ဒမဲ ဖြစ်/မဖြစ် စစ်ဆေးရန်အတွက်(အဆင့် နံပါတ် ၁၅ မှ အတိုင်း) ဆောင်ရွက်ပါ။ ကြိုတင်ဆန္ဒမဲ လက်မှတ်များကို မဲလက်မှတ် ထည့်ထားသော စာအိတ်များမှဖွင့်ဖောက်ရပါမည်။

- မဲရုံအဖွဲ့ဝင်တစ်ဦးမှ ဆန္ဒမဲလက်မှတ် စာအိတ်များကို ဖွင့်ဖောက်ပြီး သက်ဆိုင်ရာ ခြင်းတောင်းများထဲသို့ထည့်ရန် စီစဉ်နေစဉ်တွင် အခြားမဲရုံအဖွဲ့ဝင်တစ်ဦးမှ ဆန္ဒမဲလက်မှတ် ခိုင်လုံမှု ရှိ၊မရှိ ကိုစစ်ဆေးပေးနိုင်ပါသည်။
- ထို့အတူ အခြား မဲရုံအဖွဲ့ဝင်တစ်ဦးမှလည်း ရေတွက်ပြီးသော ဆန္ဒမဲ အရေအတွက်များကို တာလီ စာရင်းဖြင့် မှတ်သား ထားရမည် ဖြစ်ပါသည်။

**မှတ်ချက်**

မဲဆန္ဒနယ်အတွင်း ကြိုတင် ဆန္ဒမဲလက်မှတ်စာအိတ်များ ဖောက်သောအခါ အတွင်းရှိ ဆန္ဒမဲလက်မှတ်ကို ထိခိုက်ပျက်စီးခြင်းမရှိစေရန် စာအိတ်ကိုခါချပြီးမှ၊ ဖောက်၍ ဆန္ဒမဲလက်မှတ်ကိုထုတ်ယူသင့်ပါသည်။

## ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသား) မဲပုံးများ ရေတွက်ခြင်း

၁၄။ ထုတ်ပေးလိုက်သော ဆန္ဒမဲအရေအတွက်နှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲ လက်မှတ်များ၏ အရေအတွက် ကိုက်ညီမှု ရှိ/မရှိနှင့် ပျောက်ဆုံးမဲရှိ/မရှိ စစ်ဆေးရေတွက်ရန်ဖြစ်ပါသည်။ ယခုလုပ်ငန်းစဉ်သည်အောက်တွင်ဖော်ပြထားသည့်အတိုင်း မဲရုံအဖွဲ့ဝင်များကိုတာဝန်အညီအမျှ ပေး၍ ဆောင်ရွက်သင့်ပါသည်။ လွှတ်တော်အားလုံးအတွက် ဆန္ဒမဲရလဒ်များကို တစ်ပြိုင်တည်း ရေတွက်ခြင်း မပြုလုပ်သင့်ပါ။

- မဲရုံမှူး နှင့် ဒုမဲရုံမှူးမှ မဲရေတွက်ခြင်းလုပ်ငန်းစဉ်ကိုကြီးကြပ်နိုင်သည်။ မဲရုံမှူးမှ သက်ဆိုင်ရာ မဲရုံအဖွဲ့ဝင်များအား သင့်လျော်သလို နှစ်ဦးတစ်တွဲ တာဝန်သက်မှတ်ပေးထားနိုင်သည်။
- နှစ်ဦးတစ်တွဲ မဲရုံအဖွဲ့ဝင်အုပ်စုမှ တစ်ဦးက ဆန္ဒမဲလက်မှတ်များကို မဲပုံးထဲမှယူကာ ဆန္ဒမဲ

လက်မှတ်များကို မဲလက်မှတ်စာမျက်နှာ ကျောဘက်သို့တစ်ဖက်လှန်မှောက်ကာ ဆန္ဒမဲ လက်မှတ် (၁၀) စောင်စီကိုစုချည်ပါ။ မဲလက်မှတ်စုစုပေါင်းအရေအတွက်ကို မဲပုံးထဲတွင် ရေတွက်ပါ။

- သို့သော် ဆန္ဒမဲ လက်မှတ် ခိုင်လုံခြင်းရှိမရှိ စစ်ဆေးရန်တစ်ခါတည်း မဲရေတွက်ခြင်း မပြုရသေးပါ။
- ပြီးနောက် နှစ်ဦးတစ်တွဲ မဲရုံအဖွဲ့ဝင် အုပ်စုမှ တစ်ဦးက ဒုတိယ အကြိမ် ဆန္ဒမဲ လက်မှတ် (၁၀) စောင်စီကို ပြန်လည်စစ်ဆေးပါ။
- ပြီးနောက် **မဲရုံရှိ ဆန္ဒမဲအရေအတွက်များတွက်ချက်ဖြည့်သွင်းခြင်းဇယား** အပိုင်း (G) ရှိ မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် တွင် ဖြည့်ပါ။ မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် ဆန္ဒမဲ လက်မှတ်စုစုပေါင်း **မဲရုံရှိ ဆန္ဒမဲအရေအတွက်များ တွက်ချက်ဖြည့်သွင်းခြင်း ဇယား** အပိုင်း (F) အား ပုံစံ (၁၆) နှင့် (၁၆ - က) တွင် ဖြည့်သွင်းပါ။
- **မဲရုံရှိ ဆန္ဒမဲအရေအတွက်များ တွက်ချက်ဖြည့်သွင်းခြင်းဇယား** အပိုင်း (J) တွင်ပါဝင်သော ပျောက်မဲပေါင်းကို တွက်ချက်ကာ၊ ပျောက်မဲရှိပါက ပုံစံ (၁၆) နှင့် (၁၆ - က) တွင် ဖြည့်သွင်းပါ။
- အကယ်၍ ဆန္ဒမဲအရေအတွက်များမကိုက်ညီပါက သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲသို့အကြောင်းကြားပါ။
- ဆန္ဒမဲ လက်မှတ် (၁၀) စောင်စီ ချည်ထားသော သားရေပင်ကို ဖြည့်ပါ။

၁၅။ မဲရုံမှူးသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိထားသော ဆန္ဒမဲလက်မှတ်များသည် ခိုင်လုံသည့်ဆန္ဒမဲ ဖြစ်/မဖြစ် ကြည့်ရှုရေတွက်ပြီး ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ကိုယ်စားလှယ် လောင်း အသီးသီး၏ ခြင်းတောင်းများထဲသို့ ထည့်ပါ။

**ပယ်မဲ**

- ပယ်မဲတစ်ခုချင်းစီကို အသိသက်သေများ နှင့် ရွေးကောက်ပွဲ လေ့လာသူများအား သေချာပြသပါ။ မဲရုံတွင်ရေတွက်သော ဆန္ဒမဲလက်မှတ်များ၏ ခိုင်လုံမဲ သို့မဟုတ် ပယ်မဲ ကို မဲရုံမှူးမှ အဆုံးအဖြတ် ပေးနိုင်သည်။
- ပယ်မဲတစ်ခုချင်းစီကို ဆန္ဒမဲလက်မှတ်၏ နောက်ကျောဘက်တွင် နံပါတ်စဉ်ရေးထိုးကာ မှတ်သားထားရမည်။
- ပထမဦးဆုံး ပယ်မဲ ဟုဆုံးဖြတ်သည့် ဆန္ဒမဲပုံးရှိ မဲလက်မှတ်မှ စ၍ နံပါတ် (၁) ဟု စတင် မှတ်သားထားရမည်။
- ပယ်မဲ အရေအတွက်ကို တာလီ ဖြင့် သီးခြားမှတ်သားထားရမည်။
- ပယ်မဲတစ်ခုချင်းစီအားပုံစံ (၁၇) နှင့် (၁၇ - က) တွင် နံပါတ်ရေးထိုး မှတ်တမ်းတင်ပြီး ယင်းပုံစံအား မဲရုံမှူးက လက်မှတ်ရေးထိုးရမည်။
- ပယ်မဲများအား သီးခြား ပယ်မဲများထည့်ရန် သတ်မှတ်ထားသော ခြင်းတောင်း ထဲသို့ ထည့်ရမည်။

## ခိုင်လုံမဲ

- ခိုင်လုံမဲတစ်ခုချင်းစီကို အသိသက်သေများ နှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား သေချာပြသပါ။ မဲရုံမှူးသည်ဆန္ဒမဲလက်မှတ်များခိုင်လုံမှုရှိ/မရှိကို ဆုံးဖြတ်အတည်ပြုနိုင်ပါသည်။ (နည်း - ၆၉ (က))
- ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကိုရေတွက်ပြီး အဆိုပါ ခိုင်လုံမဲများကို သက်ဆိုင်ရာကိုယ်စားလှယ်လောင်း၏ဆန္ဒမဲလက်မှတ်များထည့်ရန်ခြင်းတောင်းထဲသို့ထည့်ပါ။
- အခြား မဲရုံအဖွဲ့ဝင်တစ်ဦးမှ ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ရေတွက်ပြီး ဆန္ဒမဲ အရေအတွက်အား ဘုတ်ပေါ်ရှိ တာလီစာရွက်ပေါ်တွင် မှတ်သားပါ။
- ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့်ဆန္ဒမဲများကိုရေတွက်ပြီးပါက၊ ကိုယ်စားလှယ်လောင်း တစ်ဦးစီ၏ မဲလက်မှတ် ထည့်ထားသော ခြင်းတစ်ခြင်းစီမှ ဆန္ဒမဲလက်မှတ်များကို (၁၀) စောင်စီ (သားရေပင်ဖြင့် (၁၀) စောင်စီ) စုချည်ပါ။
- အဆိုပါခြင်းတောင်းများထဲမှ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲ လက်မှတ်များ၏ အရေအတွက်သည် ဘုတ်ပေါ်ရှိ တာလီစာရွက်ပေါ်တွင် မှတ်သားထားသည့် အရေအတွက်နှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပါ။
- မဲရေတွက်ခြင်း ပြီးဆုံးပါက ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲအရေအတွက် အား ပုံစံ (၁၆) တွင် မှတ်တမ်းတင်ပါ။ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် စုစုပေါင်း မဲအရေအတွက်ကိုဂဏန်းဖြင့်သာမက အက္ခရာဖြင့်ပါ (ဥပမာ ပုံစံတွင် ပြထားသည့်အတိုင်း) ရေးသားပါ။

၁၆. မဲရေတွက်ခြင်း ပြီးဆုံးချိန်တွင် မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်( ၄ )ဦး မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ်(၄)ဦးနှင့် အများပြည်သူအသိသက်သေ အနည်းဆုံး(၄)ဦး၊ စုစုပေါင်း(၁၂) ဦးတို့ကပုံစံ(၁၆)နှင့်ပုံစံ(၁၆ - က)တွင် မှန်ကန်ကြောင်း မဖြစ်မနေလက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ပုံစံ(၁၆) (နှင့် ပုံစံ ၁၆ - က) ၏ နောက်ကျောဘက် တွင် မျက်မြင်သက်သေ (၁၀)ဦး၏ အမည်စာရင်းကို ရေးမှတ်ထားရမည်။

**မှတ်ချက်**

မဲရေတွက်ခြင်းပြီးစီးသည့် အချိန်တွင် (ပုံစံ - ၁၆) နှင့် ပုံစံ (၁၆ - က) (လွှတ်တော် ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲစာရင်း) တစ်စောင်ကို မဲရုံတွင် ကပ်ထားရ မည်။

## ၄.၄။ ခိုင်လုံမဲ၊ ပယ်မဲသတ်မှတ်ချက်များနှင့် နမူနာပုံစံများ

**ခိုင်လုံမဲများ**

**ခိုင်လုံဆန္ဒမဲလက်မှတ်များဆိုသည်မှာ–**

("အမှန်" အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ဆန္ဒပြုခြင်း)

- မဲရုံမှူးမှ လက်မှတ် ရေးထိုးထားသော ဆန္ဒမဲလက်မှတ်များ။
- ကော်မရှင်မှ သတ်မှတ်ထားသည့် အမှတ်အသား ပါရှိသည့် လက်မှတ်များ ( ဥပမာ။ ပုံနှိပ်ဒီဇိုင်း၊ လိုဂို နှင့် ရေစာ။)
- သတ်မှတ်ထားသည့် တံဆိပ်နှိပ်ရန်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး အတွက်သာ ရိုက်နှိပ်ထား သော ဆန္ဒမဲလက်မှတ်များ။
- သတ်မှတ်ထားသည့် တံဆိပ်နှိပ်ရန်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး အတွက်သာရိုက်နှိပ်ထားသော်လည်း အမှန် အမှတ်အသားသည် အတည့်၊ ဘေးတိုက်၊ ပြောင်းပြန်ဖြစ်နေသော ဆန္ဒမဲလက်မှတ်များ။
- သတ်မှတ်ထားသည့်တံဆိပ်နှိပ်ရန်နေရာတွင် ရိုက်နှိပ်ထားသော်လည်း လွှတ်တော်ကိုယ်စား လှယ်လောင်း နှစ်ဦးစလုံးနှင့် သက်ဆိုင်နေပါက တံဆိပ်တုံးပါအကွက် အနည်း/အများ အတိုင်း သတ်မှတ်ရမည့် ဆန္ဒမဲလက်မှတ်များ။ (အကွက် ၉ ကွက် မှ အနည်းဆုံး ၅ ကွက်)
- သတ်မှတ်ထားသည့် တံဆိပ်နှိပ်ရန်နေရာတွင် ရိုက်နှိပ်ထားခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်း၏အမည်နေရာ (သို့မဟုတ်) ပါတီတံဆိပ်နေရာတစ်ခုခုတို့တွင် လွှတ်တော်ကိုယ်စားလှယ် လောင်း တစ်ဦးအတွက်သာ ရိုက်နှိပ်ထားသော ဆန္ဒမဲလက်မှတ်များ။
- လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်သာ ရိုက်နှိပ်ထားသော်လည်း သက်မှတ်နေရာ တွင် တံဆိပ်တုံးပါအကွက်အနည်းငယ်သာဝင်ပြီး ကျန်အကွက်များသည် အပြင်ဘက်ထွက်နေ သောဆန္ဒမဲ လက်မှတ်များ။ (သုံးပုံကိုးပုံခန့်)
- ကိုယ်စားလှယ်လောင်းတစ်ဦးတည်းနှင့်သာ သက်ဆိုင်သော အကွက်သုံးကွက်တွင် တစ်ကြိမ်နှင့် အထက်ရိုက်နှိပ် ဆန္ဒပြုထားပြီး ထိုသို့ဆန္ဒပြုထားခြင်းသည် ယင်းကိုယ်စားလှယ်လောင်းကိုသာ မဲပေးကြောင်း ထင်ရှားစွာပေါ်လွင်သည့် မဲလက်မှတ်များ။ (ရိုက်နှိပ်ထားသည့် တံဆိပ်တုံးအရာ နှစ်ခု သို့မဟုတ် သုံးခု စလုံး၏ အကွက် ၉ ကွက်မှ အနည်းဆုံး ၅ ကွက်သည် ယင်းကိုယ်စားလှယ် လောင်း၏ အကွက်အတွင်း ၌သာကျရောက်နေခြင်း၊ ဥပမာ – ဆန္ဒမဲလက်မှတ်ပုံစံနမူနာ ၁၁၊ ၁၂၊ ၁၃နှင့် ၁၄ ကိုကြည့်ပါ။)
- **မှတ်ချက်။** ။ မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒမဲပေးခြင်းအတွက်ခိုင်လုံမဲများ – မဲရုံမှူးမှလက်မှတ် ထိုးထားသည့် ဆန္ဒမဲလက်မှတ်များဆိုသည့် ပထမဦးဆုံးအချက်မှလွဲ၍ အစဉ်လိုက် ဖော်ပြထားသည့် သက်မှတ်ချက်များအတိုင်းဖြစ်ပါသည်။ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေး ခြင်း ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏လက်မှတ် မပါဝင်ပါ။ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေး ရာတွင် သက်ဆိုင်ရာရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်နှင့်အတူ ဆန္ဒမဲ လက်မှတ်ထုတ်ပေး သူ၏ အမည်နှင့်လက်မှတ် သည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင်ပါဝင်ရမည်။
- **မှတ်ချက်။** ။ရွေးကောက်ပွဲနေ့ မဲရုံတွင်ပေးသော ဆန္ဒမဲနှင့် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲ

များကို တံဆိပ်တုံးဖြင့် ရိုက်နှိပ်ဆန္ဒပြုသည်။

**မှတ်ချက်**

ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲများသည် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် မိမိကော်မရှင်အဖွဲ့ခွဲ၏တံဆိပ် ရိုက်နှိပ်ပြီး တာဝန်ခံထုတ်ပေးသူ၏အမည်ဖော်၍ လက်မှတ်ရေးထိုးထုတ်ပေးရမည်။
[(ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်၊ အပိုဒ် ၆၁။ (က)]

**မဲဆန္ဒနယ်ပြင်ပ နှင့်နိုင်ငံပြင်ပရောက် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများဆိုသည်မှာ–**

(ဘောလ်ပင်ဖြင့် အမှတ်အသား " ✔ " ခြစ်ပေးခြင်း)

- ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ အမည်နှင့်လက်မှတ်သည်ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင် ပါဝင်သောဆန္ဒမဲလက်မှတ်များ
- သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်တုံးသည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောဘက်တွင် ပါဝင်သည့်ဆန္ဒမဲ လက်မှတ်များ
- သတ်မှတ်ထားသည့် အမှန်ခြစ်ရန်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်သာ ရိုက်နှိပ်ထား သော ဆန္ဒမဲလက်မှတ်များ။
- သတ်မှတ်ထားသည့် အမှန်ခြစ်ရန်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်သာအမှန်ခြစ်ဆန္ဒပြုထားပြီးအမှန်အမှတ်အသားသည်အတည့်၊ ဘေးတိုက်၊ ပြောင်းပြန်ဖြစ်နေသော ဆန္ဒမဲလက်မှတ်များ။ (ဥပမာ – ဆန္ဒမဲလက်မှတ်ပုံစံနမူနာ ၁၀ ကိုကြည့်ပါ။)
- သတ်မှတ်ထားသည့် အမှန်ခြစ်ရန်နေရာတွင် အမှန်ခြစ် ခြစ်ထားခြင်းမဟုတ်ဘဲ သက်ဆိုင်ရာကိုယ်စားလှယ်လောင်း၏အမည်နေရာ (သို့မဟုတ်) ပါတီတံဆိပ်နေရာတစ်ခုခုတို့တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက်သာ အမှန်ခြစ်ထားသော ဆန္ဒမဲလက်မှတ်များ။
- လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်သာ အမှန်ခြစ်ထားသော်လည်း သတ်မှတ်နေရာတွင် အနည်းငယ်သာဝင်ပြီး အမှန်ခြစ်သည် အပြင်ဘက်ထွက်နေသောဆန္ဒမဲ လက်မှတ်များ။ (ဥပမာ – ဆန္ဒမဲလက်မှတ်ပုံစံနမူနာ ၆ ကိုကြည့်ပါ။)
- ကိုယ်စားလှယ်လောင်းတစ်ဦးတည်းနှင့်သာ သက်ဆိုင်သော အကွက်သုံးကွက်တွင် တစ်ကြိမ်နှင့်အထက် အမှန်ခြစ် ဆန္ဒပြုထားပြီး ထိုသို့ဆန္ဒပြုထားခြင်းသည် ယင်းကိုယ်စားလှယ်လောင်းကိုသာ မဲပေးကြောင်း ထင်ရှားစွာပေါ်လွင်သည့် မဲလက်မှတ်များ။ (ဥပမာ – ဆန္ဒမဲလက်မှတ်ပုံစံနမူနာ ၉ နှင့် ၁၂ ကိုကြည့်ပါ။)

**မှတ်ချက်**

မဲလက်မှတ်များ ပုံနှိပ်ထုတ်ဝေချိန်တွင် ပါရှိလာသော အစက်အပြောက်များ၊ အစွန်းအထင်း အနည်းငယ် တို့ကိုချွင်းချက်အဖြစ် လက်ခံကာ ခိုင်လုံမဲအဖြစ် သတ်မှတ်ပေးရမည်။

**ပယ်မဲများ**

**ပယ်မဲ ဆန္ဒမဲလက်မှတ်များဆိုသည်မှာ–**

("အမှန်" အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ဆန္ဒပြုခြင်း)

- မဲရုံမှူး၏ လက်မှတ်မပါရှိသော ဆန္ဒမဲလက်မှတ်များ။ (မဲရုံတွင်မဲပေးခြင်း)
- ကော်မရှင်မှ သတ်မှတ်ထားသည့် အမှတ်အသား မပါရှိသည့် လက်မှတ်များ ( ဥပမာ – ပုံနှိပ်ဒီဖိုင်း၊ လိုဂို နှင့် ရေစာ။)
- သတ်မှတ်ထားသည့် တံဆိပ်နှိပ်ရန်နေရာတွင် ရိုက်နှိပ်ထားသော်လည်း တံဆိပ်တုံးပါ အကွက်များသည် ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းနှစ်ဦး၏ နေရာများတွင် အချိုးညီစွာ ရိုက်နှိပ်ထားသည့် ဆန္ဒမဲလက် မှတ်များ။
- သတ်မှတ်ထားသည့် တံဆိပ်နှိပ်ရန် နေရာ၊ ကိုယ်စားလှယ်လောင်းအမည်နှင့် ပါတီတံဆိပ် နေရာ တစ်ခုခုတွင် တံဆိပ်ရိုက်နှိပ်ထားခြင်းမရှိဘဲ အပြင်ဘက်တွင် ရိုက်နှိပ်ထားသည့် ဆန္ဒမဲ လက်မှတ်များ။
- ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ တံဆိပ်ရိုက်နှိပ်ထားသည့် ဆန္ဒမဲ လက်မှတ်များ။
- စုတ်ပြဲနေသည့် ဆန္ဒမဲလက်မှတ်များ။
- မသေချာမထင်ရှားသော ဆန္ဒမဲလက်မှတ်များ။
- ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်များ။
- အမှတ်အသားပြုထားသော ဆန္ဒမဲလက်မှတ်များ။ (ဥပမာ ပုံစံ နံပါတ် (၈))
- တံဆိပ်တုံး တစ်ကြိမ်နှင့်အထက် ရိုက်နှိပ်ဆန္ဒပြုထားပြီး ထိုသို့ရိုက်နှိပ်ထားသည့် တံဆိပ်တုံး အရာများသည် ကိုယ်စားလှယ်လောင်းနှစ်ဦး (နှစ်ဦးထက်ပိုသော)ကို မဲပေးထားသကဲ့သို့ ဖြစ်နေသည့် မဲလက်မှတ်များ။ (ရိုက်နှိပ်ထား သည့် တံဆိပ်တုံးအရာ တစ်ခုသည် ကိုယ်စားလှယ် လောင်းတစ်ဦး၏ အကွက်အတွင်းကျရောက်ပြီး နောက်ထပ် ရိုက်နှိပ်ထားသည့် တံဆိပ်တုံး အရာတစ်ခုခု၏ အကွက် ၉ ကွက်မှ အနည်းဆုံး ၅ ကွက်သည် အခြားကိုယ်စားလှယ်လောင်း၏ အကွက်အတွင်း၌ ကျရောက်နေခြင်း၊ ဆန္ဒမဲလက်မှတ် ပုံစံ ၉၊၁၀ နှင့် ၁၁ကို ကြည့်ပါ။)
- ကော်မရှင်မှ ပယ်မဲများ အဖြစ် ကြေညာထားသော ပယ်မဲ ဆန္ဒမဲများ။
- **မှတ်ချက်။** ။ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းအတွက်ပယ်မဲများ – မဲရုံမှူး၏ လက်မှတ် မပါရှိသော ဆန္ဒမဲလက်မှတ်များဆိုသည့် ပထမဦးဆုံးအချက်မှလွဲ၍ အစဉ်လိုက်ဖော်ပြထားသည့် သတ်မှတ်ချက် များအတိုင်းဖြစ်ပါသည်။

ထို့အပြင် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းမှ ပယ်မဲကြိုတင်ဆန္ဒမဲလက်မှတ်များ ဆိုသည် မှာ –

- မဲလက်မှတ်၏နောက်ကျောဘက်တွင်သက်ဆိုင်ရာရပ် / ကျေးကော်မရှင်အဖွဲ့ခွဲ၏တံဆိပ်မပါ သည့် လက်မှတ်များ
- ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏ အမည်နှင့်လက်မှတ်သည် ဆန္ဒမဲလက်မှတ်၏ နောက်ကျော တွင်မပါသည့် ဆန္ဒမဲ လက်မှတ်များ ဖြစ်သည်။

**မဲဆန္ဒနယ် ပြင်ပရောက် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ**

(ဘောလ်ပင်ဖြင့် အမှတ်အသား " ✔ " ခြစ်ပေးခြင်း)

- သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်တုံးသည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောဘက်တွင်မပါဝင်သည့် ဆန္ဒမဲ လက်မှတ်များ
- ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏အမည်နှင့်လက်မှတ်သည်ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင် မပါဝင်သောဆန္ဒမဲလက်မှတ်များ
- ကော်မရှင်မှ သတ်မှတ်ထားသည့် အမှတ်အသား မပါရှိသည့် လက်မှတ်များ ( ဥပမာ။ ပုံနှိပ်ဒီဇိုင်း၊ လိုဂို နှင့် ရေစာ။)
- သတ်မှတ်ထားသည့်အမှန်ခြစ်ရန်နေရာတွင်လွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦးကို အမှန်ခြစ်ထားသည့် ဆန္ဒမဲလက်မှတ်များ။(ဥပမာ - နမူနာပုံစံ နံပါတ် ၉)
- သတ်မှတ်ထားသည့် အမှန်ခြစ်ရန် နေရာ၊ ကိုယ်စားလှယ်လောင်းအမည်နှင့် ပါတီတံဆိပ်နေရာ တစ်ခုခုတွင် အမှန်ခြစ် ခြစ်ထားခြင်းမရှိဘဲ အပြင်ဘက်တွင် အမှန်ခြစ်ခြစ်ထားသည့် ဆန္ဒမဲလက်မှတ်များ။
- စုတ်ပြဲနေသည့် ဆန္ဒမဲလက်မှတ်များ။
- မသေချာမထင်ရှားသော ဆန္ဒမဲလက်မှတ်များ။
- ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်များ။
- အမှတ်အသားပြုထားသော ဆန္ဒမဲလက်မှတ်များ။ (ဥပမာ - နမူနာပုံစံ နံပါတ် ၄)
- အမှန်ခြစ် တစ်ကြိမ်နှင့်အထက် ဆန္ဒပြုထားပြီး ထိုသို့အမှန်ခြစ်ထားသည့် အမှန်ခြစ်များ သည် ကိုယ်စားလှယ်လောင်းနှစ်ဦးကို မဲပေးထားသကဲ့သို့ ဖြစ်နေသည့် မဲလက်မှတ်များ။
- ကော်မရှင်မှ ပယ်မဲများ အဖြစ် ကြေညာထားသော ပယ်မဲ ဆန္ဒမဲများ။

**မှတ်ချက်**


နိုင်လုံမဲနမူနာပုံစံများသည် မဲဆန္ဒရှင်၏ ထင်ရှားပေါ်လွင်သည့်ဆန္ဒအတွက် ထည့်သွင်းစဉ်းစားပေးထားခြင်းဖြစ်သော်လည်း မဲဆန္ဒရှင်များအနေဖြင့် တံဆိပ်တုံးနှိပ်ရာတွင် ဖြစ်နိုင်သမျှ တစ်ကြိမ်သာနှိပ်ရန်ကို မဲဆန္ဒရှင်များအား သတိပေးရပါမည်။

မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒမဲပေးခြင်း ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏လက်မှတ် မပါဝင်ပါ။ မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒမဲပေးရာတွင် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲ၏ တံဆိပ်နှင့်အတူ ဆန္ဒမဲ လက်မှတ်ထုတ်ပေးသူ၏ အမည်နှင့်လက်မှတ် သည် ဆန္ဒမဲလက်မှတ်၏ နောက်ကျောတွင်ပါဝင်ရမည်။

**မှတ်ချက်**

ပယ်မဲပုံစံများမှ နမူနာပုံစံ (၅) သည် **မဲရုံတွင်ပေးသော ဆန္ဒမဲလက်မှတ် ဖြစ်မှသာ** ပယ်မဲဟု ဆုံးဖြတ်သည်။ မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒမဲပေးရာတွင် မဲရုံမှူး လက်မှတ်သည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မပါဝင်ပါ။

# ခိုင်လုံမဲ နမူနာပုံစံများ



**မှတ်ချက်** အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၄င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများ




နမူနာ - ၁




နမူနာ - ၂



နမူနာ - ၃




နမူနာ - ၄



နမူနာ - ၅



နမူနာ - ၆



နမူနာ - ၇
ကိုယ်စားလှယ်လောင်း အမည်အကွက်နှင့် ပါတီသင်္ကေတ အကွက်နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၈
ပါတီသင်္ကေတအကွက် နှင့် ကွက်လပ်နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၉
တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၁၀
အမှန်ခြစ်ကို ဇောက်ထိုးခြစ်ထားသော မဲလက်မှတ်



နမူနာ - ၁၁
အမှန်ခြစ်ကို ပီပြင်အောင် ခြစ်မထားသော မဲလက်မှတ်



နမူနာ - ၁၂
တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသော မဲလက်မှတ်




နမူနာ - ၁၃
ခိုင်လုံမဲ နမူနာများပါအတိုင်း ဆန္ဒပြုထားရမည့်အပြင် မဲလက်မှတ်၏ကျောဘက်တွင် တာဝန်ခံအမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ပါရှိသောမဲလက်မှတ်

| | |
|---|---|
| **မှတ်ချက်** | အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၄င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။ |


(၅) အခန်း

# ပယ်မဲ နမူနာပုံစံများ




| မှတ်ချက် | အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။ |
|---|---|

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲ နမူနာပုံစံများ



| မှတ်ချက် | အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။ |
|---|---|

## (ပုံစံ ၁၆) ဖြည့်သွင်းခြင်း အဆင့်ဆင့်နမူနာ

| မဲရုံရှိ မဲလက်မှတ်အရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်သည်။ | | | | | |
|---|---|---|---|---|---|
| I | ရပ်ကျေးမှမဲရုံမှူးသို့ထုတ်ပေးသည့်လက်မှတ် (ပုံစံ ၁၁(ခ) နှင့် နောက်ဆက်တွဲ တွက်ချက်ပုံ) | ၁၆၀၀ | V | **ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲ** | ၂၂ |
| II | မဲရုံမှူးမှ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူထံထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် မဲရုံမှူးလက်စွဲပါ နောက်ဆက်တွဲ (ဂ) | ၁၅၅၀ | VI | **ရေတွက်သည့်ဆန္ဒမဲလက်မှတ်ပေါင်း (ခိုင်လုံမဲပေါင်း)** | ၁၄၉၉ |
| III | **အသုံးပြုထားသည့်ဆန္ဒမဲလက်မှတ်စုစုပေါင်း** (Line D, နောက်ဆက်တွဲ ) | ၁၅၃၀ | VII | **ကြိုတင်ဆန္ဒမဲလက်မှတ် ပယ်မဲပေါင်း** (ပုံစံ ၁၇ နှင့်၁၇-က) | ၆ |
| | | | VIII | **မဲရုံမှရရှိသော ပယ်မဲစုစုပေါင်း** (ပုံစံ ၁၇ နှင့်၁၇-က) | ၂၁ |
| IV | **ပျက်စီးသောမဲလက်မှတ်များ** (Line E, နောက်ဆက်တွဲ) | ၁၀ | IX | **သက်ဆိုင်ရာလွှတ်တော်တိုင်းရင်းသား မဲပုံးများမှ ရရှိလာသော ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်** (မဲရုံတွင်အမှန်တကယ်မဲပေးသည့် မဲ, Line G, နောက်ဆက်တွဲ | ၁၅၂၀ |

ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏ ဆန္ဒမဲ + ကြိုတင်ဆန္ဒမဲ
=ရရှိသောဆန္ဒမဲအရေအတွက် ဂဏန်းဖြင့်

(X + Y = Z)

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ
### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း

........................................မဲရုံအမှတ်

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် | ကိုယ်စားပြုသောပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ | ရရှိသောဆန္ဒမဲအရေအတွက် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ဆန္ဒမဲလက်မှတ်ဖြင့် (X) | ကြိုတင် ဆန္ဒမဲလက်မှတ်ဖြင့် (Y) | စုစုပေါင်း ဂဏန်းဖြင့် (Z) | စုစုပေါင်း စာဖြင့် | **မဲဆန္ဒရှင်များသို့ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်:** အသုံးပြုထားသည့်ဆန္ဒမဲလက်မှတ်စုစုပေါင်း - ပျက်စီးသောမဲလက်မှတ်များ = *(၁၅၃၀-၁၀ = ၁၅၂၀)* (Line F, *နောက်ဆက်တွဲ)* |
| ၁ | ဦးစိမ်း | A | ၁၆၈ | ၉ | ၁၇၇ | တစ်ရာခုနစ်ဆယ်ခုနစ် | ၁။ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် = **၁၅၂၀** |
| ၂ | ဦးနီ | B | ၁၃၃၀ | ၁၃ | ၁၃၄၃ | တစ်ထောင်သုံးရာလေးဆယ့်သုံး | ၂။ မဲပုံးမှ ထုတ်ယူရရှိသည့်ကြိုတင်ဆန္ဒမဲလက်မှတ်= **၂၈** *(၂၂ +၆)* |
| ၃ | ဦးဖြူ | C | ၁ | ၀ | ၁ | တစ် | ၃။ ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့်ဆန္ဒမဲလက်မှတ်ပေါင်း = **၁၅၂၁** *(၂၂+ ၁၄၉၉ )* |
| | | | | | | | ၄။ ပယ်မဲပေါင်း (ပုံစံ၁၇) = **၂၇** *(၆ ပယ်မဲ + 21 ပယ်မဲ)* |
| | | | | | | | ၅။ ပျောက်မဲပေါင်း (၁၅၃၀ - ၁၀ - ၁၅၂၀ =၀) |
| | | | | | | | (၁+၂ = ၃+၄+၅) (၁၅၂၀ + ၂၈ = ၁၅၂၁ + ၂၇ + ၀ = ၁၅၄၈) |

၁၆၈_၁၃၃၀+၁=၁၄၉၉

၉+၁၃+၀=၂၂

လက်မှတ်မထိုးခင်တွက်ချက်မှု ဇယားကိုစစ်ဆေးရန်

မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည်
၁..........................................................
၂..........................................................
၃ ..........................................................

အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်
၁ ..........................................................
၂..........................................................
၃..........................................................

မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည်
မဲရုံမှူး ..........................................................
မဲရုံအဖွဲ့ဝင်..........
မဲရုံအဖွဲ့ဝင် ..........

**ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်:**
အသုံးပြုထားသည့်ဆန္ဒမဲလက်မှတ်စုစုပေါင်းသည်
မဲရုံတွင်အမှန်တကယ်မဲပေးသည့် မဲနှင့်ညီရမည်။

## ၄.၅။ မဲရေတွက်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

မဲရုံမှူးမှ လွှတ်တော်တစ်ရပ်ခြင်းစီအတွက် ရရှိထားသော ဆန္ဒမဲများကို ပုံစံ (၁၆)သို့ ပုံစံ (၁၆-က) ဖြည့်သွင်းရာတွင် အောက်ဖော်ပြပါအတိုင်း ကွာဟချက်မရှိဘဲတွက်ချက် ဖြည့်စွက်နိုင်ရန် ဖြစ်ပါသည်။

| စဉ် | ဆောင်ရွက်ချက် | အမှန်ခြစ်ပါ |
|---|---|---|
| **မဲပေးစဉ်ကာလအတွင်း (မဲလက်မှတ်ထုတ်ပေးသူမှ)** | | |
| ၁။ | ရရှိထားသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်းနှင့် အသုံးမပြုဘဲ ကျန်သည့် မဲလက်မှတ် စုစုပေါင်းကို အချိန်နှင့်တစ်ပြေးညီစစ်ဆေးတွက်ချက်နေပါ။ | ✔ |
| **မဲရေတွက်အပြီး မဲရုံမှူးမှ ဖြည့်စွက်ရန်** | | |
| ၂။ | အသုံးပြုထားသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း ( ဆိုလိုသည်မှာ မဲလက်မှတ်စာအုပ်မှ ဆုတ်ဖြဲပြီး ထုတ်ပေးလိုက်သည့် ပျက်စီး သော မဲလက်မှတ်များအပါအဝင် ဆန္ဒမဲ လက်မှတ်စုစုပေါင်း) သည် ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ် နှင့် ညီမျှသည်။ ( နောက်ဆက်တွဲ တွက်ချက်ခြင်းဇယားကိုကြည့်ပါ။) | ✔ |
| ၃။ | ကိုယ်စားလှယ်လောင်းများမှရရှိသော ဆန္ဒမဲလက်မှတ်စုစုပေါင်းသည် မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် ( ဆန္ဒမဲပုံးမှ ရရှိသော ပယ်မဲ နှင့်ခိုင်လုံမဲများ) အသုံးမပြုဘဲ ကျန်သည့် မဲလက်မှတ် စုစုပေါင်း (ပုံစံ ၁၆ -၁) နှင့် ညီမျှသည်။ | ✔ |
| ၄။ | ဆန္ဒမဲပုံးများမှ ရရှိသော (ပယ်မဲ) နှင့် (ခိုင်လုံမဲများ) သည် မဲရုံတွင် အမှန်တကယ် ပေးသည့် ဆန္ဒမဲအရေအတွက်အသုံးပြုထားသည့် ဆန္ဒမဲ လက်မှတ်စုစုပေါင်း ( ဆိုလိုသည်မှာ မဲလက်မှတ်စာအုပ်မှ ဆုတ်ဖြဲပြီး ထုတ်ပေးလိုက်သည့် ပျက်စီး သော မဲလက်မှတ်များအပါအဝင် ဆန္ဒမဲ လက်မှတ်စုစုပေါင်း) နှင့် ညီမျှသည်။ (D-E=F) | ✔ |
| ၅။ | အသုံးပြုထားသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း + ကြိုတင်မဲစုစုပေါင်းသည် ဆန္ဒမဲပုံးများမှ ရရှိသော (ခိုင်လုံမဲများ) + ဆန္ဒမဲပုံးများမှ ရရှိသော (ပယ်မဲများ) + ကြိုတင်ဆန္ဒမဲပုံးများမှရသော ခိုင်လုံမဲများ + ကြိုတင်ဆန္ဒမဲပုံးများမှရသော ပယ်မဲများ + ပျောက်မဲများ နှင့် ညီမျှသည်။ | ✔ |
| ၆။ | ကိုယ်စားလှယ်လောင်းတစ်ဦးစီရသော ခိုင်လုံမဲသည် ဆန္ဒမဲပုံးများမှ ရရှိသော (ခိုင်လုံမဲများ) + ကြိုတင်ဆန္ဒမဲပုံးမှ ရရှိသောခိုင်လုံမဲများ နှင့် ညီမျှသည်။ | ✔ |
| **မှတ်ချက်** | | |
| ၇။ | မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်စုစုပေါင်းသည် မဲဆန္ဒရှင်ဦးရေ စုစုပေါင်းထက် မများပါ။ | ✔ |

| | | |
|---|---|---|
| ၈။ | မဲစာရင်းတွင်လက်မှတ်ထိုးထားသော မဲဆန္ဒရှင်များအရေအတွက်သည် မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက်ထက်မများပါ။ | ✔ |
| ၉။ | ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ် သည် အသုံးပြုထားသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်းထက် မများပါ။ | ✔ |
| ၁၀။ | ဆန္ဒမဲပုံးများမှ ရရှိသော ခိုင်လုံမဲများသည် မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက်ထက်မများပါ။ | ✔ |

## ၄.၆။ မဲရုံအတွင်းရေတွက်ရရှိသောဆန္ဒမဲရလဒ်

၁။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ကြိုတင်ဆန္ဒမဲရလဒ်နှင့် မဲရုံတွင်မဲပေးသည့် ဆန္ဒမဲ ရလဒ်တို့ကို ပေါင်း၍ ပုံစံ (၁၆)တွင် ကိန်းဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖြည့်သွင်းရမည်။

၂။ ပြီးလျင် မဲရုံမှူးအပါအဝင်မဲရုံအဖွဲ့ဝင် (၄)ဦး၊ မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ် (၄)ဦးနှင့် အများပြည်သူအသိသက်သေအနည်းဆုံး(၄)ဦးတို့မှ ပုံစံ(၁၆)တွင် မဖြစ်မနေလက်မှတ်ရေးထိုးရမည်။

လက်မှတ်ရေးထိုးပြီးသော ပုံစံ (၁၆) များကို

- မြို့နယ်ကော်မရှင် အဖွဲ့ခွဲ သို့ တစ်စောင်
- သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့  နှစ်စောင်
- မဲရုံတွင် ကပ်ထား ကြေညာရန် တစ်စောင်
- မိမိလက်ဝယ်တွင် တစ်စောင် ထိန်းသိမ်းထားရမည်။

၃။ လွှတ်တော်အလိုက်ရရှိလာသောပုံစံ(၁၆) နှင့် ပုံစံ(၁၆-က) တစ်စောင်စီအား ပုံစံ(၁၆) နှင့် ပုံစံ(၁၆-က)ရလဒ်များထည့်သည့် စာအိတ်ထဲတွင်ထည့်ပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်သို့ ပေးပို့ရမည်။

စာအိတ်ပေါ်တွင်

- လွှတ်တော်မဲဆန္ဒနယ်အမည်
- ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ
- မဲရုံအမှတ်

တို့ ရေးသားဖော်ပြထားရမည်။

## ၄.၇။ မဲရေတွက်ပြီးနောက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

(လုံခြုံရေးအိတ်များထုပ်ပိုးခြင်းစနစ်အားဖော်ပြထားသည့်ပုံကို နောက်တွင်ကြည့်နိုင်ပါသည်။)

မဲရုံမှူးသည်မဲပုံးထဲမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်များနှင့်ကြိုတင်ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီးသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

၁။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ ရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သီးခြားအိတ်များတွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်ရန်၊

၂။ ယင်းအိတ်အသီးသီးပေါ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို ထင်ရှားစွာရေးမှတ်ရမည်
- ကိုယ်စားလှယ်လောင်းအမည်
- မဲဆန္ဒနယ်အမည်
- ရပ်ကွက်/ ကျေးရွာအုပ်စုအမည်
- မဲရုံအမှတ်

၃။ ပယ်မဲအားလုံးကို အိတ်တစ်အိတ်တွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ် ရိုက်နှိပ်ရမည်။

၄။ ယင်းပယ်မဲအိတ်ပေါ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို ထင်ရှားစွာ ရေးမှတ်ရမည် -
- မဲဆန္ဒနယ်အမည်
- ရပ်ကွက်/ ကျေးရွာအုပ်စုအမည်
- မဲရုံအမှတ်

၅။ အထက်ဖော်ပြပါ အိတ်များအားလုံးကို အထုပ်တစ်ထုပ် ပြုလုပ်ရမည်။

၆။ မဲရုံမှူးသည် မဲရုံပိတ်ချိန်တွင် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီ ထုပ်ပြီးလျှင် မိမိ၏ ချိပ်တံဆိပ် ရိုက်နှိပ်ရမည် -
- မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆ - ၁)၊
- မဲရုံတွင် အသုံးပြုသော မဲစာရင်း၊
- ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊
- ပယ်မဲပုံစံ (၁၇) နှင့် ပုံစံ (၁၇ - က) များ။

၇။ အထက်ဖော်ပြပါ အထုပ်တစ်ထုပ်စီပေါ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို ရေးသားပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည် -
- ပစ္စည်းအမျိုးအမည်၊
- ရပ်ကွက်/ ကျေးရွာအုပ်စုအမည်၊
- မဲရုံအမှတ်။

၈။ ယင်းနောက် အောက်ဖော်ပြပါ အထုပ်နှင့်အထုပ်ကြီးတို့ကို အိတ်ကြီးတစ်လုံးတွင် ထည့်သွင်းကာ မဲရုံမှူးက ချိပ်တံဆိပ် ရိုက်နှိပ်ရမည်။ ထိုအိတ်ကြီးပေါ်တွင် ပေးပို့သော မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု အမည်တို့ကို ဖော်ပြရမည် -

- ဆန္ဒမဲလက်မှတ်အိတ်များ၊ ကြိုတင်ဆန္ဒမဲလက်မှတ်အိတ်များနှင့် ပယ်မဲအိတ်တို့ကို ထည့်သွင်းထားသည့် အထုပ်၊
- မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆ – ၁)၊ မဲရုံတွင် အသုံးပြုသော မဲစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊ ပယ်မဲပုံစံ (၁၇) နှင့် ပုံစံ (၁၇ – က) အထုပ်များ ထည့်သွင်းထားသည့် အထုပ်ကြီး။

၉။ မဲရုံမှူးသည် အိတ်ကြီးကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲစာရင်း ပုံစံ (၁၆)၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ရရှိသော ဆန္ဒမဲစာရင်းပုံစံ (၁၆ – က) တို့နှင့်အတူ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။

၁၀။ ယင်းအိတ်ကြီးကို သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရ လည်းကောင်း ပေးပို့နိုင်ခြင်းမရှိပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံရမည်။

၁၁။ လမ်းညွှန်ချက်တွင် မပါရှိသည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြ၍ လမ်းညွှန်မှု တောင်းခံရမည်။

## ဆာလာအိတ်များနှင့် ဆန္ဒမဲလက်မှတ်များ အထုပ် ထုတ်ပိုးပုံ အဆင့်ဆင့်




၁ အသေး (၁၆" × ၂၅")




၂ အလတ် (၂၀" × ၃၀")




၃ အကြီး (၃၀" × ၄၅")




၄ အကြီး (၄၅" × ၅၄")

# ထုတ်ပိုးခြင်း

## ပြည်သူ့လွှတ်တော်

**အိတ်ကြီး**

**အထုပ်**

- အိတ် — ကိုယ်စားလှယ်လောင်း (က) ဆန္ဒမဲ
- အိတ် — ကိုယ်စားလှယ်လောင်း (က) ကြိုတင်မဲ
- အိတ် — ကိုယ်စားလှယ်လောင်း (ခ) ဆန္ဒမဲ
- အိတ် — ကိုယ်စားလှယ်လောင်း (ခ) ကြိုတင်မဲ
- အိတ် — ပယ်မဲ အားလုံး

**အထုပ်ကြီး**

- အထုပ် — မသုံးဘဲကျန်နေသောဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆-၁)
- အထုပ် — မဲရုံတွင်အသုံးပြုသော မဲစာရင်း
- အထုပ် — ကြိုတင်ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများ
- အထုပ် — ပယ်မဲပုံစံ (၁၇)

## အမျိုးသားလွှတ်တော်

**အိတ်ကြီး**

**အထုပ်**

- အိတ် — ကိုယ်စားလှယ်လောင်း (ဂ) ဆန္ဒမဲ
- အိတ် — ကိုယ်စားလှယ်လောင်း (ဂ) ကြိုတင်မဲ
- အိတ် — ကိုယ်စားလှယ်လောင်း (ဃ) ဆန္ဒမဲ
- အိတ် — ကိုယ်စားလှယ်လောင်း (ဃ) ကြိုတင်မဲ
- အိတ် — ပယ်မဲ အားလုံး

**အထုပ်ကြီး**

- အထုပ် — မသုံးဘဲကျန်နေသောဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆-၁)
- အထုပ် — မဲရုံတွင်အသုံးပြုသော မဲစာရင်း
- အထုပ် — ကြိုတင်ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများ
- အထုပ် — ပယ်မဲပုံစံ (၁၇)

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်

**အိတ်ကြီး**

**အထုပ်**

- အိတ် — ကိုယ်စားလှယ်လောင်း (င) ဆန္ဒမဲ
- အိတ် — ကိုယ်စားလှယ်လောင်း (င) ကြိုတင်မဲ
- အိတ် — ကိုယ်စားလှယ်လောင်း (စ) ဆန္ဒမဲ
- အိတ် — ကိုယ်စားလှယ်လောင်း (စ) ကြိုတင်မဲ
- အိတ် — တိုင်းရင်းသားကိုယ်စားလှယ်လောင်း (ဆ) ဆန္ဒမဲ
- အိတ် — တိုင်းရင်းသားကိုယ်စားလှယ်လောင်း (ဆ) ကြိုတင်မဲ
- အိတ် — တိုင်းရင်းသားကိုယ်စားလှယ်လောင်း (ဇ) ဆန္ဒမဲ
- အိတ် — တိုင်းရင်းသားကိုယ်စားလှယ်လောင်း (ဇ) ကြိုတင်မဲ
- အိတ် — ပယ်မဲ အားလုံး

**အထုပ်ကြီး**

- အထုပ် — မသုံးဘဲကျန်နေသောဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆-၁)
- အထုပ် — မဲရုံတွင်အသုံးပြုသော မဲစာရင်း
- အထုပ် — ကြိုတင်ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများ
- အထုပ် — ပယ်မဲပုံစံ (၁၇) + ပယ်မဲပုံစံ (၁၇-က)

## ၄.၈။ မဲရုံပိတ်ခြင်းနှင့်မဲရေတွက်ခြင်းတိုက်ဆိုင်စစ်ဆေးရန်စာရင်း

| စဉ် | ဆောင်ရွက်ချက် | အမှန်ခြစ် |
|---|---|---|
| ၁။ | မဲရုံမှူးလက်မှတ်ရေးထိုးထားသည့် ဆန္ဒမဲလက်မှတ်အပိုများ ကျန်ရှိပါက ထိုဆန္ဒမဲလက်မှတ်များကို ထိပ်မှအောက်ဆုံးအထိ ကြက်ခြေ ခတ်၍ ပယ်ဖျက် ထားရန်။ | ✔ |
| ၂။ | မဲရုံအခင်းအကျင်းကို မဲရေတွက်ခြင်း အခင်းအကျင်း အနေအထား သို့ ပြောင်းလဲပြင်ဆင်ရန်။ တာလီဘုတ်ဖြင့် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသော ဆန္ဒမဲ လက်မှတ် များကိုရေတွက်ရန် ခြင်းတောင်းများ ပြင်ဆင်ထားရန်။ လိုအပ်သော မဲရေတွက်ခြင်း ပုံစံများ အဆင်သင့် ပြင်ဆင်ထားရန်။ | ✔ |
| ၃။ | အသုံးမပြုဘဲ ကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆ - ၁) များကိုပြုစုရန်။ ပုံစံ (၁၆ - ၁)များကို သုံးစောင်ပြုစုရန်။ | ✔ |
| ၄။ | **မဲရုံရှိ ဆန္ဒမဲအရေအတွက်များတွက်ချက်ဖြည့်သွင်းခြင်းဇယား** မှ အပိုင်း (၁) နှင့် (၂) ကိုတွက်ချက်ထားရန်။ | ✔ |
| ၅။ | ဆန္ဒမဲပုံးများကိုမဖွင့်မီ<br>■ ဆန္ဒမဲရေတွက်ရာနေရာတွင် ရောက်ရှိနေသည့် အနည်းဆုံး မျက်မြင်သက်သေ(၁၀) ဦး၏ အမည်စာရင်းကို ပုံစံ(၁၆) နှင့် (၁၆ - က) ၏ ကျောဘက်တွင် ရေးမှတ်ထားရမည်။<br>■ လုံခြုံရေးကြိုးများ မူလအနေအထားအတိုင်း မပျက်မယွင်း ရှိ၊ မရှိ နှင့် လုံခြုံရေးကြိုး နံပါတ်များကို **နောက်ဆက်တွဲပုံစံ (င)**တွင်မှတ်ထားရန်။ | ✔ |
| ၆။ | ထုတ်ပေးလိုက်သော ဆန္ဒမဲလက်မှတ် စာရင်း (ပျက်စီးသွားသော မဲလက်မှတ် အရေအတွက်ကို နုတ်ပြီး) မဲရုံတွင် အမှန်တကယ် မဲပေး သည့် ဆန္ဒမဲ အရေအတွက် ( မဲရုံတွင် မဲလာပေးသည့် မဲပုံးများ ထဲရှိ မဲလက်မှတ် အရေအတွက် စုစုပေါင်း) **မဲရုံရှိ ဆန္ဒမဲအရေအတွက်များတွက်ချက်ဖြည့်သွင်းခြင်းဇယား** မှ အပိုင်း (၃) ကို တွက်ချက်ပါ။ | ✔ |

(၅) နေ့ရက်

| | | |
|---|---|---|
| ၇။ | ကြိုတင်ဆန္ဒမဲပုံးအတွင်းရှိ လက်မှတ်စာအိတ်များကို ဖွင့်ဖောက်ပြီး မဲဆန္ဒရှင်များဆန္ဒပြုထားသည့် အတိုင်းသက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်း အသီးသီး၏ (ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီး/ပြည်နယ် နှင့် တိုင်းရင်းသားလူမျိုး) ရရှိထားသော မဲလက်မှတ်များ ကို ရေတွက်ပါ။<br><br>**ပယ်မဲ။** ။ပယ်မဲတစ်စောင်ချင်းစီအလိုက်အမှတ်စဉ်ရေးထိုးထားပြီး ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ(၁၇)နှင့် (၁၇-က) တွင် မှတ်တမ်းတင်ရန်။<br><br>**ခိုင်လုံမဲ။** ။ကြိုတင်ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီး သည့် အခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီး၏) ရရှိထားသော ကြိုတင် ခိုင်လုံမဲလက်မှတ် အရေအတွက်ကို သက်ဆိုင်ရာ ပုံစံ (၁၆) နှင့် (လိုအပ်ပါက ပုံစံ (၁၆-က)တွင် ရေးသားပြုစု ရမည်။ မဲရုံရှိ အသိသက်သေများ၏ ရှေ့မှောက်တွင် မဲရေတွက်ရမည်။ | ✔ |
| ၈။ | ဆန္ဒမဲပုံးများအတွင်းရှိ မဲဆန္ဒရှင်များဆန္ဒပြု ထားသည့် အတိုင်းသက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီး၏ (ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီး/ပြည်နယ် နှင့် တိုင်းရင်းသားလူမျိုး) ရရှိထားသော ဆန္ဒမဲ လက်မှတ်များ ကို အစဉ်အတိုင်း လွှတ်တော်အရပ်ရပ်အလိုက် ရေတွက်ပါ။<br><br>**ခိုင်လုံမဲ။** ။ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီးသည့်အခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီး၏) ရရှိထားသော ခိုင်လုံမဲလက်မှတ်အရေအတွက်ကို သက်ဆိုင်ရာ ပုံစံ (၁၆) နှင့် (လိုအပ်ပါက ပုံစံ (၁၆-က)တွင် ရေးသားပြုစု ရမည်။ မဲရုံရှိ အသိသက်သေများ၏ရှေ့မှောက်တွင် မဲရေတွက်ရမည်။<br><br>**ပယ်မဲ။** ။ပယ်မဲတစ်စောင်ချင်းစီအလိုက် အမှတ်စဉ်ရေးထိုးထားပြီး ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ(၁၇)နှင့် (၁၇-က) တွင် မှတ်တမ်းတင်ရန်။ | ✔ |
| ၉။ | ပယ်မဲ/ခိုင်လုံမဲများကိုနမူနာမဲလက်မှတ်ပုံစံများမှလေ့လာပြီး အတည်ပြုခြင်း လုပ်ငန်းစဉ်ကိုဆောင်ရွက်ပါ။ | ✔ |
| ၁၀။ | မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်(၄)ဦး မဲရုံကိုယ်စားလှယ်/ အကျကိုယ်စားလှယ် (၄) ဦး နှင့် အများပြည်သူ အသိသက်သေ အနည်းဆုံး (၄)ဦးတို့ကပုံစံ(၁၆)တွင် မှန်ကန် ကြောင်း မဖြစ်မနေ လက်မှတ်ရေးထိုးရန်။ လေ့လာသူများကို မျက်မြင် သက်သေအဖြစ် လက်မှတ်ရေးထိုးခွင့် မပြုရ။ | ✔ |
| ၁၁။ | ပယ်မဲတစ်စောင်ချင်းစီအလိုက် အမှတ်စဉ်ရေးထိုးထားပြီး ပယ်သည့် အကြောင်းကို မှတ်တမ်းတင်ထားသည့် ပုံစံ(၁၇) နှင့် ပုံစံ (၁၇-က) တွင် မဲရုံမှူးက လက်မှတ်ရေးထိုးထားရန်။ | ✔ |

| | | |
|---|---|---|
| ၁၂။ | လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ကြိုတင်ဆန္ဒမဲရလဒ် နှင့် မဲရုံတွင်မဲပေးသည့် ဆန္ဒမဲ ရလဒ်တို့ကို ပေါင်း၍ ပုံစံ (၁၆)တွင် ကိန်းဂဏန်း ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ဖြည့်သွင်းပြီး ငါးစောင် ပြုစုရမည်။<br>ပြီးလျှင် လက်မှတ်ရေးထိုးပြီးသော ပုံစံ (၁၆) နှင့် (၁၆ - က) များကို<br>■ ရလဒ်ပုံစံထည့်သည့် စာအိတ် တွင်ထည့်ပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲ သို့ တစ်စောင်<br>■ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ နှစ်စောင်<br>■ မဲရုံတွင် ကပ်ထား ကြေညာရန် တစ်စောင်<br>■ မဲရုံမှူး၏ လက်ဝယ်တွင် တစ်စောင် ထိန်းသိမ်းထားရမည်။ | ✔ |
| ၁၃။ | ဆန္ဒမဲလက်မှတ်များနှင့်ကြိုတင်ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီးသည့်အခါအိတ်များတွင်ထည့်ကာ၍ အခန်း၅ပါ မဲရုံမှူးလက်စွဲတွင် ဖော်ပြထားသည့်အတိုင်း လုံခြုံအောင်ပိတ်ပြီး ယင်းအိတ်ကြီးကို ပုံစံ(၁၆) ထည့်ထားသော စာအိတ်နှင့်အတူ မဲရုံမှူးသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရန်။ | ✔ |

(၅) အခန်း


## ၅.၁။ ရွေးကောက်ပွဲနေ့လုံခြုံရေး

ရွေးကောက်ပွဲနေ့တွင်သက်ဆိုင်ရာ တာဝန်ရှိသူများသည် တိုင်ကြားချက်များအတွက် လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးရန် တာဝန်ရှိပါသည်။ မဲရုံမှူးများသည်လည်း ရွေးကောက်ပွဲနေ့ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ် အစီအစဉ်တကျ ဆောင်ရွက်နိုင်ရေးအတွက် အရေးပါသော ကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အချို့သော အခြေအနေများတွင် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ ပေါ်ပေါက်လာပါက၊ ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့အကြောင်းကြားပြီး၊ ထိုမှတစ်ဆင့် စေ့စပ် ညှိနှိုင်းရေးကော်မတီ အစည်းအဝေးသို့ ခေါ်ယူဆွေးနွေးနိုင်ပါသည်။

မဲရုံမှူးသည် မဲပေးစဉ်နှင့် မဲရေတွက်စဉ်ကာလအတွင်း သမရိုးကျမဟုတ်သော ဖြစ်ရပ်များ ပေါ်ပေါက်လာပါက မိမိ၏ တာဝန်နှင့်ဝတ္တရားအရ စီစဉ်ဆောင်ရွက်ပေးနိုင်သည်။ မဲရုံမှူးသည် ရွေးကောက်ပွဲကို ထိခိုက်စေမည့် အကြမ်းဖက်မှုများရှိလာပါက အောက်ဖော်ပြပါအတိုင်း ဖြေရှင်းဆောင်ရွက်နိုင်သည်။ အပြည့်အစုံကို **ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း လက်စွဲစာအုပ်**မှ ရည်ညွှန်းပါ။

- သတိပေးစာ ထုတ်ခြင်း
- မဲရုံမှ ထွက်ခွာစေရန် ညွှန်ကြားခြင်း
- ရဲ အရာရှိ သို့မဟုတ် မဲရုံလုံခြုံရေး၏အကူအညီကိုရယူခြင်း
- မဲပေးခြင်းကို ရပ်နားခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း
- လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် မဖြစ်နိုင်ဟု ကော်မရှင်မှ ယူဆလျှင် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းသည်ဟု ကြေညာခြင်း
- ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ညွှန်ကြားချက်ကို တောင်းခံခြင်း
- မဲပုံးကို မတရားသည့်နည်းလမ်းဖြင့်လည်းကောင်း၊ မတော်တဆ / တမင်ပြုလုပ်ခြင်းဖြင့်လည်းကောင်း မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များ ပျက်စီး၊ ပျောက်ဆုံး လျှင် မဲရုံမှူးအား တင်ပြခြင်း။
- ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်/မထည့် စောင့်ကြပ်ကြည့်ရှုရန်နှင့် မဲပုံးအတွင်းသို့ ထည့်သွင်းခြင်းမပြုဘဲ မဲရုံအပြင်ဘက်သို့ ယူသွားကြောင်း တွေ့ရှိလျှင်လည်းကောင်း၊ ဆုတ်ဖြဲ၍ မဲပုံးထဲသို့ ထည့်ရန်ကြံရွယ်ကြောင်း တွေ့ရှိ လျှင် လည်းကောင်း မဲရုံမှူးထံ အကြောင်းကြားခြင်း။
- ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်ပြုရန် မသင်္ကာဖွယ်ရာ တွေ့ရှိလျှင် မဲရုံမှူး ထံတင်ပြခြင်း။
- လွတ်လပ်စွာ မဲပေးခြင်းကို ထိခိုက်မှုမရှိစေရန် ရွေးကောက်ပွဲလေ့လာသူအဖွဲ့ များအား စနစ်တကျ ရှိစေရေး ကြပ်မတ်ခြင်း။
- မဲပေးပြီးသူတိုင်း လက်ဝဲဘက်လက်သန်းအား မင်တို့စေရေး ကြပ်မတ်ခြင်း။

## ၅.၂။ စိုးရိမ်ရန်ရှိသောအခြေအနေနှင့်ထူးခြားဖြစ်စဉ်




- မဲရုံမှူးသည် မဲပေးခြင်းလုပ်ငန်းစဉ်၏ တရားမျှတမှုကိုထိခိုက်စေမည့်မည်သည့်ကိစ္စမျိုးကိုမဆို ရပ်ကွက် (သို့) ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲထံ သတင်းပို့ရမည်။ ယင်းသို့ ဥပဒေ ချိုးဖောက်မှု နှင့် စပ်လျဉ်း၍ ရပ်ကွက် (သို့) ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲထံမှ ညွှန်ကြားချက်ကို ချက်ချင်း တောင်းခံရမည်။
- သဘာဝဘေးအန္တရာယ်နှင့်လုံခြုံရေးအခြေအနေများ အရဆန္ဒမဲပေးခြင်း မပြုနိုင် ပါက ရပ်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအကြောင်းကြားရမည်။
- ဆန္ဒမဲပေးနေစဉ် မဲပေးခြင်းရပ်ဆိုင်းရပါက မဲရုံမှူးသည် မဲပုံးကို ချိပ်တံဆိပ်ရိုက်နှိပ်၍ပိတ်မည်။ ယင်းမဲပုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့သယ်ဆောင်ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ရောက်လျှင် မဲပုံးကိုဖွင့်၍ ဆန္ဒမဲများကို ရေတွက်ရမည်။ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၆)ဖြင့်ရေးသွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်း(သို့မဟုတ်) ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊အကူကိုယ်စားလှယ်များအား မှန်ကန်ကြောင်း လက်မှတ် ရေးထိုးစေရမည်။
- မဲပုံးတစ်ပုံးသို့မဟုတ်မဲပုံးများကိုမတရားသည့်နည်းဖြင့် ယူဆောင်သွားခြင်း၊ ဆန္ဒမဲလက်မှတ်များ ချွတ်ယွင်းပျက်စီး ပျောက်ဆုံးခြင်းများဖြစ်ပွားလျှင် ဆန္ဒမဲ ပေးခြင်းကို ရပ်ဆိုင်း၍ ဆန္ဒမဲပေးခြင်း ပျက်ပြယ်သည်ဟုသတ်မှတ်ရန်နှင့် ယင်းသို့ပျက်ပြယ်ကြောင်းကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲသို့ ချက်ချင်း အကြောင်းကြားရန်။
- ဆန္ဒမဲလက်မှတ်တောင်းဆိုသူသည် သူတစ်ပါးအယောင်ဆောင်သူဖြစ်ကြောင်း လွှတ်တော် ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ မဲရုံမှူးက သင့်လျော်သည်ဟု ထင်မြင်သူကဖြစ်စေ ကန့်ကွက်လာလျှင် မဲရုံမှူးသည် **ကန့်ကွက်မဲစာရင်း ပုံစံ(၁၄)**တွင် လိုအပ်သည်များဖြည့်စွက်၍ ထိုဆန္ဒမဲလက်မှတ် တောင်းဆိုသူနှင့်ကန့်ကွက် သူများကို လက်မှတ်ရေးထိုးစေ ရမည်။ စာမရေးတတ်လျှင် လက်ဝဲလက်မ လက်ဗွေနှိပ်စေရမည်။ လိုက်နာခြင်း မပြုလျှင် ထိုသူအားဆန္ဒမဲပေးခွင့်မပြုရ။ မဲရုံမှူးသည် ဆန္ဒမဲပေးခွင့်ပြုသည် ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုအကြောင်းအရာများနှင့် ဆုံးဖြတ်ချက်တို့ကို **ကန့်ကွက်မဲစာရင်းပုံစံ(၁၄)**တွင် ရေးမှတ်ထားရမည်။
- မဲစာရင်းတွင် ပါရှိသော မှားယွင်းချက်၊ ချွတ်ယွင်းချက်တို့ကို ပြင်ဆင်ရေးမှတ်၍ ထိုသူကိုဆန္ဒမဲ ပေးခွင့်ပြုရန်နှင့် အကျိုးအကြောင်း အကျဉ်းချုပ်ကို **ပုံစံ(၁၂)**ဖြင့် ရေးသားမှတ်တမ်းတင်ထား ရမည်။
- ဆန္ဒမဲပေးချိန်အတွင်း အခန်း(၁.၇)ပါမဲရုံထဲသို့ ဝင်ခွင့်ရှိသူများမှအပ မည်သူမျှ မဝင်စေရ။
- တစ်ဦးတစ်ယောက်သောသူသည် မဲရုံတွင် မဖွယ်မရာသောအမှုကိုပြုလျှင် ထိုသူအား မဲရုံမှ

(၆) အခန်း

ချက်ချင်းဖယ်ရှားရမည်။

- မဲရုံမှူးသည် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခု ကျူးလွန်သူကို ဖမ်းဆီးရန်အတွက် တာဝန်ကျရဲတပ်ဖွဲ့ဝင်၊ အခြားလုံခြုံရေး တာဝန် ရှိသူအား ညွှန်ကြားရမည်။
- မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မိမိတို့သဘောအရ မဲဆန္ဒရှင်အသစ်များ၏ အမည်စာရင်းကို ဖြည့်စွက်ခြင်း မပြုရ။
- မဲရုံမှ ကိုက် (၅၀၀) အတွင်း ရွေးကောက်ပွဲဆိုင်ရာဥပဒေအရ စည်းကမ်းမဲ့သည့် အပြုအမူများ တွေ့ရှိပါက ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။

**မှတ်ချက်**

မဲရုံမှူးသည် စိုးရိမ်ဖွယ်ရှိသော အခြေအနေများကို တာဝန်ကျရဲတပ်ဖွဲ့ဝင် (သို့မဟုတ်) မဲရုံလုံခြုံရေးများထံမှ အကူအညီတောင်း၍ဖြေရှင်းရမည်။

## ၆.၁။ လိုက်နာဆောင်ရွက်ရမည့်အချက်များ

မဲရုံမှူး နှင့် မဲရုံအဖွဲ့ဝင် တာဝန်ဝတ္တရားများကို ထမ်းဆောင်သူများသည် အောက်ပါ အချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

၁။ ရွေးကောက်ပွဲနှင့်သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာပြုစု ထိန်းသိမ်း ရန်။
၂။ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်။
၃။ ကော်မရှင်ကထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတစ်ပါး အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်း မရှိစေရန်။
၄။ ရွေးကောက်ပွဲတွင် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်း အတွက်မျှ မဲဆွယ်ခြင်း၊ ဘက်လိုက်ခြင်းမပြုဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ရန်။
၅။ ရွေးကောက်ပွဲကော်မရှင် ဥပဒေအရသော်လည်းကောင်း၊ မဲရုံမှူး၏ ညွှန်ကြားချက်သော် လည်းကောင်း မလိုက်နာပါက လုံခြုံရေးအရာရှိ သို့မဟုတ် တာဝန်ကျရဲတပ်ဖွဲ့ဝင်အား ထိုသူကို ဖယ်ရှားရေး ညွှန်ကြားရန်။
၆။ မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ပျက်ကွက်ပါက သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲသို့ အကြောင်းကြားရန်။
၇။ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်။

မဲရုံလုံခြုံရေးသည် မဲဆန္ဒရှင်၏ လက်/လက်ချောင်းပေါ်တွင် မင် သို့မဟုတ် မင်နှင့်တူသော အရာရှိနေပြီး မဲပေးရန် ခွင့်တောင်းပါက၊ မဲရုံမှူးကို အကြောင်းကြားရမည်။ မဲရုံမှူးမှ အဆိုပါ မဲဆန္ဒရှင်၏ လက်ကို စစ်ဆေးကြည့်သည့်အခါတွင် လက်သန်း သို့မဟုတ် လက်သန်းမရှိပါက အခြား လက်ချောင်းတွင် ဖျက်၍မရသော မင်တို့ထားသည်ကို တွေ့ရပါက၊ မဲရုံမှူးမှ မဲဆန္ဒရှင်ကို မဲရုံအတွင်းသို့ ဝင်ရောက်ခွင့် တောင်းဆိုခြင်းကို ငြင်းပယ်နိုင်ပါသည်။

မဲရုံမှူးသည် အဆိုပါမင်/မင်နှင့်တူသော အရာသည် မဲပေးပြီးခြင်းဖြစ်ကြောင်း သတ်သေဟုတ်မဟုတ် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ မဲရုံမှူးသည် အဆိုပါ အကြောင်းအရာနှင့်စပ်လျဉ်းပြီး မဲရုံအဖွဲ့ဝင်များနှင့်လည်း ဆွေးနွေးတိုင်ပင်ခွင့်ရှိသည်။ မဲရုံမှူးမှ အဆိုပါဖြစ်စဉ်နှင့် ဆုံးဖြတ်ချက်ကို **နောက်ဆက်တွဲ (ယ)** တွင် မှတ်တမ်း တင်ရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာမဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများကို အသိပေးရမည်။

မဲစာရင်းစစ်ဆေးသူသည် မဲဆန္ဒရှင် တစ်ဦး၏အမည်မှာ မဲစာရင်းပေါ်တွင် မှတ်သားထားသော်လည်း အဆိုပါ မဲဆန္ဒရှင်၏ လက်/လက်ချောင်းတွင် မင်တို့ထားသော အမှတ်အသား မရှိပါက မဲရုံမှူးကို အကြောင်းကြားရပါမည်။ ထိုအခါမဲရုံမှူးမှ အဆိုပါဖြစ်ရပ်သည် တစ်ဦးတစ်ယောက်၏ ရိုးသားစွာ မှားယွင်းမှုကြောင့် မဲစာရင်းတွင် မှတ်သားထားမိခြင်း သို့မဟုတ်အခြားမဲဆန္ဒရှင်မှ နေရာမှား၍

လက်မှတ်ထိုးထားခြင်း ဟုတ်/မဟုတ်ကို ဆုံးဖြတ်ရပါမည်။ ဤအခြေအနေတွင် မဲရုံမှူးသည် အဆိုပါ မဲဆန္ဒရှင်ကို ဆန္ဒမဲပေးပြီး/မပြီး မေးမြန်းရပါမည်။ အခြားသောလွှတ်တော် မဲစာရင်းများတွင် လည်း မှားယွင်းမှတ်သားထားခြင်းရှိ/မရှိ မေးမြန်းစစ်ဆေးရမည်။ အခြားသောမဲရုံအဖွဲ့ဝင်များမှ အဆိုပါ မဲဆန္ဒရှင် မဲပေးပြီးခြင်း ရှိ/မရှိကို မေးမြန်းရမည်။ မဲရုံမှူးမှအဆိုပါ ဖြစ်စဉ်နှင့် ဆုံးဖြတ်ချက်ကို **နောက်ဆက်တွဲ (ဃ)** တွင် မှတ်တမ်းတင်ပြီး၊ သက်ဆိုင်ရာ မဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများ ကို အသိပေးရမည်။

## ၆.၂ သတင်းရယူခြင်း

သတင်းဌာနမှကိုယ်စားလှယ်များ (သို့မဟုတ်) သတင်းထောက်များသည် အောက်ဖော်ပြပါအတိုင်း သတင်းရယူနိုင်ပါသည်။

(က) ဆန္ဒမဲပေးနေစဉ် မဲရုံတည်ရှိရာနေရာ (မဲရုံနှင့်အနီးတဝိုက်နေရာများ) သို့ သွားလာခွင့် နှင့်

(ခ) ဆန္ဒမဲများကို ရေတွက်နေစဉ် မဲရုံသို့ ဝင်ရောက်လေ့လာ၊ သတင်းရယူခွင့်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းမီဒီယာများအတွက် မဲရုံအတွင်းနှင့် မဲရုံအနီး ပတ်ဝန်းကျင်၌ရှိစဉ် ဖြတ်သန်းသွားလာရန် သက်သေခံကတ်ပြားများကိုဖြန့်ဝေထားပါသည်။



မြန်မာသတင်းမီဒီယာများကျင့်ဝတ်ကို လက်မှတ်ထိုးပြီးသော သတင်းဌာနမှကိုယ်စားလှယ်များ (သို့မဟုတ်)သတင်းထောက်များကို မဲရုံအတွင်းဝင်ရောက်ခွင့်ပြုမည်။ သို့မှသာ ဒီမိုကရေစီ ရွေးကောက်ပွဲ ဖြစ်စဉ် သတင်းယူနေသော မီဒီယာသမားများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ တာဝန်နှင့် ဝတ္တရားများ အပြန်အလှန်အကျိုးပြု မည်ဖြစ်ပါသည်။






**မှတ်ချက်**

မဲရုံတွင် မဲပေးနေစဉ်အတွင်း အသံ (သို့မဟုတ်) ရုပ်သံမှတ်တမ်းများရယူခြင်းကို မည်သည့်အချိန် မဆိုဆောင်ရွက်ရန် ခွင့်မပြုပါ။



## ၆.၃။ တာဝန်အသီးသီးခွဲဝေချထားခြင်း (လေ့ကျင့်ခန်း)

| | | က | ခ | ဂ | ဃ | င | စ |
|---|---|---|---|---|---|---|---|
| အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာတာဝန်ရှိသူနေရာတွင် အမှန်ခြစ်ပါ။ | |  |  |  |  |  |  |
| | | မဲရုံမှူး | ဒုမဲရုံမှူး | မဲစာရင်း စစ်ဆေးသူ | ဆန္ဒမဲ လက်မှတ် ထုတ်ပေးသူ | မင်တို့ ပေးသူ | လုံခြုံရေး |
| ၁။ | သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်ပေးအပ်လွှာကို ရယူထားရန်။ | | | | | | |
| ၂။ | မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ စည်းကမ်းစနစ်တကျ ဝင်/ထွက် နိုင်ရေးနှင့် သတ်မှတ်ချိန် အတွင်း မဲပေးခြင်း ပြီးစီး နိုင်ရေးအတွက် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ရန်။ | | | | | | |
| ၃။ | မဲရုံအတွင်းသို့ မဲပေးရန် လာသော မဲဆန္ဒရှင်များ မင်တို့ပြီး/မပြီး စစ်ဆေးရန်။ | | | | | | |
| ၄။ | ဆန္ဒမဲလက်မှတ်စာအုပ်များအလိုက် အတွင်းလက်ခံ ဖြတ်ပိုင်းရှိ အမှတ်စဉ်များကို စာအုပ်တစ်အုပ်စီ အတွက် အစမှအဆုံး ရေးမှတ်ပေးရန်။ | | | | | | |
| ၅။ | မဲဆန္ဒရှင် ဆန္ဒပြုမည့် အမှန်( ✔ ) အမှတ်အသားပါ တံဆိပ်တုံးများ ပြည့်စုံလုံလောက်မှု ရှိ/မရှိ စစ်ဆေး၍ ဆန္ဒပြုခန်း ရှိသလောက် အပိုဆောင်း၍ တောင်းခံရယူထားရန်။ | | | | | | |
| ၆။ | ဆန္ဒမဲလက်မှတ်နှင့် စပ်လျဉ်းသည့် မသမာမှုပြုလုပ်ရန် ပြုမူဆောင်ရွက်ချက်အားလုံးကို စောင့်ကြပ်ကြည့်ရှုရန်။ | | | | | | |
| ၇။ | မဲပေးပြီးသူသည် လက်သန်းမရှိပါက လက်ချောင်း တစ်ချောင်းကို မင်အိုးထဲသို့ နှစ်၍ မင်တို့ပေးရန်။ | | | | | | |
| ၈။ | ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများ စာရင်းကို မဲစာရင်းများတွင် မှတ်သားပြီး/မပြီး စစ်ဆေးရန်။ | | | | | | |
| ၉။ | မဲရုံထဲသို့ဝင်ခွင့်ရှိသော ပုဂ္ဂိုလ်များအား သတ်မှတ်ထားသည့်အတိုင်း နေရာချထားရန်။ | | | | | | |
| ၁၀။ | မဲရုံအတွက် လိုအပ်သည့် ပစ္စည်းများ ရရှိရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက်(သို့)ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့် ညှိနှိုင်းရယူထားရန်။ | | | | | | |

အဖြေမှန် – ၁။(က) ၂။(စ) ၃။(စ) ၄။(ခ) ၅။(က) ၆။(ခစ) ၇။(င) ၈။(ကဂ) ၉။(ခ) ၁၀။(ကခ)

| | | က | ခ | ဂ | ဃ | င | စ |
|---|---|---|---|---|---|---|---|
| အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာ တာဝန်ရှိသူနေရာတွင် အမှန်ခြစ် ပါ။ | |  |  |  |  |  |  |
| | | မဲရုံမှူး | ဒုမဲရုံမှူး | မဲစာရင်း စစ်ဆေးသူ | ဆန္ဒမဲ လက်မှတ် ထုတ်ပေးသူ | မင်တို့ ပေးသူ | လုံခြုံရေး |
| ၁၁။ | မိမိရယူထားသော ဆန္ဒမဲလက်မှတ် စာအုပ်အမျိုးအစား နှင့် အရေအတွက် တို့ကိုမဲရုံအဖွဲ့ဝင် များ၏ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ(၁၁) ဖြင့် မှတ်တမ်း တင်ထားရန်။ | | | | | | |
| ၁၂။ | မဲရုံပိတ်သည့်အခါ လက်ကျန်ဆန္ဒမဲ လက်မှတ်များကို စိစစ်၍ မဲရုံမှူးထံ အမြန်ပေးအပ်ရန်။ | | | | | | |
| ၁၃။ | မဲရုံပိတ်သည့်အခါ မဲစာရင်းကို စိစစ်၍ နောက်ဆက်တွဲ ပုံစံ(၁)ဖြင့် မှတ်တမ်းတင်ကာ မဲရုံမှူးထံသို့ အပ်နှံရန်။ | | | | | | |
| ၁၄။ | မဲဆန္ဒရှင်များ စနစ်တကျတန်းစီ၍ မဲရုံအတွင်းသို့ ဝင်စေရေး စီမံခန့်ခွဲရန်။ | | | | | | |
| ၁၅။ | စာမတတ်သော မဲဆန္ဒရှင်များ လက်ဗွေ နှိပ်ရန် မင်ခံ ခွက်နှင့် လက်သုတ်ရန် အဝတ်ထားရှိရန်။ | | | | | | |
| ၁၆။ | ဆန္ဒမဲလက်မှတ်တောင်းဆိုသူ စာမရေး တတ် လျှင် လက်ဝဲလက်မ လက်ဗွေနှိပ် စေရန်၊ လိုက်နာခြင်း မပြုလျှင် ပုံစံ(၁၄)ဖြင့် မှတ်တမ်းတင်ပြီး ထိုသူအား မဲပေးခွင့်မပြုရန်။ | | | | | | |
| ၁၇။ | မဲဆန္ဒရှင် သက်သေခံလက်မှတ် ကို မဲစာရင်းနှင့်တိုက်၍ စစ်ဆေးရန်။ | | | | | | |
| ၁၈။ | ဆန္ဒမဲလက်မှတ်စာအုပ်များတွင် ရွက်ရေ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ နှင့် မဲရုံမှူး လက်မှတ်ရေးထိုး ထားခြင်း ရှိ/မရှိ စစ်ဆေးရန်။ | | | | | | |
| ၁၉။ | မိမိနာရီကို မြန်မာစံတော်ချိန်နှင့် အချိန် ညှိထားရန်။ | | | | | | |
| ၂၀။ | သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ၊ မသန်စွမ်း သူများနှင့် စာမတတ်သူများမဲရုံသို့ လာရောက် မဲပေးရာ တွင် အကူအညီပေးရန်။ | | | | | | |

အဖြေမှန် – ၁၁။(က) ၁၂။(ဃ) ၁၃။(ဂ) ၁၄။(င) ၁၅။(ခ) ၁၆။(က) ၁၇။(ဂ) ၁၈။(ဃ) ၁၉။(ခ၊စ) ၂၀။(ခ၊စ)

| | အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာတာဝန်ရှိသူနေရာတွင် အမှန်ခြစ်ပါ။ | က  | ခ  | ဂ  | ဃ  | င  | စ  |
|---|---|---|---|---|---|---|---|
| | | မဲရုံမှူး | ဒုမဲရုံမှူး | မဲစာရင်း စစ်ဆေးသူ | ဆန္ဒမဲ လက်မှတ် ထုတ်ပေးသူ | မင်တို့ ပေးသူ | လုံခြုံရေး |
| ၂၁။ | နံနက် ၆ နာရီတိတိတွင် မဲရုံစတင် ဖွင့်လှစ်ကြောင်း ကြေညာရန်။ | | | | | | |
| ၂၂။ | ဆန္ဒမဲပေးခြင်းမတိုင်မီ၊ မဲပေးချိန်အတွင်း နှင့် မဲပေးပြီးသည့် အချိန်များ၌ မဲရုံနှင့် သက်ဆိုင်သောပစ္စည်း များအား ချွတ်ယွင်း ပျက်စီးပျောက်ဆုံးခြင်း မရှိစေရေး နှင့် လုံခြုံမှုရှိစေရေး ဆောင်ရွက်ရန်။ | | | | | | |
| ၂၃။ | ဆန္ဒမဲ စတင်ပေးသည့် အချိန်မှစ၍ ပြီးဆုံးချိန်အတွင်း ကော်မရှင်က သတ်မှတ်ထားသည့် မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်ရှိသူများမှအပ မည်သူမျှ မဲရုံထဲ သို့ မဝင်စေရန်။ | | | | | | |
| ၂၄။ | ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်း ကမ်းများနှင့် မညီညွတ်သော မည်သူ့ကို မဆို မဲရုံမှူး၏ ညွှန်ကြားချက်နှင့်အညီ မဲရုံမှ ဖယ်ရှား ရန်။ | | | | | | |
| ၂၅။ | မဲရုံကို ညနေ ၄ နာရီ တိတိ အချိန်တွင် ပိတ်ရမည် ဖြစ်ပြီး မဲရုံမပိတ်မီ မဲရုံပရိဝုဏ် အတွင်း၌ ဆန္ဒမဲမပေးရသေးသူ ရှိ/မရှိ စုံစမ်း၍ရှိပါက စာရင်းကောက်ယူပြီးလျှင် ထိုသူများအား ဆန္ဒမဲပေးချိန် ကျော်လွန် စေကာမူ ဆက်လက်ဆန္ဒမဲပေးခွင့်ပြုရန်။ | | | | | | |
| ၂၆။ | မဲရုံမဖွင့်မီ မဲရုံမှူးထံမှ မင်တို့ရန်လိုအပ် သည့် မင်အိုး စသည့် ပစ္စည်းများ ထုတ်ယူထားရန်။ | | | | | | |
| ၂၇။ | သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲ လက်မှတ် လာရောက် တောင်းဆို ကြောင်း စိစစ်တွေ့ရှိလျှင် မဲရုံမှူး ထံ ချက်ချင်း တင်ပြရန်။ | | | | | | |
| ၂၈။ | စွန်းထင်းနေသော သို့မဟုတ် စုတ်ပြဲနေ သောဆန္ဒမဲ လက်မှတ်များကိုထုတ်မပေးရန် နှင့်တွေ့ရှိပါက မဲရုံမှူးထံ ချက်ချင်းတင်ပြရန်။ | | | | | | |
| ၂၉။ | မဲရုံအဖွဲ့ဝင်များကို သတ်မှတ်ထားသော နေရာများ၌ နေရာချထားရန်။ | | | | | | |
| ၃၀။ | မဲပေးပြီး သူတိုင်း မင်တို့စေရေး ကြပ်မတ် ရန်။ | | | | | | |

(၁၉)။ဝ၄ (၉)။၃၂ (ဣ)။၆၂ (ပ)။၆၂ (၁)။၅၂ (ဃ)။၆၂ (ဓ)။၁၂ (ဃ)။၄၂ (ဓဃ)။၂၂ (ဃ)။၄၂ – နှုက်၅၁၉၉

| | | က | ခ | ဂ | ဃ | င | စ |
|---|---|---|---|---|---|---|---|
| အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာတာဝန်ရှိသူနေရာတွင် အမှန်ခြစ်ပါ။ | |  |  |  |  |  |  |
| | | မဲရုံမှူး | ဒုမဲရုံမှူး | မဲစာရင်း စစ်ဆေးသူ | ဆန္ဒမဲ လက်မှတ် ထုတ်ပေးသူ | မင်တို့ ပေးသူ | လုံခြုံရေး |
| ၃၁။ | မဲစာရင်းပါ စာမျက်နှာ အမှတ်စဉ်နှင့် ရွက်ရေပြည့်စုံ မှန်ကန်မှု ရှိ/မရှိ၊ မဲဆန္ဒရှင် အမှတ်စဉ်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရန်။ | | | | | | |
| ၃၂။ | ညနေ ၄ နာရီ မတိုင်မီ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူ အားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံကို သတ်မှတ်ထားသည့် အချိန်ထက်စော၍ ပိတ်ရန်၊ မဲရုံပိတ်ပါက မဲရုံပိတ်ကြောင်း ကြေညာရန်။ | | | | | | |
| ၃၃။ | မျက်မြင်သက်သေနှင့်ရွေးကောက်ပွဲလေ့လာသူများကို မဲရေတွက်ခြင်းလုပ်ငန်းစဉ်အကြောင်းရှင်းပြရန်။ | | | | | | |
| ၃၄။ | မဲပုံးများကို နံပါတ်စဉ်လိုက်ပါဝင်သော တစ်ခါသုံး လုံခြုံရေးပလတ်စတစ်ကြိုးများ ဖြင့် လေးဘက်စလုံး တင်းကျပ်စွာချည်ရန်။ | | | | | | |
| ၃၅။ | လုံခြုံရေးကြိုးနံပါတ်စဉ်များကို မှတ်သားရန်။ | | | | | | |
| ၃၆။ | ပျက်စီးသွားသောမဲလက်မှတ်များထည့်ထားသည့် စာအိတ်များမှ ပျက်စီးသွားသည့်မဲလက်မှတ်များ၏ အရေအတွက်ကိုထည့်သွင်းရေတွက်ရန်။ | | | | | | |
| ၃၇။ | ခိုင်လုံသည့် ဆန္ဒမဲလက်မှတ် ဖြစ်/မဖြစ် အဆုံးအဖြတ် ပေးရန်။ | | | | | | |
| ၃၈။ | မဲရေတွက်ခြင်းလုပ်ငန်းစဉ်ပြီးဆုံးလျှင်မဲရုံအတွင်း အရေးကြီးသောအသုံးအဆောင်ပစ္စည်းများအား စုစည်းထိန်းသိမ်း ရန်။ | | | | | | |
| ၃၉။ | မဲရေတွက်ရာတွင် မျက်မြင်သက်သေ များကို လက်မှတ် ရေးထိုးစေရန်။ | | | | | | |
| ၄၀ | မဲရေတွက်ပြီးနောက်ရရှိလာသည့် ရလဒ်များကို ပုံစံ (၁၆) နှင့် ပုံစံ (၁၆–က) ဖြင့် ကပ်ထား ကြေညာရန်။ | | | | | | |
| ၄၁ | မဲရုံအတွင်းဖြစ်ပွားသည့် ထူးခြားဖြစ်စဉ်များကို နောက်ဆက်တွဲ ပုံစံ (ဃ) ဖြစ်စဉ်မှတ်တမ်းတွင် မဖြစ်မနေ မှတ်တမ်းတွင်ရေးသွင်းရန်။ | | | | | | |
| ၄၂ | စောင့်ကြည့် လေ့လာသူများ၏ သိရှိ လိုသည့် အချက် များကိုဖြေကြားနိုင်သူ။ | | | | | | |



အဖြေမှန် – ၃၁။(က၊ဂ) ၃၂။(က) ၃၃။(က) ၃၄။(က) ၃၅။(က) ၃၆။(က) ၃၇။(က) ၃၈။(က) ၃၉။(က) ၄၀။(က) ၄၁။(က) ၄၂။(က)

### နောက်ဆက်တွဲပုံစံ (ခ)

## မဲရုံမှူးက မဲစာရင်းများကို မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ

| စဉ် | သက်ဆိုင်ရာလွှတ်တော် | မဲစာရင်းအရေအတွက် | | မဲစာရင်း လက်ခံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးအတွက်လွှတ်တော် ကိုယ်စားလှယ် | | | |

မဲရုံမှူးလက်မှတ် ---------------------------

မဲရုံအမှတ် ----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

Pollingbooth Guide 28.8.14

၂

## မဲစာရင်းစစ်ဆေးသူမှ မဲရုံမှူးသို့ မဲစာရင်းများကို ပြန်လည်အပ်နှံခြင်း

| စဉ် | သက်ဆိုင်ရာလွှတ်တော် | မဲစာရင်းအရေအတွက် | | မဲစာရင်း အပ်နှံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးအတွက်လွှတ်တော် ကိုယ်စားလှယ် | | | |

လက်ခံရရှိပါသည်။

မဲရုံမှူးလက်မှတ် ---------------------------
မဲရုံအမှတ် ---------------------------------
-------------------- ရပ်ကွက်/ကျေးရွာအုပ်စု
-------------------- မြို့နယ်

Pollingbooth Final

**နောက်ဆက်တွဲပုံစံ (ဂ)**

**မဲရုံမှူးက ဆန္ဒမဲလက်မှတ်စာအုပ်များကို ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ**

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ဆန္ဒမဲလက်မှတ် စာအုပ်အရေအတွက် | | ဆန္ဒမဲလက်မှတ် စာအုပ်လက်ခံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော် | | | |

မဲရုံမှူးလက်မှတ် ---------------------------

မဲရုံအမှတ် --------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

Pollingbooth Final

## ၂
## ဆန္ဒမဲလက်မှတ်ထုတ်ယူသည့် မဲရုံအဖွဲ့ဝင်များမှ မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ်စာအုပ်များကို ပြန်လည်အပ်နှံခြင်းပုံစံ

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ဆန္ဒမဲလက်မှတ် စာအုပ်အရေအတွက် | | ဆန္ဒမဲလက်မှတ် စာအုပ်အပ်နှံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော် | | | |

လက်ခံရရှိပါသည်။

မဲရုံမှူးလက်မှတ် ---------------------------
မဲရုံအမှတ် ---------------------------------
-------------------- ရပ်ကွက်/ကျေးရွာအုပ်စု
-------------------- မြို့နယ်

Pollingbooth Final

**နောက်ဆက်တွဲပုံစံ (ဃ)**

## ဖြစ်စဉ်မှတ်တမ်း

------------------------- လွှတ်တော်မဲဆန္ဒနယ်အမှတ် (    )

------------------------- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

------------------------- မြို့နယ်

ရွေးကောက်ပွဲကျင်းပသည့်နေ့ရက် -------------- မဲရုံအမှတ် ---------

| စဉ် | အချိန် | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|
| | | |

မှတ်ချက်။ ဖြစ်စဉ်မှတ်တမ်းတွင် ဆောင်ရွက်ချက် တစ်ခုစီအတွက် မှတ်တမ်းတင်ရေးသွင်းပြီးသည့် အခါတိုင်း မဲရုံမှူးနှင့် အတူ လိုက်ပါဆောင်ရွက်သော ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးရန်။

မဲရုံမှူးလက်မှတ် ----------------------

အမည် --------------------------------

Pollingbooth Final

**မဲရုံမှူးလက်စွဲပါ နောက်ဆက်တွဲ (င)**

## လုံခြုံရေးကြိုးများကို နံပါတ်စဉ်ဖြင့်မှတ်သားရန်

မဲရုံမှူးမှ ဆန္ဒမဲပုံးများ၏လုံခြုံရေးကြိုးများကို နံပါတ်စဉ်ဖြင့်မှတ်သားထားရန်ဖြစ်ပါသည်။
ယခု နောက်ဆက်တွဲသည် အသိသက်သေများ၏ ရှေ့တွင် မှတ်တမ်းပြုစုရန်ဖြစ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| မြို့နယ် | | | | | |
| ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲ | | | | | |
| မဲရုံအမှတ် | | | | | |
| မဲပုံးဖွင့်ခြင်း | လုံခြုံရေးကြိုး (၁) | လုံခြုံရေးကြိုး (၂) | လုံခြုံရေးကြိုး (၃) | လုံခြုံရေးကြိုး (၄) | မဲရုံမှူးမှ လုံခြုံရေး ကြိုးများကို စစ်ဆေးရန် |
| ပြည်သူ့ လွှတ်တော် ဆန္ဒမဲပုံး(၁) | | | | | |
| အမျိုးသား လွှတ်တော် ဆန္ဒမဲပုံး(၁) | | | | | |
| တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော် ဆန္ဒမဲပုံး(၁) | | | | | |
| တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် ဆန္ဒမဲပုံး(၁) | | | | | |
| *ဆန္ဒမဲပုံး အပိုရှိပါက အောက်တွင်ဖော်ပြပါ။* | | | | | |
| ............................ ........................... ဆန္ဒမဲပုံးနံပါတ် .............. | | | | | |

| | | | | | |
|---|---|---|---|---|---|
| ............................ ........................... ဆန္ဒမဲပုံးနံပါတ် .............. | | | | | |
| ............................ ........................... ဆန္ဒမဲပုံးနံပါတ် .............. | | | | | |
| ............................ ........................... ဆန္ဒမဲပုံးနံပါတ် .............. | | | | | |
| **မဲရုံမှူး** | အထက်ဖော်ပြပါ လုံခြုံရေးကြိုးများစာရင်းသည်မှန်ကန်ကြောင်းထောက်ခံအပ်ပါသည်။<br><br>လက်မှတ် .................................... နေ့စွဲ .......................................... | | | | |
| **အသိသက်သေ** | လက်မှတ် .................................... နေ့စွဲ .......................................... | | | | |

## မဲရုံရှိ ဆန္ဒမဲအရေအတွက်များ တွက်ချက် ဖြည့်သွင်းခြင်းဇယား

မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များမှ လွှတ်တော်တစ်ရပ်စီအတွက် ရရှိထားသော ဆန္ဒမဲများကို အောက်ပါဇယားအတိုင်း သီးသန့် တစ်စောင်စီ တွက်ချက် ဖြည့်စွက်ရန် ဖြစ်ပါသည်။ (မဲရုံမှူးလက်စွဲတွင် စုစုပေါင်းလေးစောင်ပါဝင်ပါသည်။)

**……………………………………………………လွှတ်တော်/တိုင်းရင်းသားလူမျိုး လွှတ်တော်**

(သက်ဆိုင်ရာလွှတ်တော် အမည်ကိုဖြည့်ပါ) (သက်ဆိုင်ရာလွှတ်တော်ကိုဝိုင်းပေးပါ)

| | | မဲလက်မှတ်များ အရေအတွက် |
|---|---|---|
| | **ပထမအဆင့်။ မဲလက်မှတ်များရရှိပြီးက တွက်ချက်ရန်** | |
| | **ရရှိထားသော ဆန္ဒမဲလက်မှတ်များ စုစုပေါင်း** | |
| **A** | ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှမဲရုံမှူးထံသို့ ပေးအပ်သော ဆန္ဒမဲလက်မှတ်များ (ပုံစံ ၁၁ - ခ) | |
| | **ဒုတိယအဆင့်။ မဲပေးခြင်းလုပ်ငန်းစဉ်အပြီး၊ မဲရေတွက်ရာတွင် ဖြည့်စွက်ရန်** | |
| | **အသုံးပြုထားသည့်ဆန္ဒမဲလက်မှတ်နှင့် အသုံးမပြုဘဲ ကျန်သည့်မဲလက်မှတ်စုစုပေါင်း** | |
| **B** | ရရှိထားသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း (ပုံစံ၁၁ မှ) | |
| **C** | အသုံးမပြုဘဲ ကျန်သည့် မဲလက်မှတ် စုစုပေါင်း (ပုံစံ ၁၆ - ၁) | |
| **D** | အသုံးပြုထားသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း (ဆိုလိုသည်မှာ မဲလက်မှတ်စာအုပ်မှ ဆုတ်ဖြဲပြီး ထုတ်ပေးလိုက်သည့် ပျက်စီး သော မဲလက်မှတ်များအပါအဝင် ဆန္ဒမဲ လက်မှတ်စုစုပေါင်း)။ **(B-C=D)** | |
| | **ပျက်စီးသွားသော မဲလက်မှတ်များ** | |
| **E** | ပျက်စီးသော မဲလက်မှတ်များ (မဲလက်မှတ်ထုတ်ပေးသူများမှ အပ်လာသော စာအိတ်များမှ ပျက်စီးသော မဲလက်မှတ် စုစုပေါင်းအရေအတွက်ဖြစ်ပါသည်။) | |
| | **ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်** | |
| **F** | မဲဆန္ဒရှင်များသို့ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်စုစုပေါင်း (အနုတ် ပျက်စီးသော ဆန္ဒမဲလက်မှတ်) **(D-E=F)** | |
| | **တတိယအဆင့်။ ပုံစံ ၁၆ နှင့် ၁၆ - က ကိုဖြည့်သွင်းရန် အတွက် တွက်ချက်ခြင်း** | |
| | **စုစုပေါင်း တွက်ချက်ခြင်း** | |
| **G** | မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် (ဆန္ဒမဲပုံးမှ ရရှိသော ပယ်မဲ နှင့်ခိုင်လုံမဲများ) | |
| **H** | ပျောက်မဲပေါင်း ကိုတွက်ရန်အတွက် (ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် - မဲရုံတွင် အမှန်တကယ် ပေးသည့် ဆန္ဒမဲအရေအတွက် **(F -G)= H**<br>အကယ်၍ တွက်ချက်မှု ဇယားသည် ထုတ်ပေးသည့်ဆန္ဒမဲ လက်မှတ် ညီမျှခြင်း မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် အရ သုည ဖြစ်နေပါက ပျောက်မဲပေါင်း သုည ဖြစ်ပါသည်။ (ပျောက်မဲမရှိပါ)။ အကယ်၍ ကိန်းဂဏန်း ထွက်လာပါက အဆိုပါ ကိန်းဂဏန်းသည် ပျောက်မဲ အရေအတွက် ဖြစ်ပါသည်။ | |

**မှတ်ချက်။** ။ ပျက်စီးသွားသော ဆန္ဒမဲလက်မှတ်ဆိုသည်မှာ မဲဆန္ဒရှင်မှ မတော်တဆ ထိခိုက်မိသဖြင့် စွန်းထင်းပျက်စီး သွားသော ဆန္ဒမဲလက်မှတ်ကိုဆန္ဒမဲလက်မှတ်ထုတ်ပေးသူအား ပြန်လည်ပေးအပ်သော ဆန္ဒမဲလက်မှတ် ဖြစ်သည်။ ထို့ကြောင့် (အသုံးပြုသော ဆန္ဒမဲလက်မှတ်များ - ပျက်စီးသော မဲလက်မှတ်များ = မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း)ဖြစ်သည်။

## မဲရုံရှိ ဆန္ဒမဲအရေအတွက်များ တွက်ချက် ဖြည့်သွင်းခြင်းဇယား

မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များမှ လွှတ်တော်တစ်ရပ်စီအတွက် ရရှိထားသော ဆန္ဒမဲများကို အောက်ပါဇယားအတိုင်း သီးသန့် တစ်စောင်စီ တွက်ချက် ဖြည့်စွက်ရန် ဖြစ်ပါသည်။ (မဲရုံမှူးလက်စွဲတွင် စုစုပေါင်းလေးစောင်ပါဝင်ပါသည်။)

........................................................လွှတ်တော်/တိုင်းရင်းသားလူမျိုး လွှတ်တော်

(သက်ဆိုင်ရာလွှတ်တော် အမည်ကိုဖြည့်ပါ) (သက်ဆိုင်ရာလွှတ်တော်ကိုဝိုင်းပေးပါ)

| | | မဲလက်မှတ်များ အရေအတွက် |
|---|---|---|
| | **ပထမအဆင့်။ မဲလက်မှတ်များရရှိပြီးက တွက်ချက်ရန်** | |
| | **ရရှိထားသော ဆန္ဒမဲလက်မှတ်များ စုစုပေါင်း** | |
| **A** | ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှမဲရုံမှူးထံသို့ ပေးအပ်သော ဆန္ဒမဲလက်မှတ်များ (ပုံစံ ၁၁ - ခ) | |
| | **ဒုတိယအဆင့်။ မဲပေးခြင်းလုပ်ငန်းစဉ်အပြီး၊ မဲရေတွက်ရာတွင် ဖြည့်စွက်ရန်** | |
| | **အသုံးပြုထားသည့်ဆန္ဒမဲလက်မှတ်နှင့် အသုံးမပြုဘဲ ကျန်သည့်မဲလက်မှတ်စုစုပေါင်း** | |
| **B** | ရရှိထားသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း ( ပုံစံ၁၁ မှ) | |
| **C** | အသုံးမပြုဘဲ ကျန်သည့် မဲလက်မှတ် စုစုပေါင်း (ပုံစံ ၁၆ - ၁) | |
| **D** | အသုံးပြုထားသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း ( ဆိုလိုသည်မှာ မဲလက်မှတ်စာအုပ်မှ ဆုတ်ဖြဲပြီး ထုတ်ပေးလိုက်သည့် ပျက်စီး သော မဲလက်မှတ်များအပါအဝင် ဆန္ဒမဲ လက်မှတ်စုစုပေါင်း)။ **(B-C=D)** | |
| | **ပျက်စီးသွားသော မဲလက်မှတ်များ** | |
| **E** | ပျက်စီးသော မဲလက်မှတ်များ (မဲလက်မှတ်ထုတ်ပေးသူများမှ အပ်လာသော စာအိတ်များမှ ပျက်စီးသော မဲလက်မှတ် စုစုပေါင်းအရေအတွက်ဖြစ်ပါသည်။) | |
| | **ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်** | |
| **F** | မဲဆန္ဒရှင်များသို့ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်စုစုပေါင်း (အနုတ် ပျက်စီးသော ဆန္ဒမဲလက်မှတ်) **(D-E=F)** | |
| | **တတိယအဆင့်။ ပုံစံ ၁၆ နှင့် ၁၆ - က ကိုဖြည့်သွင်းရန် အတွက် တွက်ချက်ခြင်း** | |
| | **စုစုပေါင်း တွက်ချက်ခြင်း** | |
| **G** | မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက်<br>( ဆန္ဒမဲပုံးမှ ရရှိသော ပယ်မဲ နှင့်ခိုင်လုံမဲများ) | |
| **H** | ပျောက်မဲပေါင်း ကိုတွက်ရန်အတွက် (ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် - မဲရုံတွင် အမှန်တကယ် ပေးသည့် ဆန္ဒမဲအရေအတွက် **(F -G)= H**<br>အကယ်၍ တွက်ချက်မှု ဇယားသည် ထုတ်ပေးသည့်ဆန္ဒမဲ လက်မှတ် ညီမျှခြင်း မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် အရ သုည ဖြစ်နေပါက ပျောက်မဲပေါင်း သုည ဖြစ်ပါသည်။ (ပျောက်မဲမရှိပါ)။ အကယ်၍ ကိန်းဂဏန်း ထွက်လာပါက အဆိုပါ ကိန်းဂဏန်းသည် ပျောက်မဲ အရေအတွက် ဖြစ်ပါသည်။ | |

**မှတ်ချက်။** ။ ပျက်စီးသွားသော ဆန္ဒမဲလက်မှတ်ဆိုသည်မှာ မဲဆန္ဒရှင်မှ မတော်တဆ ထိခိုက်မိသဖြင့် စွန်းထင်းပျက်စီး သွားသော ဆန္ဒမဲလက်မှတ်ကိုဆန္ဒမဲလက်မှတ်ထုတ်ပေးသူအား ပြန်လည်ပေးအပ်သော ဆန္ဒမဲလက်မှတ် ဖြစ်သည်။ ထို့ကြောင့် (အသုံးပြုသော ဆန္ဒမဲလက်မှတ်များ - ပျက်စီးသော မဲလက်မှတ်များ = မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း)ဖြစ်သည်။

## မဲရုံရှိ ဆန္ဒမဲအရေအတွက်များ တွက်ချက် ဖြည့်သွင်းခြင်းဇယား

မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များမှ လွှတ်တော်တစ်ရပ်စီအတွက် ရရှိထားသော ဆန္ဒမဲများကို အောက်ပါဇယားအတိုင်း သီးသန့် တစ်စောင်စီ တွက်ချက် ဖြည့်စွက်ရန် ဖြစ်ပါသည်။ (မဲရုံမှူးလက်စွဲတွင် စုစုပေါင်းလေးစောင်ပါဝင်ပါသည်။)

……………………………………………………လွှတ်တော်/တိုင်းရင်းသားလူမျိုး လွှတ်တော်

(သက်ဆိုင်ရာလွှတ်တော် အမည်ကိုဖြည့်ပါ) ( သက်ဆိုင်ရာလွှတ်တော်ကိုဝိုင်းပေးပါ)

| | | မဲလက်မှတ်များ အရေအတွက် |
|---|---|---|
| | **ပထမအဆင့်။ မဲလက်မှတ်များရရှိပြီးက တွက်ချက်ရန်** | |
| | **ရရှိထားသော ဆန္ဒမဲလက်မှတ်များ စုစုပေါင်း** | |
| **A** | ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှမဲရုံမှူးထံသို့ ပေးအပ်သော ဆန္ဒမဲလက်မှတ်များ (ပုံစံ ၁၁ - ခ) | |
| | **ဒုတိယအဆင့်။ မဲပေးခြင်းလုပ်ငန်းစဉ်အပြီး၊ မဲရေတွက်ရာတွင် ဖြည့်စွက်ရန်** | |
| | **အသုံးပြုထားသည့်ဆန္ဒမဲလက်မှတ်နှင့် အသုံးမပြုဘဲ ကျန်သည့်မဲလက်မှတ်စုစုပေါင်း** | |
| **B** | ရရှိထားသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း ( ပုံစံ၁၁ မှ) | |
| **C** | အသုံးမပြုဘဲ ကျန်သည့် မဲလက်မှတ် စုစုပေါင်း (ပုံစံ ၁၆ - ၁) | |
| **D** | အသုံးပြုထားသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း ( ဆိုလိုသည်မှာ မဲလက်မှတ်စာအုပ်မှ ဆုတ်ဖြဲပြီး ထုတ်ပေးလိုက်သည့် ပျက်စီး သော မဲလက်မှတ်များအပါအဝင် ဆန္ဒမဲ လက်မှတ်စုစုပေါင်း)။ **(B-C=D)** | |
| | **ပျက်စီးသွားသော မဲလက်မှတ်များ** | |
| **E** | ပျက်စီးသော မဲလက်မှတ်များ (မဲလက်မှတ်ထုတ်ပေးသူများမှ အပ်လာသော စာအိတ်များမှ ပျက်စီးသော မဲလက်မှတ် စုစုပေါင်းအရေအတွက်ဖြစ်ပါသည်။) | |
| | **ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်** | |
| **F** | မဲဆန္ဒရှင်များသို့ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်စုစုပေါင်း (အနုတ် ပျက်စီးသော ဆန္ဒမဲလက်မှတ်) **(D-E=F)** | |
| | **တတိယအဆင့်။ ပုံစံ ၁၆ နှင့် ၁၆ - က ကိုဖြည့်သွင်းရန် အတွက် တွက်ချက်ခြင်း** | |
| | **စုစုပေါင်း တွက်ချက်ခြင်း** | |
| **G** | မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် ( ဆန္ဒမဲပုံးမှ ရရှိသော ပယ်မဲ နှင့်ခိုင်လုံမဲများ) | |
| **H** | ပျောက်မဲပေါင်း ကိုတွက်ရန်အတွက် (ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် - မဲရုံတွင် အမှန်တကယ် ပေးသည့် ဆန္ဒမဲအရေအတွက် **(F -G)= H**<br>အကယ်၍ တွက်ချက်မှု ဇယားသည် ထုတ်ပေးသည့်ဆန္ဒမဲ လက်မှတ် ညီမျှခြင်း မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် အရ သုည ဖြစ်နေပါက ပျောက်မဲပေါင်း သုည ဖြစ်ပါသည်။ (ပျောက်မဲမရှိပါ)။ အကယ်၍ ကိန်းဂဏန်း ထွက်လာပါက အဆိုပါ ကိန်းဂဏန်းသည် ပျောက်မဲ အရေအတွက် ဖြစ်ပါသည်။ | |

**မှတ်ချက်။** ။ ပျက်စီးသွားသော ဆန္ဒမဲလက်မှတ်ဆိုသည်မှာ မဲဆန္ဒရှင်မှ မတော်တဆ ထိခိုက်မိသဖြင့် စွန်းထင်းပျက်စီး သွားသော ဆန္ဒမဲလက်မှတ်ကိုဆန္ဒမဲလက်မှတ်ထုတ်ပေးသူအား ပြန်လည်ပေးအပ်သော ဆန္ဒမဲလက်မှတ် ဖြစ်သည်။ ထို့ကြောင့် (အသုံးပြုသော ဆန္ဒမဲလက်မှတ်များ - ပျက်စီးသော မဲလက်မှတ်များ = မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း)ဖြစ်သည်။

## မဲရုံရှိ ဆန္ဒမဲအရေအတွက်များ တွက်ချက် ဖြည့်သွင်းခြင်းဇယား

မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များမှ လွှတ်တော်တစ်ရပ်စီအတွက် ရရှိထားသော ဆန္ဒမဲများကို အောက်ပါဇယားအတိုင်း သီးသန့် တစ်စောင်စီ တွက်ချက် ဖြည့်စွက်ရန် ဖြစ်ပါသည်။ (မဲရုံမှူးလက်စွဲတွင် စုစုပေါင်းလေးစောင်ပါဝင်ပါသည်။)

……………………………………………………လွှတ်တော်/တိုင်းရင်းသားလူမျိုး လွှတ်တော်

(သက်ဆိုင်ရာလွှတ်တော် အမည်ကိုဖြည့်ပါ) (သက်ဆိုင်ရာလွှတ်တော်ကိုဝိုင်းပေးပါ)

| | | မဲလက်မှတ်များ အရေအတွက် |
|---|---|---|
| | ပထမအဆင့်။ မဲလက်မှတ်များရရှိပြီးက တွက်ချက်ရန် | |
| | ရရှိထားသော ဆန္ဒမဲလက်မှတ်များ စုစုပေါင်း | |
| A | ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှမဲရုံမှူးထံသို့ ပေးအပ်သော ဆန္ဒမဲလက်မှတ်များ (ပုံစံ ၁၁ - ခ) | |
| | ဒုတိယအဆင့်။ မဲပေးခြင်းလုပ်ငန်းစဉ်အပြီး မဲရေတွက်ရာတွင် ဖြည့်စွက်ရန် | |
| | အသုံးပြုထားသည့်ဆန္ဒမဲလက်မှတ်နှင့် အသုံးမပြုဘဲ ကျန်သည့်မဲလက်မှတ်စုစုပေါင်း | |
| B | ရရှိထားသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း (ပုံစံ၁၁ မှ) | |
| C | အသုံးမပြုဘဲ ကျန်သည့် မဲလက်မှတ် စုစုပေါင်း (ပုံစံ ၁၆ - ၁) | |
| D | အသုံးပြုထားသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း ( ဆိုလိုသည်မှာ မဲလက်မှတ်စာအုပ်မှ ဆုတ်ဖြဲပြီး ထုတ်ပေးလိုက်သည့် ပျက်စီး သော မဲလက်မှတ်များအပါအဝင် ဆန္ဒမဲ လက်မှတ်စုစုပေါင်း)။ **(B-C=D)** | |
| | ပျက်စီးသွားသော မဲလက်မှတ်များ | |
| E | ပျက်စီးသော မဲလက်မှတ်များ (မဲလက်မှတ်ထုတ်ပေးသူများမှ အပ်လာသော စာအိတ်များမှ ပျက်စီးသော မဲလက်မှတ် စုစုပေါင်းအရေအတွက်ဖြစ်ပါသည်။) | |
| | ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ် | |
| F | မဲဆန္ဒရှင်များသို့ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်စုစုပေါင်း (အနုတ် ပျက်စီးသော ဆန္ဒမဲလက်မှတ်) **(D-E=F)** | |
| | တတိယအဆင့်။ ပုံစံ ၁၆ နှင့် ၁၆ - က ကိုဖြည့်သွင်းရန် အတွက် တွက်ချက်ခြင်း | |
| | စုစုပေါင်း တွက်ချက်ခြင်း | |
| G | မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် ( ဆန္ဒမဲပုံးမှ ရရှိသော ပယ်မဲ နှင့်ခိုင်လုံမဲများ) | |
| H | ပျောက်မဲပေါင်း ကိုတွက်ရန်အတွက် (ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် - မဲရုံတွင် အမှန်တကယ် ပေးသည့် ဆန္ဒမဲအရေအတွက် **(F -G)= H**<br>အကယ်၍ တွက်ချက်မှု ဇယားသည် ထုတ်ပေးသည့်ဆန္ဒမဲ လက်မှတ် ညီမျှခြင်း မဲရုံတွင် အမှန်တကယ်ပေးသည့် ဆန္ဒမဲအရေအတွက် အရ သုည ဖြစ်နေပါက ပျောက်မဲပေါင်း သုည ဖြစ်ပါသည်။ (ပျောက်မဲမရှိပါ)။ အကယ်၍ ကိန်းဂဏန်း ထွက်လာပါက အဆိုပါ ကိန်းဂဏန်းသည် ပျောက်မဲ အရေအတွက် ဖြစ်ပါသည်။ | |

**မှတ်ချက်။** ။ ပျက်စီးသွားသော ဆန္ဒမဲလက်မှတ်ဆိုသည်မှာ မဲဆန္ဒရှင်မှ မတော်တဆ ထိခိုက်မိသဖြင့် စွန်းထင်းပျက်စီး သွားသော ဆန္ဒမဲလက်မှတ်ကိုဆန္ဒမဲလက်မှတ်ထုတ်ပေးသူအား ပြန်လည်ပေးအပ်သော ဆန္ဒမဲလက်မှတ် ဖြစ်သည်။ ထို့ကြောင့် (အသုံးပြုသော ဆန္ဒမဲလက်မှတ်များ - ပျက်စီးသော မဲလက်မှတ်များ = မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်စုစုပေါင်း)ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်